# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။
သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။
ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို
မပြုခြင်းသည် ချမ်းသာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)**



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကနေဒါနှင့် ဆွီဒင်နိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုး၏ ဖိတ်ကြားချက်အရ ကနေဒါနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ ယင်းခရီးစဉ်အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရီဘန် အာလင်းနှင့် ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့၏ ဖိတ်ကြားချက်များအရ ဆွီဒင်နိုင်ငံသို့လည်း တရားဝင်ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# အင်းတော်ကြီးဒေသအတွင်း တရားမဝင်ရွှေတူးဖော်ခြင်းများကို အရေးယူဆောင်ရွက်ခဲ့



**နေပြည်တော် မေ ၃၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခုနှင့် အဆိုတစ်ခုဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၏ **အင်းတော်ကြီးအိုင် ပတ်ဝန်းကျင်အတွင်း ရွှေတူးဖော်ထုတ်လုပ်နေမှုအား မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အင်းတော်ကြီးအိုင် ပတ်ဝန်းကျင်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ရန် တရားဝင်ခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် ရွှေသတ္တုတူးဖော်နေကြောင်း သတင်းရရှိပါက လုံခြုံရေးအခြေအနေအပေါ်မူတည်၍ ပူးပေါင်းအဖွဲ့များဖြင့် သွားရောက်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။


*စာမျက်နှာ ၇ ကော်လံ ၁* ✻


**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်လာသော ကိုယ်စားလှယ်များကို တွေ့ရစဉ်**
(သတင်းစဉ်)

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် မေ ၃၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၆ ဒသမ ၁၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၇၅လက်မ၊ ရန်ကုန်မြောက်ဒဂုံတွင် ၄ ဒသမ ၃၃လက်မ၊ အမ်းမြို့တွင် ၄ ဒသမ ၁၈ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ပလက်ဝမြို့နှင့် ဖလမ်းမြို့တို့တွင် ၃ ဒသမ ၃၉ လက်မစီ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၃ ဒသမ ၀၇ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၂ ဒသမ ၈၀လက်မ၊ လှည်းကူးမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ဟားခါးမြို့နှင့် ရန်ကုန်(မြို့လယ်)တို့တွင် ၂ ဒသမ ၆၄ လက်မစီတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

**ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းတချို့ ပျက်စီးခဲ့သော်လည်း ကျောင်းဖွင့်နိုင်ရန် စီစဉ်ထား** စာ - ၄





**ရေကြီးရေလျှံမှုများအပြီး သီရိလင်္ကာ၌ ကျန်းမာရေးဆိုင်ရာ စိုးရိမ်ဖွယ် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်** စာ - ၁၀


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# လူထုအစိုးရသစ်၏ ယုံကြည်ချက်အားမာန်

လူ့သမိုင်းဖြစ်စဉ်ကိုသုံးသပ်ပါက ရှေ့သို့တစ်ဆင့်တက် အောင်မြင်မှုရရှိနိုင်ရန် ယုံကြည်ချက်ကိုသာအားပြု၍ ကြိုးပမ်းဆောင်ရွက်ကြရသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနာဂတ်သည် အာမခံချက်ပေးထားသော အရာမဟုတ်၊ ယုံကြည်ချက်၏ ပဲ့ကိုင်မှုဖြင့်သာ အကောင်အထည်ဖော်ရသည့် ကြိုးပမ်းမှုတို့၏ အသီးအပွင့်ဖြစ်ပါသည်။ အနာဂတ်ကို ပုံဖော်ထုဆစ်ရာ၌ မမျှော်လင့်သော အချိုးအကွေ့များ၊ အန္တရာယ်များ၊ ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများတို့ကို မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါသည်။ ဤသို့သောအရာများကို တွန့်ဆုတ်နေပါက လူ့သမိုင်း၏ တိုးတက်မှုတို့ ရပ်တန့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်ကို သုံးသပ်ပါက ဤသဘောကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ နှစ်ပေါင်း(၇၀) နီးပါး ကြာမြင့်ပြီဖြစ်သော မငြိမ်းချမ်းခဲ့သည့် အတိတ်သမိုင်းကို သုံးသပ်ပါက ပထဝီဝင်အနေအထား၊ တိုင်းရင်းသားလူမျိုးစုတို့ အခြေအနေနှင့် မတူကွဲပြားသော အတိတ်သမိုင်းတို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမျိုးမျိုးသော သဘောထားအမြင်တို့ရှိကြပါသည်။ သို့သော် မြန်မာလူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးစုအားလုံးက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးဟူသော ပင်မရည်မှန်းချက်အပေါ် တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီကြပါသည်။ ဤသည်မှာ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ခိုင်မာသောအုတ်မြစ်ကို ချမှတ်ပေးထားခြင်းဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ (ဒုတိယအစည်းအဝေး) မကျင်းပမီအကြိုကာလ၌ မအောင်မြင်နိုင်ဟူသော ဝေဖန်ထိုးနှက်မှုများရှိခဲ့သည်ကို သတိပြုမိကြမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကို သုံးသပ်ကြည့်ပါက မည်သည့်နိုင်ငံ၌မဆို အခက်အခဲများ ပြွမ်းတီးနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤသဘောတရားနှင့်အညီ (၂၁) ရာစု ပင်လုံ (ဒုတိယအစည်းအဝေး) ၌ ပြည်နယ်တို့၏ ခွဲထွက်ပိုင်ခွင့်သည် ဘုံသဘောတူညီချက်မရရှိခဲ့သော အငြင်းပွားစရာအချက်အဖြစ် ပေါ်ထွက်ခဲ့ပါသည်။ သို့သော် (၂၁) ရာစု ပင်လုံ (ဒုတိယ အစည်းအဝေး)သည် အောင်မြင်မှုကင်းမဲ့သော ညီလာခံမဟုတ်ပါ။ (၂၁) ရာစု ပင်လုံ (ဒုတိယအစည်းအဝေး) ၌ နိုင်ငံရေးကဏ္ဍ ၂၁ချက်၊ စီးပွားရေးကဏ္ဍ ၁၀ ချက်နှင့် လူမှုရေးကဏ္ဍ ၄ ချက်အပါအဝင် မြေယာ၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ၆ ချက်တို့ကို ဆွေးနွေးခဲ့သည့်အနက် ၃၇ ချက်အား သဘောတူညီမှုရရှိနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဤသဘောတူညီချက်တို့ကို ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်းများအဖြစ် လက်မှတ်ရေးထိုးခဲ့သည်ကို သိရှိတွေ့မြင်ပြီးဖြစ်ပါသည်။ ဤအချက်က လူထု အစိုးရသစ်၏ မြဲမြံသောယုံကြည်ချက်ကို မီးမောင်းထိုး ဖော်ပြခဲ့ခြင်းဖြစ်၍ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် အားထားယုံကြည်ကိုးစားနိုင်သော မျှော်လင့်ချက်တို့ရှိနေကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ဆိပ်ဖြူ၌ မိုးသီးနှံဘဏ်ချေးငွေများ ထုတ်ပေး

**ဆိပ်ဖြူ မေ ၃၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၇ မိုးသီးနှံ ဘဏ်ချေးငွေများကို မေ ၂၃ ရက်က စတင်ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါချေးငွေများကို ကျေးရွာ ၃၆ အုပ်စုရှိ တောင်သူဦးရေ ၄၃၀၀ သို့ စပါးဧက ၇၅၀၀၊ အခြားသီးနှံ ၁၆၀၀၀ အတွက် ငွေကျပ် သိန်း ၁၉၂၅၀ ထုတ်ချေးသွားရန် ခန့်မှန်းထားကာ ဇူလိုင်လအတွင်း အပြီးထုတ်ချေးပေးသွားမည်ဖြစ်ပြီး စပါးဧက ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧက ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၀ လျှင် တစ်နှစ်အတိုး ၈ ရာခိုင်နှုန်း၊ တစ်လလျှင် ၆၇ ပြားနှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ထောက်ကြန့်အလုပ်ရုံခွဲကို နှစ်ရှည်ငှားရမ်းရေးစာချုပ် လက်မှတ်ရေးထိုး



**နေပြည်တော် မေ ၃၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မေ ၃၀ရက်က စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ထောက်ကြန့်အလုပ်ရုံခွဲအား Myanmar Trade Center Co., Ltd. နှင့် နှစ်ရှည်ငှားရမ်းရေးစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံခွဲငှားရမ်းရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကံချွန်နှင့် Myanmar Trade Center Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာ ကျော်ကျော်အောင်တို့က ထောက်ကြန့်အလုပ်ရုံခွဲနှစ်ရှည်ငှားရမ်းမှုစာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ထုတ်လုပ်မည့် Daewoo Bus နှင့် Mini Bus များ၏ Styling & Modelling သည် ဥရောပဒီဇိုင်းအားအခြေခံ၍ ထုတ်လုပ်ထားကြောင်းသိရသည်။ ခရီးသည်တင် Bus BS-106 Model ကို 290HP, CNG Engine, Emission Standard (Euro-4)နှင့် 300HP, Diesel Engine, Emission Standard (Euro-3) အမျိုးအစားနှစ်မျိုးနှင့် School Bus အဖြစ်အဓိက အသုံးပြုနိုင်မည့် ၂၉ ဦးစီး Lestar Mini Bus, 170HP, Diesel Engine, Emission Stan-dard (Euro-3) အမျိုးအစားတစ်မျိုးတို့ကို ဈေးကွက်လိုအပ်ချက်နှင့်အညီ တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ Bus နှင့် Mini Bus များ၏ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုတို့အတွက် ခေတ်မီကွန်ပျူတာဖြင့် ကြိုတင်စစ်ဆေးခြင်းများပြုလုပ်၍ စနစ်တကျ လက်တွေ့စမ်းသပ် စစ်ဆေးထုတ်လုပ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြောက်ကုန်းကျေးရွာတွင် နွေရာသီရေရှားပါးသည့်အတွက် စက်ရေတွင်းတူးဖော်ပေးရန်ဒေသခံများလိုလား

**ငါ့သရောက် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် မြောက်ကုန်းကျေးရွာတွင် နွေရာသီရေရှားပါးမှုဖြစ်စဉ်ကြောင့် စက်ရေတွင်းတူးဖော်ပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်းသိရသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၄၁၀၊ လူဦးရေ ၁၅၂၅ ရှိပြီး နွားအကောင်ရေ ၂၅၀ ၊ ဆိတ်ကောင်ရေ ၃၅၀ ရှိကာ နှစ်စဉ်နွေရာသီရောက်လျှင် ရေရှားပါးသည့်ပြဿနာနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

“ကျွန်တော်တို့ရွာမှာ စက်ရေတွင်းမရှိသေးဘူး။ အဲဒီတော့ နွေရာသီရောက်ရင် အမြဲတမ်းလိုလို ရေရှားမှုကြုံတွေ့နေရတယ်။ ရေတစ်ပုံးကို ငွေကျပ် ၁၀၀ ပေးဝယ်သောက်ရတယ်။ ရေတစ်စည်ကို ၁၂ ပုံးပဲဆံ့တော့ ရေတစ်စည်ကို ငွေကျပ် ၁၂၀၀ ပေးဝယ်သောက်ရတယ်” ဟု မြောက်ကုန်းရွာနေဒေသခံတစ်ဦးက ပြောသည်။

“အရင်ကတည်းက သုံးခဲ့တဲ့ ရေတွင်းတွေကလည်း ရေခန်းစပြနေပြီး အခုနောက်ပိုင်း မိုးပါးလာတော့ တွင်းတွေကလည်း ရေထွက်နည်းလာတယ်။ ဆောင်းရာသီကာလဆိုရင် လက်ယက်တွင်းလေးတွေက နည်းနည်းပါးပါး ခပ်လို့ရတယ်။ အခု နွေရာသီရောက်လာတော့ ရေကခန်းသွားတယ်။ ရေခန်းသွားတော့ ရေကခပ်လို့ မလွယ်တော့ဘူး။ ကျွန်တော်တို့ရွာမှာ အိမ်ခြေက များတယ်။ ရေတွင်း တစ်တွင်းလောက်နဲ့ အဆင်မပြေနိုင်ဘူး။ နှစ်တွင်းလောက်ဆိုရင် လုံလောက်မှုရှိနိုင်မယ်။ စက်ရေတွင်းကလည်း တစ်တွင်းကို ငွေကျပ်သိန်း ၂၀၀ နီးပါးလောက်ကုန်တော့ အလှူရှင်အချို့က မတတ်နိုင်ကြဘူး”ဟု မြောက်ကုန်းရွာနေ ဦးဖိုးထွေးက ပြောသည်။

ထိုသို့ ရေရှားပါးမှုဒဏ်ခံနေရသည့်



အတွက်ရေလှူဒါန်းလိုပါက လည်းကောင်း၊ စက်ရေတွင်း လှူဒါန်းလိုပါက လည်းကောင်း ဖုန်း- ၀၉၂၀၄၃၈၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၃၁-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၅ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၆ ・ ၇၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・ ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၉ ・ ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ・ ၅၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၃၁**

ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။





ထို့နောက် တက်ရောက်လာကြသည့် Central European University မှ Provost Prof Liviu Matei၊ Daw Aung San Su Kyi Trust Fund မှ Chief Trustee Dr.Michael Marett-Crosby၊ ရန်ကုန်တက္ကသိုလ် ပညာရေးမြှင့်တင်မှုကော်မတီ (Software Committee)ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်၊ ရန်ကုန်တက္ကသိုလ် အခြေခံ အဆောက်အအုံနှင့် ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရေး (Hardware Committee)ဥက္ကဋ္ဌ ဒေါက်တာညီလှငယ်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က ရန်ကုန်တက္ကသိုလ်၏အဆင့်အတန်း မြှင့်တင်နိုင်ရေးကိစ္စရပ်များအား အကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး ကော်မတီဝင်များ၊ Central European University မှ တာဝန်ရှိသူများနှင့် Daw Aung San Su Kyi Trust Fund မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မိုရာဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်ရှိ ဒေသအချို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၁**

မေ ၂၉ ရက်က တိုက်ခတ်ခဲ့သော မိုရာ (Mora) ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်ဒေသအချို့တွင် သစ်ပင်များပြိုလဲခြင်း၊ လူနေအိမ်များ ပြိုလဲပျက်စီးခြင်း၊ ဆေးရုံ၊ တက္ကသိုလ်နှင့် ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြိုကျခြင်း၊ အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။



ထို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေတက္ကသိုလ်၊ အမှတ် (၃၆)ရဲတပ်ရင်း၊ ဆတ်ရိုးကျရပ်ကွက်၊ ဘောဒှဖနှင့် သဲချောင်းကျေးရွာရှိ နေရပ်စွန့်ခွာနေထိုင်သူစခန်းများ၊ ရွှေပြားရပ်ကွက်၊ ကြီးတောရပ်ကွက်များရှိ လူနေအိမ်များ ပြိုလဲပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ပျက်စီးမှုစာရင်း အတိအကျရရှိပြီး ရပ်ကွက်များတွင် ပြည်သူများထံသို့ တိုက်ရိုက်ထောက်ပံ့မှုများ ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာဇေယျသိဒ္ဓိ အဓိဌာန်ကျောင်းနှင့် စိတ္တသုခကမ္မဌာန်းတိုက်များတွင် ခေတ္တနေထိုင်လျက်ရှိသော ပြည်သူများကို ကြည့်ရှုအားပေးပြီး လတ်တလော စားသုံးရန်အတွက် တစ်ပတ်စာရိက္ခာဖိုးငွေကို ထောက်ပံ့ပေးအပ်ကာ စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲခရိုင်များရှိ မြို့နယ် ၁၁ မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၃၄၆ ဒသမ ၆ သိန်းကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူသည်။ မိုရာဆိုင်ကလုန်းမုန်တိုင်းကြောင့် မောင်တောဒေသတွင်လည်း ပျက်စီးဆုံးရှုံးမှုများရှိပြီး အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေရပ်စွန့်ခွာနေထိုင်သူများ၏ စခန်းများတွင်လည်း ပျက်စီးမှုများကို စနစ်တကျစိစစ်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆောင်ရွက်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၂/၂၀၁၇)ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စုပေါင်းခန်းမ၌ မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုအပေါ် ပြည်သူများ၏မျှော်မှန်းချက်သည် ပိုမိုကြီးမားလာပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုကောင်းမွန်လာစေရေးနှင့် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှုရှိစေရေးအတွက် "စစ်ဆေးခြင်းဖြင့် ပြည့်အကျိုးဆောင်အံ့" ဆောင်ပုဒ်နှင့်အညီ ထိရောက်စွာ စစ်ဆေးဖော်ထုတ်နိုင်ခြင်းဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများအပေါ် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုများ ပိုမိုဖြစ်ပေါ်လာစေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ဆေးရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အပြင် စစ်ဆေးရေးလုပ်ငန်းများ၏ အရည်အသွေးများ ကြီးကြပ်ထိန်းချုပ်ကြရန်၊ စစ်ဆေးရေး လုပ်ငန်းများကိုလည်း ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်း၊ ဥပဒေစည်းမျဉ်းများလိုက်နာမှု စစ်ဆေးခြင်းအပြင် လုပ်ငန်းဆောင်တာ စစ်ဆေးခြင်းဟုခေါ်သည့် သုံးစွဲသည့်ငွေကြေးသည် တန်ရာတန်ကြေး ရမရစစ်ဆေးခြင်းတို့ကိုပါ လွတ်လပ်စွာ စစ်ဆေးရမည်ဖြစ်ပါကြောင်း၊ Professional Ethics များဖြစ်သည့် Integrity၊ Competence၊ Diligence၊ Confidentiality၊ Public Interests တို့ကို လိုက်နာကျင့်သုံးကြရန်နှင့် ယခုလုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင်လည်း တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် ကျော်လွှားဖြေရှင်းနိုင်မှုများ၊ စစ်ဆေးဖော်ထုတ်မှုများကိုလည်း အချင်းချင်း အတွေ့အကြုံဖလှယ်သုတများ မျှဝေဖလှယ် သွားကြရန် မှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- |
| (က)ဦးမြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ခ) ဦးအောင်စိုး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

## အငြိမ်းစားအကျိုးခံစားခွင့်များ စိစစ်တွက်ချက်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၃၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အငြိမ်းစားအကျိုးခံစားခွင့်များကို စိစစ်တွက်ချက်ခွင့်ပြုပေးလျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းများအငြိမ်းစားယူသည့်အချိန်၌ လုပ်သက်ဆုငွေနှင့် လစဉ်အငြိမ်းစားလစာအား အငြိမ်းစားယူသည့်လနှင့် တစ်ဆက်တည်း ခံစားခွင့်ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ ပင်စင်အမှုတွဲများ ပြည့်စုံမှန်ကန်စွာပြုစု၍ ပင်စင်ဦးစီးဌာနသို့ ပေးပို့ရန်လိုအပ်သည်။

ယင်းသို့ ပြည့်စုံမှန်ကန်သည့်ပင်စင်အမှုတွဲများ ပေးပို့နိုင်ရေးရည်ရွယ်၍ ပင်စင်အမှုတွဲများ လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအတွက် ပင်စင်အထောက်အကူပြုသင်တန်း အမှတ်စဉ် (၁/၂၀၁၇ ) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ် (၃၄)ရှိ အစည်းအဝေးခန်းမ၌ စတင်ကျင်းပဖွင့်လှစ်ပို့ချသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ရှိ ဌာနအဖွဲ့အစည်းများမှ သင်တန်းသားသင်တန်းသူ ၆၃ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ အမြန်ရရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရုံးခွဲများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပြီး ပင်စင်အထောက်အကူပြုသင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ **(မိုး/ဇလ)**

# လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များအားစုံစမ်းစစ်ဆေး၍ ဥပဒေနှင့်အညီအရေးယူသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်**
**(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)**

**"လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များအား စုံစမ်းစစ်ဆေး၍ ဥပဒေနှင့်အညီအရေးယူသွားမည်"**

၁။ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များ ထွက်ပေါ်လာခဲ့ပါက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေး၍ ချိုးဖောက်မှုများ အမှန်တကယ်တွေ့ရှိရပါက တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ပါသည်။

၂။ (၂၇-၅-၂၀၁၇) ရက်နေ့တွင် လူမှုကွန်ရက်၌ (၁၇)မိနစ် ကြာမြင့်သော ဗီဒီယိုဖိုင်တစ်ခု စတင်လွှင့်တင်ခဲ့ပြီး အဆိုပါဗီဒီယိုဖိုင်တွင် အရပ်ဝတ်(၄)ဦးကို စစ်ဝတ်စုံဝတ် အချို့က ကိုယ်ထိလက်ရောက် ပြုမူနေသည့် လုပ်ဆောင်ချက်များ ပါဝင်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ (၂၈-၅-၂၀၁၇)ရက်နေ့တွင် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းအချို့က သတင်းထုတ်ပြန်ချက်အချို့ ထုတ်ပြန်လာခဲ့ပါသည်။

၃။ ဤဖြစ်စဉ်နှင့်စပ်လျဉ်း၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ချိုးဖောက်မှုများကို တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# ဆိုင်ကလုန်းမုန်တိုင်းမိုရာ၏အရှိန်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေနှင့်ဘူးသီးတောင်တပ်နယ်တို့ကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း မိုရာ၏အရှိန်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ တပ်နယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် နယ်မြေခံတပ်အတွင်း ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ရောက်ရှိပြီး စစ်တွေမြို့အတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စစ်တွေမြို့ကျေးတောပိုက်ဆိပ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ (ကျေးတော-ခ)၌ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး မုန်တိုင်း၏အရှိန်ကြောင့် အမိုးများလန်ကျကာ ပျက်စီးလျက်ရှိသည့် စာသင်ဆောင်ကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး စစ်တွေတပ်နယ်၌ လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့် တပ်ရင်း၊ တပ်ဖွဲ့များအတွင်းရှိ အုပ်ချုပ်မှုအဆောက်အအုံများ၊ ရိပ်သာများ၊ အိမ်ထောင်သည် လိုင်းခန်းများ၏ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘူးသီးတောင်တပ်နယ်သို့ ရောက်ရှိပြီး ဘူးသီးတောင်တပ်နယ် အတွင်း ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး စစ်တွေမြို့အတွင်းရှိ မုန်တိုင်းအရှိန်ကြောင့် လဲကျပျက်စီးကာ လမ်းပိတ်ဆို့နေသည့် သစ်ပင်သစ်ကိုင်းများအား တပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အချောသပ်ဖယ်ရှားရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ၎င်းတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လေဘေးသင့်ဒေသများအတွက် လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်ခဲ့သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် စစ်တွေလေဆိပ်၌ လေဘေးသင့်တပ်မတော်သားများနှင့် ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် အိမ်မိုးသွပ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းတချို့ပျက်စီးခဲ့သော်လည်း ကျောင်းဖွင့်နိုင်ရန် စီစဉ်ထား

**မောင်တော မေ ၃၁**

မောင်တောမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းမိုရာတိုက်ခတ်မှုကြောင့် မြို့ပေါ်နှင့် ကျေးရွာများရှိ စာသင်ကျောင်းတချို့ပျက်စီးခဲ့သော်လည်း ဇွန် ၁ ရက်တွင် ကျောင်းဖွင့်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

"စာသင်ကျောင်းအများစုက တော်တော်လေး ပျက်စီးသွားပါတယ်။ အဓိက ပျက်စီးတာက ခေါင်မိုးပေါ့။ အမြန်ဆုံးပြုပြင်နိုင်အောင် ဆောင်ရွက်နေပါတယ်။ တချို့မိုးယိုတဲ့နေရာတွေကို ယာယီကာပြီး မိုးလုံအောင်လုပ်မယ်။ ချက်ချင်းပဲ ဒါကိုပြုပြင်မယ်။ မနက်ဖြန် ကျောင်းတက်ရက်ဖြစ်တဲ့အတွက်ကြောင့် မြို့ပေါ်နဲ့ ကျေးလက်ဒေသမှာရှိတဲ့ စာသင်ကျောင်းတွေ တစ်ပြိုင်နက်တည်း ကျောင်းဖွင့်နိုင်အောင် စီစဉ်ထားပြီးဖြစ်ပါတယ်။ ကလေးတွေရော ဆရာ ဆရာမတွေပါ အားလုံးပြောပြီးပါပြီ"ဟု ၎င်းကပြောသည်။

ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာသည် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဆိုင်ကလုန်းမုန်တိုင်းမိုရာတိုက်ခတ်မှုကြောင့် မောင်တောမြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် ပျက်စီးသွားသည့် စာသင်ကျောင်းများ၊ ဆေးရုံနှင့် ကျေးလက်ဆေးပေးခန်းများတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

"ဆေးရုံ၊ ဆေးခန်း တော်တော်များများကတော့ အပျက်အစီးနည်းပါတယ်။ ခေါင်မိုးလန်တာလောက်ပဲရှိတယ်။ အဲ့ဒီအတွက်လည်း ခေါင်မိုးအမြန်မိုးမယ်။ ဆေးကုသရေးလုပ်ငန်းတွေတော့ မပျက်အောင် ဆောင်ရွက်နေပါတယ်" ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

မုန်တိုင်းကြောင့်ပျက်စီးသွားသည့် စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ဘတ်ဂျက်အပြင် သဘာဝဘေးအန္တရာယ်ရန်ပုံငွေများဖြင့် ပြုပြင်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း ပြည်နယ်လူမှုရေးဝန်ကြီးက ပြောကြားသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွဋ်**



## ◆ ကျောဖုံးမှ

ကျားရိုင်း(ကျားဘုရင်)နှင့် ကရင်သွေး(ရိုးရာအားမာန်)၊ စိုးမိုးနိုင်(AMT)နှင့် သူရအောင်(ရိုးရာသွေး)၊ ဆန်းထွန်း (ရိုးရာအားမာန်)နှင့် ဘဝမ်း(နဂါးမာန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး လေးချီစိန်ခေါ်ပွဲများတွင် ချင်းလေး(အဖြူရောင်သွေးသစ်)နှင့် အဂ္ဂ(နဂါးမာန်)၊ ဒေါင်းသိန်(ဒေါင်းမြန်မာ)နှင့် မျိုးဇော်ထွန်း (ဇာတိမာန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ နောက်ဆုံး ငါးချီအထူးစိန်ခေါ်ပွဲတွင် တက်သစ်စ မျိုးဆက်သစ်လက်ဝှေ့ကျော်များဖြစ်သည့် ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်)နှင့် ဟံသာဝတီသား(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ပွဲစီစဉ်သူများနှင့် ပြည်တွင်းပြည်ပ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို တစ်နှစ်ပတ်လုံး လစဉ်မပြတ်ကျင်းပနိုင်ရန် ကြိုတင်မဲခွဲစီစဉ်ခဲ့သော်လည်း တချို့ပြည်တွင်းပွဲစီစဉ်သူများ၏ အခက်အခဲအချို့ကြောင့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ များမှာ မျှော်မှန်းထားသည့်အတိုင်း ဖြစ်ပေါ်လာမှုမရှိဘဲ အဆက်ပြတ်ခဲ့သည်။

ပြီးခဲ့သော နှစ်လအတွင်းတွင် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို အဖွဲ့ချုပ်အနေဖြင့် ကြိုတင်စီစဉ်ခဲ့သော်လည်း ပွဲစီစဉ်မှုမရှိဘဲ ပျက်ယွင်းခဲ့သဖြင့် ယခုကဲ့သို့ ဂျပန်နိုင်ငံ အကူအညီဖြင့် မျိုးဆက်သစ်ပွဲများကို ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများအတွက် အဆက်မပြတ်စေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

## ✻ ကျောဖုံးမှ

မြန်မာ့လက်ရွေးစင်အသင်းသည် မကာအိုအသင်းနှင့် အာရှဖလားခြေစစ်ပွဲအတွက် ရန်ကုန်မြို့၌ တစ်ရက်သာလေ့ကျင့်ခွင့်ရမည်ဖြစ်ပြီး စင်ကာပူနိုင်ငံ၌သာ အဓိက ပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအဖွင့်ပွဲတွင် အိန္ဒိယအသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်ရန် ဖိအားဝင်သွားခဲ့ရပြီး လက်ကျန်ပွဲများတွင် အမှားလုပ်၍မရတော့ပေ။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားမည့် စင်ကာပူ လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး ယခုလအတွင်း နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။ နီဂါတာအသင်းသည် စင်ကာပူလိဂ်တွင် လာရောက်ကစားနေသည့် ဂျပန်လူမျိုး အများစုဖြင့် ဖွဲ့စည်းထားပြီး ထိပ်တန်း အဆင့်ရှိသည့် အသင်းဖြစ်သည်။

# ကလေးစာပေပွဲတော်(တောင်ကြီး) ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**တောင်ကြီး မေ ၃၁**

ကလေးစာပေပွဲတော် (တောင်ကြီး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ ညနေ ၅ နာရီက တောင်ကြီးတက္ကသိုလ်တွင် စာပေပွဲတော် အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေး အကြိုပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်(တောင်ကြီး) ကို တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ဇွန် ၂ ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**






# နေပြည်တော် စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းဆောင်ရွက်မှုစနစ် စတင်အသုံးပြုခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃၁**

နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၏ ရုံးလုပ်ငန်းဆောင်ရွက်မှုစနစ် (e-Office စနစ်) စတင်အသုံးပြုခြင်း အခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းထိန်၊ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေ၊ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် နေပြည်တော်ကောင်စီနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး စိုင်းဆွန်စိုင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့တော်ဝန် ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး CCD Co.,Ltd မှ CTO ဦးအံ့ထူးနိုင်က e-Office စနစ် လုပ်ဆောင်မှုများကို ရှင်းလင်းတင်ပြခြင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့်ဝန်ထမ်းများက e-Office စနစ် လက်တွေ့အသုံးပြုမှုကို သရုပ်ပြရှင်းလင်းပြသခြင်း၊ ပြည်သူ့လွှတ်တော်၌ မြန်မာနိုင်ငံတွင် eGov စနစ်ဖြင့် အစိုးရ လုပ်ငန်းများဆောင်ရွက်ရန် အဆိုတင်သွင်းခဲ့သူ ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေက eGov ဆိုင်ရာလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးခွန်ဦးနှင့် Xeros ကုမ္ပဏီမှ ဦးနေလင်းတို့က e-Office စနစ်အား ဖြည့်စွက်အကြံပြု ဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းထိန်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ပင်လယ်ပြင်၌ လေပြင်းများကျပြီး လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ **(မိုး/ဇလ)**

# တောင်ကြီးကလေးစာပေပွဲတော် ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်မှုများစတင်ဆောင်ရွက်

**တောင်ကြီး မေ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်ကို ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် (ဘက်စုံခန်းမ) အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။ ကလေးစာပေပွဲတော် ကျင်းပမည့် တောင်ကြီး တက္ကသိုလ် (ဘက်စုံခန်းမ) အဆောက်အအုံ၌ သက်ဆိုင်ရာပြခန်းများအလိုက် ခင်းကျင်းပြသနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကလေးစာပေများ ခင်းကျင်းပြသနိုင်ရန်အတွက် စာအုပ်စင်များနှင့် ဆရာကြီးမင်းသုဝဏ်၏ စာပေမှတ်တမ်း၊ စာအုပ်များနှင့် ဓာတ်ပုံပြခန်းကို တက္ကသိုလ်ခန်းမထဲတွင် ပြသနိုင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။



ကလေးစာပေပွဲတော်ကျင်းပရန် တောင်ကြီးတက္ကသိုလ်အဆောက်အအုံအတွင်း ပြင်ဆင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့်ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ပြောကြားသည်။

ကလေးစာပေပွဲတော်ရက်များအတွင်း ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ကလေးများပျော်ရွှင်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများ အစရှိသည့် အစီအစဉ်များစွာကို ကျင်းပသွားမည်ဖြစ်သည့်အပြင် စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုပါ ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်ခွန်နွယ် (အင်းလေး)၊ ဆွေကြည်အေး၊ အင်းလေးသန္တာခင်၊ သုနောင်းအင်း(အင်းလေး)၊ ရဲဘော်မြသိန်း (ဟိုပုံး) နှင့် ခင်(တောင်ကြီး) တို့က ပွဲတော်ရက်များအတွင်း ဟောပြောသွားမည်ဖြစ်သည်။

ထို့ပြင် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် "ကလေးများဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ စာဖတ်ကျင့်ကို ပျိုးထောင်စို့"၊ "ကလေးများ ကိုယ်နှုတ် နှလုံး ယဉ်ကျေးလိမ္မာဖို့ စာဖတ်ရိုန် မြှင့်တင်စို့"၊ "ကလေးများဘဝမြှင့်မားဖို့ စာကြည့်တိုက်သော့တွေဖွင့်ကြစို့" စသည့် ခေါင်းစဉ်များဖြင့် ပွဲတော်ရက်များအတွင်း ဆွေးနွေးသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ဆွေးနွေးနိုင်ကြောင်း သိရှိရသည်။

ကလေးစာပေပွဲတော်ကြီးတွင် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ တာဝန်ရှိသူများက ပွဲတော်သို့လာရောက်သည့် ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသည့် မိဘပြည်သူများအား စာအုပ်စာစောင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန်အတွက် စာအုပ်ဆိုင်ပေါင်း ၆၀ ကို ခင်းကျင်းဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မင်းဟန်**



ကလေးစာပေပွဲတော်တွင် ခင်းကျင်းပြသရန် ပြင်ဆင်နေမှုကိုတွေ့ရစဉ်

# မြန်မာနိုင်ငံနှင့် Logistics Performance Index (LPI)

ဒေါက်တာမျိုးငြိမ်းအေး(ပို့ဆောင်ရေး)

**Logistics ဆိုသည်မှာ-**

Logistics ဆိုသည့် စကားရပ်အား အများအားဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်သည်ဟူ၍ အကြမ်းအားဖြင့် နားလည်သဘောပေါက်လေ့ရှိကြ သည်။ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် သုံးစွဲလျက်ရှိသည့် Logistics ဆိုသည့် စကားရပ်၏ အနက်အဓိပ္ပာယ် ကျယ်ပြန့်မှုမှာ ထို့ထက် ပိုမိုကျယ်ပြန့်ထိရောက်စွာ သုံးစွဲလျက်ရှိကြပါသည်။ ယေဘုယျအားဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုပါက လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းဆောင်တာတိုင်းအတွက် အစမှအဆုံးတိုင် အောင်မြင်စွာပြီးမြောက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များနှင့် အဆိုပါ လုပ်ငန်းစဉ်များကို ထောက်ပံ့/ ဖြည့်ဆည်းပေးရသည့် ကိစ္စရပ်များအားလုံးကို Logistics လုပ်ငန်းများဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။

**Logistics ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**

မြန်မာနိုင်ငံတွင် Logistics နှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုမှုကို **"ဘက်စုံပို့ဆောင်ရေးနည်းဥပဒေများ"**၏ ပုဒ်မ ၂ (ဈ)တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-

**ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှု (Logistics) ဆိုသည်မှာ "ကုန်ကြမ်းရှာဖွေမှုမှသည် ကုန်ချောအဆင့်အထိ ထုတ်လုပ်ရေး၊ ထားသိုရေး၊ ဖြန့်ဖြူးရေး၊ မြန်ဆန်သွက်လက်စွာ ကုန်စည်စီးဆင်းရေး၊ ကုန်တင်သွင်းရေး၊ တင်ပို့ရေးနှင့် ပြည်တွင်းပြည်ပရှိ စားသုံးသူများ၏ လိုအပ်ချက်နှင့်အညီ ၎င်းတို့ထံ အရောက်ပို့ဆောင်နိုင်ရေးတို့အတွက် သတင်းအချက်အလက်များရယူပြီး စရိတ်စကသက်သာစွာဖြင့် ကြီးကြပ်၍ ထိရောက်စွာအကောင်အထည်ဖော်ကာ စီမံချက်ချပြီး ခေတ်မီသိပ္ပံနည်းကျ လုပ်ကိုင်ဆောင်ရွက်ပေးသည့် နည်းလမ်း သို့မဟုတ် စနစ်ကို ဆိုသည်။"**

အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ Council of Logistics Management (CLM)အဖွဲ့မှ ၁၉၉၈ ခုနှစ်တွင် Logistics Management အား အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အပေါ်အခြေခံ၍ ပြုစုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ CLM မှ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ **"Logistics management is that part of the supply chain process that plans,implements, and controls the efficient, effective flow, and storage of goods, services, and related information from the point of origin to the point of consumption in order to meet customers' requirements "** ဟူ၍ ဖြစ်ပါသည်။

**Logistics Performance Index (LPI) အကြောင်း**

Logistics Performance Index(LPI)ဆိုသည်မှာ The World Bank Group မှ နိုင်ငံအလိုက် ကုန်သွယ်မှုဆိုင်ရာ Logistics လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများအပေါ် ရင်ဆိုင်ရာတွင် အထောက်အပံ့ဖြစ်စေရန်နှင့် ပိုမိုကောင်းမွန်သော စွမ်းဆောင်နိုင်မှုများ ဖြစ်ပေါ်တိုးတက်လာရန် ရည်ရွယ်ပြီး ကိန်းဂဏန်းစံနှုန်းတွက်ချက် တိုင်းတာဖော်ပြသည့် အမှတ်ပေးစနစ်ဖြစ်ပါသည်။

ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုတွင် အကောင်းဆုံး (Logistics Friendly)စွမ်းဆောင်နိုင်သည့် အခြေအနေအား ငါးမှတ်ပေးပြီး စွမ်းဆောင်နိုင်မှု အညံ့ဆုံး (Logistics Unfriendly) အခြေအနေအား တစ်မှတ်အဖြစ် သတ်မှတ်ပါသည်။

Logistics ကဏ္ဍ၏ ပါဝင်ပတ်သက်မှုမှာ နယ်ပယ်ကျယ်ဝန်းလှသည့်အပြင် နိုင်ငံအလိုက် ဆက်စပ်ကဏ္ဍအားလုံးကို အကဲဖြတ်ရန်ကိစ္စမှာ ကြီးစွာသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် LPI တိုင်းတာရန်အတွက် နိုင်ငံအလိုက် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုနှင့် ဆက်စပ်သက်ဆိုင်သည့် ကဏ္ဍခွဲခြောက်ခုတွင် စွမ်းဆောင်နိုင်မှုအတိုင်းအတာမည်မျှရှိသည်ကို အခြေခံ၍ နှိုင်းယှဉ်တိုင်းတာတွက်ချက်ခြင်းဖြစ်ပြီး အဆိုပါ ကဏ္ဍခွဲခြောက်ခုမှရရှိသည့် အမှတ်များကို ပေါင်းစည်းပြီး သက်ဆိုင်ရာနိုင်ငံ၏ LPI အမှတ်ကို တွက်ချက်ခြင်းဖြစ်ပါသည်။

| Year | LPI Rank | LPI Score | Customs | Infrastructure | International shipments | Logistics competence | Tracking & tracing | Timeliness |
|---|---|---|---|---|---|---|---|---|
| 2016 | 113 | 2.46 | 2.43 | 2.33 | 2.23 | 2.36 | 2.57 | 2.85 |
| 2014 | 145 | 2.25 | 1.97 | 2.14 | 2.14 | 2.07 | 2.36 | 2.83 |
| 2012 | 129 | 2.37 | 2.24 | 2.10 | 2.47 | 2.42 | 2.34 | 2.59 |
| 2010 | 133 | 2.33 | 1.94 | 1.92 | 2.37 | 2.01 | 2.36 | 3.29 |
| 2007 | 147 | 1.86 | 2.07 | 1.69 | 1.73 | 2.00 | 1.57 | 2.08 |

ဇယား(၁) မြန်မာနိုင်ငံ၏နှစ်အလိုက်ရရှိသည့် LPI အဆင့်နှင့် ကဏ္ဍအလိုက်အမှတ်ရရှိမှု

စစ်တမ်းကောက်ယူပြီး တိုင်းတာတွက်ချက်ရာတွင် ပါဝင်သည့် ကဏ္ဍခြောက်ခုနှင့် ၎င်းတို့၏ အတိုချုပ်ရှင်းလင်းချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **Custom (အကောက်ခွန် ရှင်းလင်းခြင်း ကဏ္ဍ)**- နိုင်ငံတကာကုန်သွယ်မှု၏ ဝင်ပေါက်/ထွက်ပေါက်များဖြစ်သည့် နယ်စပ်ဂိတ်၊ ဆိပ်ကမ်း၊ လေဆိပ် စသည်တို့တွင် အကောက်ခွန်ဆိုင်ရာ ရှင်းလင်းခြင်းကိစ္စရပ်များ ဆောင်ရွက်ရာ၌ မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုရှိခြင်း၊ လွယ်ကူခြင်း၊ အကောက်ခွန်လုပ်ထုံး/ လုပ်နည်းများသည် ရှင်းလင်း၍ နားလည်လွယ်ခြင်း စသည့်အချက်တို့အပေါ်တွင် တိုင်းတာ သတ်မှတ်ခြင်းဖြစ်ပါသည်။

(ခ) **Infrastructure (အခြေခံအဆောက်အအုံကဏ္ဍ)**- ကုန်သွယ်မှုနှင့် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတို့၏ အရည်အသွေးကောင်းမွန်မှု၊ ပြည့်စုံမှုအပေါ်တွင် တိုင်းတာခြင်း ဖြစ်ပါသည်။ (ဥပမာ ဆိပ်ကမ်းများ၊ မီးရထားလမ်းများ၊ ကားလမ်းများ၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာ အဆောက်အအုံများ စသည်)

(ဂ) **International shipments (နိုင်ငံတကာသို့ ကုန်ပစ္စည်း ပို့ဆောင်မှုကဏ္ဍ)**-နိုင်ငံတကာနှင့် ဆက်စပ်ပြီး ပို့ကုန်/သွင်းကုန်လုပ်ငန်း စီမံဆောင်ရွက်ရာတွင် ဈေးနှုန်းချိုသာအဆင်ပြေလွယ်ကူချောမွေ့မှုအပေါ်တွင် တိုင်းတာခြင်းဖြစ်ပါသည်။

(ဃ) **Logistics competence (ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်သူများ၏ ဝန်ဆောင်မှု အရည်အသွေးကဏ္ဍ)**- ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်မှုအတွက် ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးကောင်းမွန်မှုနှင့် နိုင်ငံတကာထောက်ပံ့ဖြည့်ဆည်းမှု လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိမှုအပေါ်တွင် တိုင်းတာခြင်း ဖြစ်ပါသည်။ (ဥပမာ-ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူများ၊ အကောက်ခွန်ရှင်းလင်းရေး ကိစ္စဆောင်ရွက်သူများ စသည်တို့၏ အရည်အသွေးကောင်းမွန်မှု)

(င) **Tracking and tracing (ပို့ဆောင်သည့်ကုန်စည်၏အခြေအနေကို သိရှိနိုင်မှုကဏ္ဍ)**- ကုန်စည်ပို့ဆောင်ရာတွင် အဆိုပါ ကုန်စည်မည်သည့်နေရာသို့ ရောက်နေသည်။ မည်သည့်အဆင့်သို့ ရောက်နေသည်ကို သိရှိနိုင်ခြင်းအပေါ် တွက်ချက်ခြင်း ဖြစ်ပါသည်။

(စ) **Timeliness (အချိန်မှန်ကန်စွာ ဆက်စပ်ဆောင်ရွက်နိုင်မှုကဏ္ဍ)**- ကုန်စည်ပို့ဆောင်ရာတွင် သတ်မှတ်တွက်ချက်ထားသည့် (သို့မဟုတ်) မျှော်မှန်းထားသည့် အချိန်အတိုင်း ရောက်ရှိခြင်း ရှိ/မရှိ အပေါ်တွင် မူတည်ပြီး တွက်ချက်ခြင်း ဖြစ်ပါသည်။

The World Bank အနေဖြင့် International Federation of Freight Forwarders Associations (FIATA)၊ the Global Express Association၊ the Global Facilitation Partnership for Transportation and Trade (GFPTT)နှင့် international logistics လုပ်ငန်း များ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီကြီး ၁၀ ခု၏ အကူ အညီဖြင့် the Logistics Performance Index (LPI) and indicators အစီရင်ခံစာကို ပထမဆုံးအကြိမ်အဖြစ် ၂၀၀၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ၂၀၀၇ ခုနှစ် အပါအဝင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ခုနှစ်တို့တွင် LPI တွက်ချက်မှု အစီရင်ခံစာများကို ထုတ်ဝေဆောင်ရွက်ခဲ့ပါသည်။


**မြန်မာနိုင်ငံ၏ LPI**

The World Bank ၏ ၂၀၀၇ခုနှစ်တွင် နိုင်ငံပေါင်း ၁၅၀ အား LPI တွက်ချက် ဆန်းစစ်ဖော်ပြခဲ့ရာ မြန်မာနိုင်ငံ၏ အဆင့်မှာ ၁၄၇ တွင် ရပ်တည်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် စစ်တမ်းအရ နိုင်ငံပေါင်း ၁၅၅နိုင်ငံတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၁၃၃အထိ တိုးတက်ရရှိခဲ့ပြီး ၂၀၁၂ ခုနှစ် စစ်တမ်းတွင် အဆင့် ၁၂၉ ဖြင့် ဆက်လက်တိုးတက်မှုအဖြေရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ် စစ်တမ်းဆောင်ရွက်ခဲ့ခြင်းတွင်မူ နိုင်ငံပေါင်း ၁၆၀ အထိ ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏အဆင့်မှာ ၁၄၅ သို့ ပြန်လည်ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ နောက်ဆုံးစစ်တမ်းဖြစ်သည့် ၂၀၁၆ ခုနှစ် Survey ကောက်ယူမှုအရ နိုင်ငံပေါင်း ၁၆၀ တွင် မြန်မာနိုင်ငံ၏အဆင့်မှာ ၁၁၃ သို့ ပြန်လည်တိုးတက်ရရှိခဲ့ပါသည်။ နှစ်အလိုက်ရရှိခဲ့သော မြန်မာနိုင်ငံ၏ LPI အဆင့်၊ LPI ရမှတ်နှင့် ကဏ္ဍခွဲ တစ်ခုချင်းစီအလိုက် ရရှိသည့် အမှတ်များကို ဇယား (၁)ဖြင့် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် စစ်တမ်းများအရ LPI rank နှင့် LPI score တို့မှာ သိသာထင်ရှားစွာ တိုးတက်ကောင်းမွန်လာသည်ကိုတွေ့ရပြီး အဆိုပါအဆင့်ထက် ပိုမိုကောင်းမွန်ရန်အတွက် Logistics ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရည်အသွေးပိုမိုတိုးတက်မြင့်မားအောင် ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

**LPI တွက်ချက်မှုတွင်ပါဝင်သော ကဏ္ဍအလိုက်သုံးသပ်ချက်**

LPI ရမှတ် တွက်ချက်နိုင်ရန်အတွက် စစ်တမ်းကောက်ယူဆောင်ရွက်လျက်ရှိသည့် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍခွဲခြောက်ခုအား မြန်မာနိုင်ငံ၏ အမှတ်ပေးအစီအစဉ်ရပ်တည်မှုအခြေအနေကို လေ့လာကြည့်ရှုပါက ၂၀၀၇ ခုနှစ်မှစပြီး ၂၀၁၆ ခုနှစ်အထိ LPI score(ရမှတ်)နှင့် ကဏ္ဍအလိုက် အမှတ်ရရှိမှုအား ပုံ(၂)တွင် တွေ့ရှိနိုင်မည်ဖြစ်ပါသည်။





ပုံ(၂) မြန်မာနိုင်ငံ၏ LPI score နှင့် ကဏ္ဍအလိုက် အမှတ်ရရှိမှုဂရပ်

LPI Score တွက်ချက်ရာတွင် အခြေခံသည့် ကဏ္ဍခြောက်ရပ် တိုးတက်ဖွံ့ဖြိုးပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း သုံးသပ်ရရှိပါသည်။

(က) **Custom** -အဆိုပါကဏ္ဍတွင် ဆိပ်ကမ်းများ၊ လေဆိပ်များနှင့် နယ်စပ်ဖြတ်ကျော်သည့် ဂိတ်များတွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ရှင်းရှင်းလင်းလင်းရှိခြင်း၊ လွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ခြင်းစသည့်အချက်များဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ နှစ်အလိုက်ရရှိသည့်အမှတ်များကို လေ့လာပါက လုပ်ငန်းလိုအပ်ချက်အရ ချမှတ်သည့် လုပ်ငန်းစဉ်မူဝါဒနှင့် မြေပြင်အခြေအနေတို့အရ တက်လိုက်၊ ကျလိုက်ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရပါသည်။

လက်ရှိ အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းအင်အားဖွဲ့စည်းပုံပြင်ဆင်ခြင်း၊ ပြင်ဆင်ခဲ့ပြီးသည့် အကောက်ခွန်ဥပဒေများနှင့် သက်ဆိုင်သည့်နည်းဥပဒေများအား ပြုစုရေးဆွဲလျက်ရှိခြင်း၊ နိုင်ငံတကာအဆင့်မီ အကောက်ခွန်ရှင်းလင်းရေးစနစ်ဖြစ်စေရန်အတွက် MACCS (Myanmar Automated Cargo Clearance System)အား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေသည့်အပြင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုလုံခြုံချောမွေ့စေရေးနှင့် လူမှုအဖွဲ့အစည်းကို အကာအကွယ်ပေးရေးအတွက် ကုန်သွယ်မှုအသိုင်းအဝိုင်းတွင် ပါဝင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောက်ခွန်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ပုံဖော်ဆောင်ရွက်လျက်ရှိသဖြင့် တစ်နှစ်ထက်တစ်နှစ် အကောက်ခွန်ရှင်းလင်းခြင်းဆိုင်ရာ လုပ်ငန်းများတိုးတက်လာမည်ဖြစ်ပြီး စစ်တမ်းရမှတ်အနေဖြင့်လည်း ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

(ခ) **Infrastructure**-ကုန်သွယ်မှုနှင့် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍကို လေ့လာပါက နှစ်စဉ်တိုးတက်လျက်ရှိသည့် သဘာဝကို တွေ့ရှိရပါသည်။ အခြေခံအဆောက်အအုံကဏ္ဍတွင် Hard Infrastructure ဖြစ်သည့်




ပုံ(၁) မြန်မာနိုင်ငံ၏နှစ်အလိုက်ရရှိသည့် LPI အဆင့်ပြပုံ

လမ်းများ၊ တံတားများ၊ ဆိပ်ကမ်းများ၊ လေဆိပ်အဆောက်အအုံများစသဖြင့် မြင်သာသည့်အပိုင်းအပြင်၊ Soft Infrastructure ဖြစ်သည့် ပို့ဆောင်ရေး/ကုန်သွယ်ရေးတို့နှင့် သက်ဆိုင်သည့် အကာအကွယ်ပေးနိုင်သည့် ဥပဒေများ/စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ စသည့်အပိုင်းများပါ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ဂ) **International shipmerits-** နိုင်ငံတကာပို့ကုန်/သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားနိုင်ငံများနည်းတူ ဈေးနှုန်းချိုသာအဆင်ပြေ လွယ်ကူချောမွေ့စေရန်အတွက် နိုင်ငံတကာ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းကြီးများနှင့်ချိတ်ဆက်နိုင်ခြင်း၊ ကုန်စည်ပို့ဆောင်သူများ စီးပွားရေးတွက်ခြေကိုက်သည့် အနေအထားဖန်တီးပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ (ဥပမာ- ကုန်သေတ္တာ ၅၀၀ တင်ဆောင်နိုင်သည့် သင်္ဘောနှင့် ကုန်သေတ္တာ ၂၀၀၀ တင်ဆောင်နိုင်သည့် သင်္ဘောနှစ်စင်းတူညီသော ခရီးစဉ်တစ်ခုအတွက် ကုန်တင်ဆောင်ခတွက်ချက်ရာတွင် သင်္ဘောအကြီး၏ ကုန်သေတ္တာ တင်ဆောင်ခသည် လျော့နည်းမည်ဖြစ်ပါသည်။)

(ဃ) **Logistics competence-** Logistics ဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိကြသည့် ကုမ္ပဏီများ/ လုပ်ငန်းများအနေဖြင့် အရည်အသွေးကောင်းမွန်ရန်အတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီရမည့်ကိစ္စရပ်များရှိသကဲ့သို့ အဆိုပါ လုပ်ငန်းစဉ်များအတွက် ထိန်းကျောင်းညှိနှိုင်းကွပ်ကဲ ဦးဆောင်နိုင်မည့် အဖွဲ့အစည်းများ ကောင်းမွန်စွာ စုစည်းဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် Logistics ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားအလိုက် အသင်း/အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများ အသင်း၊ မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း စသဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအသင်းများအနေဖြင့် အသင်းဝန်လုပ်ငန်းရှင်များအား ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန် သင်တန်းများ ဆောင်ရွက်ခြင်း၊ ဆက်စပ်လုပ်ငန်းအချင်းချင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုအားဖြည့်ဆောင်ရွက်ခြင်း၊ မှန်ကန်မှုနှင့် အရည်အသွေးအတွက် ကြီးကြပ်စီမံခြင်းတို့ကို အဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

✻ *ရွှေဖုံးမှ*

အင်းတော်ကြီး ဒေသအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင် ရွှေတူးဖော်ခြင်း ငါးကြိမ်၊ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၂၆ မျိုးနှင့် တရားခံ ခြောက်ဦးတို့ကို ဖမ်းဆီးခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အင်းတော်ကြီးအိုင်ဒေသ ပတ်ဝန်းကျင်ရှိ တရားမဝင်ရွှေတူးဖော်နေမှုများကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန် ကွင်းဆင်းစစ်ဆေးမည့် စီမံချက်များကိုရေးဆွဲပြီး နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ပြည်နယ်အစိုးရအဖွဲ့၏ လုံခြုံရေးအစီအမံကိုရယူပြီး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း၏ **ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီအား မည်သည့်အတွက်ကြောင့် သတ္တုတူးဖော် ထုတ်လုပ်ခွင့်ပြုမိန့် ထုတ်ပေးသည်ကို သိရှိလိုကြောင်း၊ တူးဖော်ထုတ်လုပ်မှုအား အမြန်ရပ်ဆိုင်းပေးရန် တောင်းဆိုမှုကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းနှင့် ပျက်စီးသွားသော ရေဝေရေလဲ သစ်တောများအား မည်ကဲ့သို့ ပြန်လည်အစားထိုး ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း** စသည့်မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မိုင်းကိုင်မြို့နယ် ဝမ်ယက်၊ ခမ်းနားကျေးရွာအုပ်စု ဝမ်လွေးဒေသအတွင်း ၄၉ ဒသမ ၅ ဧကစီရှိသည့် လုပ်ကွက် နှစ်ကွက်တွင် ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီကို ခဲတ်သတ္တုစမ်းသပ်တိုင်းတာမှုလုပ်ငန်း ဆောင်ရွက်ရန် တစ်နှစ်သက်တမ်းခွင့်ပြုခဲ့ပါကြောင်း၊ တူးဖော်ထုတ်လုပ်မှု ကန့်ကွက်ကြောင်းတင်ပြစာနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသဖြင့် ခဲတ်သတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုခဲ့ပါကြောင်း။

လုပ်ကွက်အတွင်း ထင်းရှူးပင်အချို့ ပေါက်ရောက်လျက်ရှိသည့်အတွက် ကျောက်မီးသွေးတူးဖော်ရာတွင် မလွတ်ကင်းသည့် ထင်းရှူးပင်များကို သက်ဆိုင်ရာ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ကြိုတင်ခွင့်ပြုချက်ရယူ



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

ဆောင်ရွက်ရန်နှင့် ခုတ်လှဲပြီးသစ်ပင်များအတွက် အစားထိုးစိုက်ပျိုးစေလျက်ရှိပါကြောင်း၊ ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီ၏ လက်ရှိကျောက်မီးသွေးတူးဖော်ထုတ်လုပ်နေမှုအပေါ် ဒေသခံပြည်သူလူထုနှင့် သံဃာတော်များက အပြင်းအထန်ကန့်ကွက်လာသဖြင့် ၂၀၁၇ ခုနှစ် မတ် ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း၊ ပြည်သူများ၏ ဆန္ဒအတိုင်း ယင်းကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းကို ယာယီပိတ်သိမ်းရန်ညွှန်ကြားပြီးဖြစ်ပါကြောင်း၊ ယခုကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို ပြန်လည်သုံးသပ်နေပါကြောင်း၊ ပြည်နယ်အစိုးရ၏သဘောထားရယူ၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးနှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့၏ သယံဇာတနှင့် သစ်တောကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင် တင်သွင်းသည့် **တောတောင်ထူထပ်သော ဒေသများ၌ သစ်တောပြုန်းတီးမှု များခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အပြင်းထန်ဆုံးသော ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရပြီး နိုင်ငံတကာ ရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံ သည် အဆင့်(၂)တွင်ရှိသည့်အတွက် နိုင်ငံနှင့် အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် (Green Land) စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း၊ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင်၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးဝင်းအောင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မင်းသော်အေးတို့က ထောက်ခံဆွေးနွေးကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အဆိုအား အတည်ပြုသင့်ကြောင်း တင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာအား အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

# လှိုင်ကော်မြို့တွင် အဆင့်မြင့်ရုပ်ရှင်ရုံ တည်ဆောက်ပေးရန် ကွင်းဆင်းလေ့လာပြီး ညှိနှိုင်းဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၃၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်း အဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဆိုင်ရာ မေးခွန်းတစ်ခု၊ ဆောက်လုပ်ရေးဆိုင်ရာ မေးခွန်းသုံးခုတို့ကို ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**တစ်ခု လွှတ်တော်သို့ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်လွီးဇာ၏ **လှိုင်ကော် မြို့တွင် အဆင့်မြင့်ရုပ်ရှင်ရုံ တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကယားပြည်နယ် လှိုင်ကော်မြို့တွင် အဆင့်မြင့်ရုပ်ရှင်ရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လှိုင်ကော်မြို့ သီရိရုပ်ရှင်ရုံဟောင်းမြေနေရာသို့သွားရောက်ကွင်းဆင်းလေ့လာပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် လိုအပ်သလို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ရုံများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်နေမှုများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ (ဇယား - ၂) အရ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နှစ်ရှည်ငှားရုပ်ရှင်ရုံများနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချထားသော ရုပ်ရှင်ရုံများ၏ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် အထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးနိုင်ရန် ဆောင်ရွက်နေပါကြောင်း။

ကယားပြည်နယ် လှိုင်ကော်မြို့ သီရိရုပ်ရှင်ရုံသည် မြေနေရာဧက ၀ ဒသမ ၃၁၀ နှင့် ယင်းရုပ်ရှင်ရုံနှင့် ဘေးကပ်လျက်ရှိသည့် ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်းစုရုံးမြေနေရာ ၀ ဒသမ ၂၅၂ ဧကရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယင်းမြေပေါ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၏ လှိုင်ကော်သတင်းဌာနရုံးခန်း ဖွင့်လှစ်ထားသည့်အပြင် လူမှုအခြေပြုဌာန (Community Center) တစ်ခုဖွင့်လှစ်သွားရန် လျာထားပါကြောင်း၊ ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ယင်းမြေနေရာကို လွှဲပြောင်းရယူပြီး ရုပ်ရှင်ရုံအပါအဝင် ခေတ်မီအဆောက်အအုံ တည်ဆောက်ရေး ဆောင်ရွက်မည်ဆိုပါက ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန်လျာထားသည့် လူမှုအခြေပြုဌာနတစ်ခု ဖွင့်လှစ်နိုင်ရေးနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းရုံးခန်းနှင့် ဝန်ထမ်းကိုးဦး၏ နေထိုင်ရေးတို့ကိုစီစဉ်ဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးဇုန်လှယ်ထန်း၏ **ကလေး- ဖလမ်း - ဟားခါး လမ်း ၃၄ ပေ လမ်းတာချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် ဖလမ်းမြို့တွင်း လမ်းများကို ချန်လှပ်ခြင်းမပြုဘဲ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဖလမ်းမြို့တွင်း လမ်းအပိုင်းအား လမ်းတာချဲ့ပါက လမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၁ ဒသမ ၀၀ သန်းခန့်နှင့် အဆောက်အအုံ ၇၅ လုံး ပြောင်းရွှေ့ရန်အတွက် ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၅၀ ဒသမ ၀၀ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖလမ်းမြို့တွင်း လမ်းများအား အကျယ် ၃၄ ပေ လမ်းတာချဲ့ခြင်းလုပ်ငန်းကို လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ပြင်ထိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၀၀ သန်းနှင့် ဖလမ်းမြို့တွင်းလမ်း (တောင် ဇလပ်လမ်းအပိုင်း) ကတ္တရာခင်းခြင်း ၂ ဒသမ ၅ ဖာလုံနှင့် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၈၈ ဒသမ ၀၀ သန်းနှင့် ဖလမ်းမြို့ရှောင်ကွင်း လမ်းအပိုင်း ၇ ဖာလုံအား လမ်းတာချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ပြတောင်းခံထားပြီး ရန်ပုံငွေခွဲဝေ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်

ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား** လွှတ်တော်မှ အတည်ပြုပေးပါရန် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း ၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးလားလ်မင်းထန်က လွှတ်တော်သို့တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာတွင် **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေ (The Public Accountants De - fault Act, 1850) သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ** မပြဋ္ဌာန်းမီက ထုတ်ပြန်ခဲ့သည့် အက်ဥပဒေဖြစ်ပြီး ယခုအခါ **မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ** နှင့် **ယုံကြည်အပ်နှံမှု ဥပဒေ**တို့ကို ပြဋ္ဌာန်းထားသည့်အပြင် အများပြည်သူအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုများလည်း ကုမ္ပဏီဥပဒေတွင် ပါရှိပြီးဖြစ်သည့်အတွက် **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား** ရုပ်သိမ်းသင့်ကြောင်း ဖော်ပြပါရှိသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၂ ရက် တွင် ဆက်လက် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

*စာမျက်နှာ ၆ မှအဆက်*

(ဂ) **Tracking and tracing** - ကုန်စည်ပို့ဆောင်ရာတွင် အဆိုပါ ကုန်စည်မည်သည့်နေရာ/မည်သည့် အခြေအနေသို့ ရောက်နေသည်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းဖြင့် ကုန်စည်များ ပျောက်ဆုံးမှုနှင့် ပျက်စီးမှုတို့ကို ကာကွယ်တားဆီးပေးနိုင်သည့်အပြင် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ ထိုသို့ သိရှိနိုင်ရန်အတွက် ခေတ်မီနည်းပညာအကူအညီကို ရယူကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နည်းပညာနှင့်ပတ်သက်ပြီး နိုင်ငံတော်ဘက်မှလည်း အခြေခံလိုအပ်ချက်/စံချိန်၊ စံညွှန်းသတ်မှတ်ခြင်းလုပ်ငန်းသုံး နည်းပညာပစ္စည်း တင်သွင်းခြင်း/စနစ်များအကောင်အထည်ဖော်ခြင်းတို့တွင် ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

(စ) **Timeliness**- ကုန်စည်ပို့ဆောင်ရာတွင် သတ်မှတ်တွက်ချက်ထားသည့်(သို့မဟုတ်)မျှော်မှန်းထားသည့် အချိန်အတိုင်း ရောက်ရှိနိုင်ရန်ကိစ္စမှာလည်း အခြားကဏ္ဍများဖြစ်သည့် အခြေခံအဆောက်အအုံ ကောင်းမွန်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးရှိခြင်းတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ ထို့အပြင် ပို့ဆောင်ရေးဝန်ဆောင်မှုတွင် အသုံးပြုဆောင်ရွက်လျက်ရှိသော စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးတို့သည်လည်း အရေးပါသည့် စဉ်းစားရန် အချက်များဖြစ်ပါသည်။

**မူဝါဒချမှတ်အကောင်အထည်ဖော်မှုနှင့် Logistics**

ပို့ဆောင်ရေးစနစ်များကို အကျိုးရှိရှိ ထိရောက်အောင်မြင်စွာ အသုံးပြုနိုင်ပါက နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အကျိုးအမြတ်များစွာရရှိနိုင်မည် ဖြစ်ပါသည်။ ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများသည် နိုင်ငံ၏ ကုန်ထုတ်လုပ်မှု တိုးတက် မြင့်မားရေးကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ ပို့ဆောင်ရေးကုန်ကျစရိတ် လျှော့ချရာတွင် လည်းကောင်း သိသာထင်ရှားစွာ အထောက်အပံ့ပြုလျက်ရှိပါသည်။ ဥပမာအားဖြင့် ဆိပ်ကမ်းများ ခေတ်မီတိုးတက်လာခြင်း၊ ကားလမ်း/ရထားလမ်းများ ကောင်းမွန်လာသဖြင့် နောက်ခံဈေးကွက်နှင့် ဆိပ်ကမ်းတို့အကြား သယ်ယူပို့ဆောင်မှု လွယ်ကူခြင်းကြောင့် ကုန်ကြမ်းသယ်ယူပို့ဆောင်ခနှင့် ဖြန့်ဖြူးစရိတ်များ လျှော့ချနိုင်လာမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် သက်သာလွယ်ကူကောင်းမွန်သော ပို့ဆောင်ရေးစနစ်သည် Logistics ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုစရိတ်စက သက်သာလာသည်နှင့်အမျှ ကုန်ထုတ်လုပ်ငန်းကဏ္ဍတွင် တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)များလည်း ပိုမိုရရှိလာနိုင်မည်ဖြစ်ပါသည်။

World Bank မှ Trade Practice Manager ဖြစ်သူ Mr.Jose ၏ အဆိုအရ နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒရေးဆွဲသူများအနေဖြင့် ကမ္ဘာတစ်ဝန်း ထောက်ပံ့ဖြည့်ဆည်းမှုကွန်ရက် (Global Supply Chain)နှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် LPI တွက်ချက်ဖော်ပြမှု အခြေအနေများကို နှိုင်းယှဉ်အသုံးပြုပြီး ဆောင်ရွက်လျက်ရှိကြကြောင်း တွေ့ရပါသည်။

**Logistics ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရေး**

မြန်မာနိုင်ငံအနေဖြင့် အဘက်ဘက်မှ ပြုပြင်ပြောင်းလဲတည်ဆောက်နေသည့် အခြေအနေတွင် Logistics ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အစိုးရ၊ အတတ်ပညာရှင်များ၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရှင်များနှင့် ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုကဏ္ဍတွင် နည်းစနစ်ကျနပြီး မှန်ကန်ကောင်းမွန်သော စိတ်နှလုံးဖြင့် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပို့ဆောင်ရေးလုပ်ငန်းစဉ်များ၊ ထောက်ပံ့ဖြည့်ဆည်းမှုလုပ်ငန်းစဉ်များ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ဖြစ်ပေါ်တိုးတက်လာပြီး နောင်လာမည့်နှစ်များတွင် Logistics Performance Index (LPI)အဆင့်များလည်း ဆက်လက်မြင့်မားလာနိုင်မည်ဖြစ်ပါသည်။

(Council of Logistics Management(CLM) အဖွဲ့အစည်းမှာ ၁၉၆၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ the National Council of Physical Distribution Management (NCPDM)အဖြစ် စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းဖြစ်ပြီး ကုန်ပစ္စည်းပို့ဆောင်ဖြန့်ဖြူးခြင်းနှင့် ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းမန်နေဂျာများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်တွင် the Council of Logistics Management (CLM)အမည်သို့ ပြောင်းလဲပြီး Logistics ဆိုင်ရာ ကိစ္စရပ်များကို အမေရိကန်နိုင်ငံအတွက်သာမက နိုင်ငံတကာအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ စတင်ပြီး the Council of Supply Chain Management Professionals (CSCMP) အမည်ဖြင့် ပြောင်းလဲအသုံးပြုပြီး ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှု ကွင်းဆက်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ပိုမိုကျယ်ပြန့်သော အထောက်အပံ့ပေးလျက်ရှိပါသည်။)

# သောက်သုံးရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်နေသည့်ဒေသများသို့ ရေရှိရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၃၁**

၂၀၁၇ ခုနှစ် နွေရာသီကာလတွင် တိုင်းဒေသကြီး/ပြည်နယ်အချို့၌ သောက်သုံးရေများ ရှားပါးပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှရေရှားပါးမှုဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြားသောဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ပြည်သူများသောက်သုံးရေရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ် ခရိုင်ဦးစီးမှူးရုံးများမှ သောက်သုံးရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရေတွင်းရေကန်များ၊ စက်ရေတွင်းများ၊ ယာယီရေလှောင်ကန်များ၊ ရေသန့်စက်များ လိုအပ်လျက်ရှိကြောင်း ပြည်သူများက ဦးစီးဌာန Call Centre သို့ ဆက်သွယ်၍ အကူအညီတောင်းခံမှုအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ခရိုင် ဦးစီးမှူးရုံးများက တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစိစစ်၍ လိုအပ်ချက်များကို ဦးစားပေးအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သောက်သုံးရေရှားပါးမှုဒဏ်ကို ခံစားရသည့်ပြည်သူများအတွက် ဧပြီ ၃ ရက်မှ မေ ၂၃ ရက်အထိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် စုစုပေါင်းသောက်ရေဂါလန် ၃၃၀၁၅၀၊ သောက်သုံးရေသန့် လီတာ ၂၀ ပါ ၂၁၂၅ ဘူးနှင့် ရေသန့်ကတ် ၆၀၀ တို့ကို တိုင်းဒေသကြီး/ ပြည်နယ်ရှစ်ခုရှိ မြို့နယ်ပေါင်း ၂၃ မြို့နယ်သို့ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ခြင်းအတွက် ငွေကျပ် ၉ ဒသမ ၉၂၃၉၅ သန်း၊ ရေသန့်စက်လေးလုံး၊ ရေကန်ခုနစ်ကန်၊ အဝီစိတွင်းတစ်တွင်းနှင့် အုတ်စီရေတွင်းတစ်တွင်းတို့အတွက် ငွေကျပ် ၆၂ သန်း စုစုပေါင်းငွေကျပ် ၇၁ ဒသမ ၉၂၃၉၅ သန်းကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခရီးသည်တင်ယာဉ်အပါအဝင် အမြန်လမ်း၌ ဖြတ်သန်းသည့်ယာဉ်များအားလုံး ခါးပတ်မပတ်ပါက အရေးယူမည်

**နေပြည်တော် မေ ၃၁**

ရန်ကုန်-မန္တလေးအမြန်လမ်းကို အသုံးပြုကာ မောင်းနှင်သွားလာကြသည့် မော်တော်ယာဉ်များအားလုံးကို ပညာပေးအစီအစဉ်များ ပြုလုပ်ထားပြီးဖြစ်ခြင်းကြောင့် ထိုင်ခုံခါးပတ်မပတ်သည်ကို စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေပေးဆောင်ရန် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ထိုင်ခုံခါးပတ် ပတ်ပြီး စီးကြဖို့ ကမ်ပိန်းတွေလည်း လုပ်ပြီးပါပြီ။ ပညာပေးအစီအစဉ်တွေလည်း လုပ်ဆောင်ထားပါတယ်။ အရေးကြီးတဲ့ကိစ္စဖြစ်တာကြောင့် ယာဉ်အန္တရာယ်မတော်တဆမှုတွေ ဖြစ်ပွားတာမျိုးဆိုရင် အများကြီး ဘေးကင်းစေဖို့အတွက် အရေးယူသွားမှာဖြစ်ပါတယ်။ ဇွန်လကနေစပြီး တိုးဂိတ်တွေမှာလည်း စောင့်ကြည့်စစ်ဆေးသွားမှာဖြစ်သလို လမ်းမပေါ်မှာလည်း စောင့်ကြည့်စစ်ဆေးသွားမှာဖြစ်ပါတယ်" ဟု အမြန်လမ်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးထွန်းထွန်းဦးက ပြောသည်။

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ကဲ့သို့သော မြို့ကြီးများတွင် ထိုင်ခုံခါးပတ်တပ်ဆင်ခြင်း ရှိမရှိ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီးစည်းကမ်းလိုက်နာမှုမရှိသည့် မော်တော်ယာဉ်များကို ဒဏ်ငွေ သုံးသောင်းကျပ်ဖြင့် အရေးယူမှုများ ပြုလုပ်နေသော်လည်း အမြန်လမ်းတွင် တိုးဂိတ်များ၌သာ စစ်ဆေးပေးနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပါက အသက်အန္တရာယ်ထိခိုက်မှုနည်းနိုင်သမျှ အနည်းဆုံးဖြစ်ရေးအတွက် ထိုင်ခုံခါးပတ်များ ပတ်ထားမှုရှိမရှိကို ရှောင်တခင် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။



လိုက်နာခြင်းမရှိသည့် မော်တော်ယာဉ်များသည် သက်ဆိုင်ရာမြို့နယ်များရှိ တရားရုံးများတွင် ဒဏ်ငွေများပေးဆောင်ရမည်ဖြစ်ပြီး အမြန်လမ်းတွင် မတော်တဆယာဉ်တိမ်းမှောက်ခြင်းများ မကြာခဏဖြစ်ပွားမှုအတွက် အသိပညာပေးလုပ်ငန်းများကိုလည်း ဆက်တိုက်ပြုလုပ်ပေးနေကြောင်း သိရသည်။

**သွန်းဝသန်**

**ဓာတ်ပုံ- မေဦးမိုး**

# ပရိယတ္တိအခြေပြုဗုဒ္ဓသာသနာ့ယဉ်ကျေးမှု စာမေးပွဲ အောင်မြင်သူများအားဂုဏ်ပြု

**နတ်မောက် မေ ၃၁**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးရွာ ကန်စွယ်ရွာ၌ သဒ္ဓမ္မပီတိသန္တိသုခအသင်းကြီးက ဆဋ္ဌမအကြိမ်မြောက်ကြီးမှူး ကျင်းပသော ပရိယတ္တိအခြေပြုဗုဒ္ဓသာသနာ့ယဉ်ကျေးမှု နတ်ဖြေရေးဖြေစာမေးပွဲကြီး၌ ဆုရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို မေလနောက်ဆုံးပတ်က ကျင်းပသည်။

အခမ်းအနားသို့ အသင်းကြီး၏ နာယကသြဝါဒါဆရာတော်ကြီးများ၊ အကျိုးတော်ဆောင်ဆရာတော်များနှင့် အသင်းကြီး၏ အထွေထွေအတွင်းရေးမှူး ရန်ကုန်မြို့မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက် သစ်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ (ပိဋကတ်နှစ်ပုံဆောင်-သမဏအာဇာနည်) နှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ပြီး သဒ္ဓမ္မပီတိ ဗိမာန်ကြီးအတွင်း၌ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ **အောင်သန်းထွန်း(နတ်မောက်)**

# မိုရာဆိုင်ကလုန်းမုန်တိုင်းကြောင့် ပုဏ္ဏားကျွန်း၌ ပျက်စီးဆုံးရှုံးမှုများရှိ

**ပုဏ္ဏားကျွန်း မေ ၃၁**

မေ ၂၉ရက် ညဉ့်၁၀နာရီမှ ၃၀ရက် နံနက် ၁၀နာရီအတွင်း တိုက်ခတ်သွားခဲ့သော မိုရာဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၏တင်ပြချက်များအရ သိရသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင်များသည် မေ ၃၁ ရက်က မြို့နယ်ခန်းမ၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာပျက်စီး ဆုံးရှုံးမှုများနှင့် ပတ်သက်၍ စာရင်းမှန်သတင်းမှန်ဖြစ်ရေး၊ မလိုလားအပ်သော စာရင်းဖောင်းပွမှုများ မရှိစေရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ဆွေးနွေးတင်ပြချက်များအရ မိုရာဆိုင်ကလုန်းမုန်တိုင်းကြောင့် လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သေဆုံးမှုမရှိဘဲသစ်ပင်သစ်ကိုင်းများ ပြိုလဲကျိုးပဲ့ခြင်း၊ သာသနိက အဆောက်အအုံများနှင့် စာသင်ကျောင်းများ လူနေအိမ်များ အမိုးလန်ပျက်စီးခြင်းများရှိခဲ့ကြောင်း မှတ်တမ်းဓာတ်ပုံများနှင့် စာရင်းပြုစုတင်ပြချက်များအရ သိရသည်။

မြို့နယ်အတွင်း သာသနိက အဆောက်အအုံ ၆၆ ခု၊ ထက်/လယ်/မူ စာသင်ကျောင်း ၈၇ ကျောင်း အစိုးရရုံးဌာနအဆောက်အအုံ တစ်ခုနှင့် လူနေအိမ်ခြေ ၁၁၃လုံး အမိုးလန်ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။

ဆုံးရှုံးမှုများနှင့်ပတ်သက်၍ စာသင်ကျောင်းများအချိန်မီ စာသင်ကြားနိုင်ရေးအတွက် အရေးပေါ်လိုအပ်သော ခေါင်မိုးသွပ်နှင့် ကူညီနိုင်သည့်အခြား အထောက်အပံ့ လိုအပ်ချက်များကို မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သူ(ပြန်/ဆက်)**





# ထောက်ပံ့ရန်လိုအပ်သည့် ကျောင်းသားကျောင်းသူများအတွက် စာအုပ်၊ ခဲတံ၊ ဘောပင်များဝေမျှပေး

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရပ်ကွက်/ကျေးရွာအဖွဲ့မှ ကြီးမှူး၍ ကျောင်းနေကလေးများအတွက် စာအုပ်၊ခဲတံ၊ဘောပင်များ ဒုတိယအကြိမ်မျှဝေခြင်းအစီအစဉ်ကို မေ ၂၈ ရက်က မန္တလေးမြို့ ၄၂ လမ်း× ၄၃ လမ်းကြား ရေနံချောင်းကျောင်းတိုက် ကျောင်းသစ်ကျောင်း၌ ပြုလုပ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်ထောက်ပံ့ရန်လိုအပ်သည့် ကလေး ၅၀၀ခန့်ကို စာအုပ်၊ဘောပင်၊ ခဲတံများဝေမျှပေးသည့် အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မြို့နယ်အတွင်းရေးမှူး ဦးဇော်ဝင်း၊ ရပ်/ကျေးဥက္ကဋ္ဌ ဦးဝင်းကို၊ အလုပ်အမှုဆောင် ဦးအောင်သူနှင့် အလှူရှင်များ၊ ကျောင်းသားကျောင်းသူများ၊ မိဘများ တက်ရောက်ကြသည်။

ကလေးများကိုမျှဝေထောက်ပံ့ရာတွင် သင်ကြားနေသည့်အတန်း၊နွမ်းပါးမှု အခြေအနေကို မူတည်ပြီး စာအုပ်များကို တစ်ဦးလျှင် တစ်ဒါဇင်၊နှစ်ဒါဇင်၊သုံးဒါဇင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# တမူးမြို့အတွင်း ရေပေးဝေနိုင်ရေး နဂါးမင်းသမီးရေကန်တည်ဆောက်မှုပြီးစီး

**တမူး မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့အနီး မြန်မာ-အိန္ဒိယနယ်စပ် တောင်ထိပ်တွင် နဂါးမင်းသမီးရေကန်နှစ်ခုကို တူးဖော်တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သဖြင့် မကြာမီကာလအတွင်း တမူးမြို့နယ်အတွင်း ရေစတင်ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တမူးမြို့တွင် မတ်လနှင့်ဧပြီလမှစတင်၍ ရေတွင်းများ၌ ရေများခန်းခြောက်ကာ ရေရှားပါးမှုပြဿနာများ နှစ်စဉ်ကြုံတွေ့နေရသဖြင့် မဟာမြိုင်တောကြီးအတွင်း ကွရောက်သီတင်းသုံးကာ သာသနာပြုလုပ်ငန်းများဆောင်ရွက်နေသည့် သဲဖြူဆရာတော် အရှင်ပညာဇောတက ၂၀၁၆ ခုနှစ် မတ်လမှစတင်တူးဖော်ခဲ့ခြင်းဖြစ်ပြီး ရေကန်များမှာ အလျားပေ ၄၀၀၊ အနံပေ ၃၀၀ နှင့်အနက် ၄၅ ပေရှိသော ကန်နှစ်ကန်ကို တမူးမြို့အထက် ၁၆၂ ပေအမြင့်ရှိသောတောင်ကုန်းပေါ်၌ တူးဖော်တည်ဆောက်ခဲ့သည်။

"ရေတွင်းကိုတောင်ထိပ်မှာတူးကာ ရေကန်ကြီးတွေဆောက်ပြီး ရေလှောင်ထားတဲ့အတွက် ဒီရေတွေက ရေတွင်းတွေဆီရောက်သွားတဲ့အတွက် ရေမခန်းတော့ဘူး။ ဘုန်းကြီးကျောင်းတွေကရေတွင်းတွေဆို အခုတောင် ရေတွေပြည့်လျှံနေတယ်။ ရေကလည်းဂဝံကျောက်တွေကြားက စိမ့်ထွက်လာတဲ့ရေဖြစ်တော့ အလိုလို သောက်ရေသန့်တွေဖြစ်နေတယ်။ ပိုက်ဆက်တဲ့လုပ်ငန်းတွေပြီးသွားရင် တစ်မြို့လုံးကို ရေစတင်ဖြန့်ဝေနိုင်တော့မှာပါ"ဟု ဆရာတော်ကြီးက မိန့်ကြားသည်။

လက်ရှိတွင် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးနေပြီး အပြင်ပိုင်းကျောက်စီခြင်းလုပ်ငန်းများဆောင်ရွက်နေကာ မကြာမီရေကန်ကြီးများမှထုတ်ထားသည့် ရှစ်လက်မအရွယ် ပိုက်လုံး ၁၀ လုံးမှ ရေပိုက်လိုင်းများသွယ်တန်းပြီးပါက ရေများစတင်ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း ရေကန်တည်ဆောက်ရေး တာဝန်ခံ ဦးဇော်လင်းက ပြောသည်။

လက်ရှိတွင် ရေကန်မှတစ်ဆင့်ထုတ်ထားသည့် ပိုက် ၁၀ လုံးမှတစ်ဆင့် ပိုက်လိုင်း ၃၀၀ သွယ်တန်း၍ ဘုန်းကြီးများ၊ ရပ်ကွက်များနှင့် ဌာနဆိုင်ရာများအား ရေဖြန့်ဝေပေးရန်လျာထားပြီး မြို့နေပြည်သူများပြားမှုကြောင့် ရေမလုံလောက်ပါကလည်း ရေကန်တည်ဆောက်ထားသည့် တောင်ကုန်းအနီးရှိ သဟဲချောင်းမှရေကို လေးလက်မပိုက်လိုင်းများနှင့် ရေကန်အတွင်း စက်ယန္တရားဖြင့် တင်ပို့ကာ ဖြန့်ဝေပေးရန်စီစဉ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရွှေကျင်မြို့၌ လေပြင်းတိုက်ခတ်၍ အဆောက်အအုံများ ပျက်စီး

**ရွှေကျင် မေ ၃၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဒလဆိပ်ကျေးရွာ၌ မေ ၂၉ ရက် ညနေ ၅ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် နှစ် ၆၀ ကျော် သက်တမ်းရှိ သစ်ပင်ပြိုလဲခဲ့မှုကြောင့် အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ သက်တမ်းရင့်သစ်ပင်ပြိုလဲမှုကြောင့် ဒလဆိပ်ကျေးရွာအုပ်စု ဝဲမှူးကျေးရွာ သီရိမင်္ဂလာဘုန်းကြီးကျောင်းရှိ ၂၄ ပေပတ်လည် ဆွမ်းစားဆောင်နှင့်(၄၂×၂၀)ပေရှိ ပင်မကျောင်းဆောင်တို့ ပျက်စီးခဲ့ပြီး လိမ်ပင်ဝဲကျေးရွာတွင်လည်း သစ်ပင်လဲ၍ ဦးစောဘာကူး၏ နေအိမ်လှေကား ပျက်စီးခဲ့သည်။

အဆိုပါကျေးရွာများသို့ မေ ၃၀ ရက် နံနက်ပိုင်းက ရွှေကျင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်ညီညီလွင်နှင့်အဖွဲ့က သွားရောက်၍ ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# မြန်အောင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၁ လုံး ပျက်စီး၊ လူတစ်ဦး မိုးကြိုးထိမှန်သေဆုံး

**မြန်အောင် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ်တွင် မေ ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်က မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်ခဲ့ခြင်းကြောင့် တယ်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာ နှစ်ရွာတွင် နေအိမ် ကိုးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၃ အိမ်မှာ အမိုးအကာများ ပျက်စီးခြင်း၊ မြစ်ကျိုးကျေးရွာအုပ်စု မာလကုကုန်းကျေးရွာတွင် နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၂ လုံး အမိုးအကာများ ပျက်စီးခြင်း၊ ကြက်ခြံတစ်ခြံ ပြိုကျပျက်စီးခြင်းနှင့် ဈေးဆိုင်နှစ်ဆိုင် အမိုးအကာများပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

ပေါက်ကုန်းစွန်းကျေးရွာအုပ်စု ပေါက်ကုန်းစွန်းကျေးရွာတွင် နေအိမ် တစ်လုံး၊ ဂုံညှင်း တန်းကျေးရွာတွင် နေအိမ် ၂၁ လုံး၊ ကရင်ကုန်းကျေးရွာတွင် နေအိမ် လေးလုံး၊ ပျိုးခင်း ချောင်ကျေးရွာတွင် နေအိမ် ကိုးလုံး၊ ရွာသစ်ကုန်းကျေးရွာတွင် နေအိမ် ၁၀ လုံး၊ လေးတူးကျေးရွာအုပ်စု လေးတူးကြီးကျေးရွာတွင် နေအိမ် လေးလုံး၊ လေးတူးလေး ကျေးရွာတွင် နေအိမ် ၁၁ လုံးတို့ အမိုးအကာ များပျက်စီးခဲ့သည်။ ရွှေကျင်ကျေးရွာအုပ်စု ကျူတောလေးကျေးရွာတွင် ဦးမြင့်လွင် (၄၆ နှစ်)သည် စပါးပျိုးခင်း၌ ပျိုးကြဲနေစဉ် မိုးကြိုး ထိမှန်သဖြင့် အခင်းဖြစ်ရာနေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြန်အောင်မြို့နယ်တွင် စုစုပေါင်း နေအိမ် ၁၁ လုံးပြိုကျ ပျက်စီးပြီး နေအိမ် ၉၄ လုံးနှင့် ဈေးဆိုင်နှစ်ဆိုင်တို့တွင် အမိုးအကာများ ပျက်စီးခြင်း၊ ကြက်မွေးမြူရေးခြံတစ်ခြံ ပြိုကျပျက်စီးပြီး ကြက်အကောင် ၅၀ သေဆုံးခဲ့ခြင်းနှင့် လူတစ်ဦး မိုးကြိုးထိမှန်သေဆုံးခြင်းတို့ဖြစ်ပွားခဲ့ရာ လေဘေးသင့်သူများအား နေရာချထားရေးနှင့် အကူအညီပေးရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနမှ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ၁၃၂ ကေဗွီ ကလော-တောင်ကြီး အမှတ်(၂)ဓာတ်အားလိုင်းတာဝါတိုင် သုံးတိုင် လေပြင်းတိုက်ခတ်၍ ပြိုလဲပျက်စီးမှုအား ပြုပြင်ပြီးစီး

**နေပြည်တော် မေ ၃၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားလိုင်းများအနက်မှ ၁၃၂ ကေဗွီ ကလော-တောင်ကြီး အမှတ်(၂) ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၁၆၊ ၁၁၇၊ ၁၁၈) တိုင် သုံးတိုင်သည် မေ ၂၅ ရက်တွင် လေပြင်းတိုက်ခတ်၍ ပြိုလဲပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။

ပြိုလဲပျက်စီးသွားသော တာဝါတိုင်များ ပြုပြင်ခြင်းလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(လိုင်း)နှင့် နမ့်စန်၊ လွိုင်ကော် မဟာဓာတ်အားလိုင်းရုံးများမှ ဝန်ထမ်းအင်အား ၇၀ ဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ရာ မေ ၃၁ ရက်တွင် ပြန်လည်ကောင်းမွန်ခဲ့ပြီး ၁၃၂ ကေဗွီ ကလော-တောင်ကြီး အမှတ်(၂)ဓာတ်အားလိုင်းကို ပုံမှန်အတိုင်း ဓာတ်အားပြန်လည် ပို့လွှတ်ထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်

**မကွေး မေ ၃၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ ကျေးရွာ သုံးရွာတွင် မေ ၂၉ ရက်က လေပြင်းတိုက်ခတ်ခဲ့ရာ လူနေအိမ်များ ပြိုကျပျက်စီးမှုနှင့် အိမ်အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါကျေးရွာများတွင် ပြိုကျပျက်စီး လူနေအိမ် နှစ်လုံး၊ အမိုးလန်ပျက်စီး လူနေအိမ် ရှစ်လုံးတို့အတွက် မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများ ကွင်းဆင်းသွားရောက်၍ နေအိမ်များ ပြန်လည်ပြုပြင်ဆောက် လုပ်နိုင်ရန်အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ကျပ် ၇၂၀၀၀၀၊ နေအိမ်များ ထိခိုက်ပျက်စီးခဲ့သည့် မိသားစုဝင် လူဦးရေ ၅၁ ဦးအတွက် ဆန် ခုနစ်ရက်စာ ငွေကျပ် ၁၀၇၁၀၀ စုစုပေါင်းငွေကျပ် ၈၂၇၁၀၀ နှင့် နေအိမ် ပြိုကျခဲ့သည့် အိမ်ထောင်စု နှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် အမိုးလန် ပျက်စီးခဲ့သည့် အိမ်ထောင်စု ရှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးတို့ကို ချောက်မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းက ကျေးရွာများအရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရေနံချောင်းမြို့တွင် မေ ၂၈ ရက်က ရေနံချောင်းမြို့သစ်တပွေ ရပ်ကွက်နေ မောင်မျိုးသူ (၃၃ နှစ်)သည် သစ်တပွေချောင်းအား ဖြတ်ကူးစဉ် ချောင်းရေဖြင့် မျောပါသေဆုံးခဲ့၍ သေဆုံးသူ၏ မိသားစုဝင်များအား ရေနံချောင်းမြို့နယ်ထွေ/အုပ်ရုံးတွင် ယနေ့ မွန်းလွဲပိုင်းက တွေ့ဆုံ၍ ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **သန်းနိုင်ဦး(ငဖဲ)**



# ရိုးခေါဒါရ်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် နှစ်လုံး အနည်းငယ်ထိခိုက်ပျက်စီး

**ရိုးခေါဒါရ် မေ ၃၁**

ချင်းပြည်နယ် ရိုးခေါဒါရ်မြို့ ကျော့သဲကျေးရွာအုပ်စု လျန်နှာကျေးရွာ၌ မေ ၃၀ ရက် နံနက် ၁၀ နာရီခွဲက တိုက်ခတ်သော လေပြင်းဒဏ်ကြောင့် ဦးဇုံနယ်ထန်း၏ နေအိမ် အမိုးသွပ် ငါးချပ်လန်ထွက်သွားသည်။

အဆိုပါ လေဘေးသင့် မိသားစုဝင် ငါးဦးကို တာဝန်ရှိသူများက ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့ပေးခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီ ၁၀ မိနစ်က ရိုးခေါဒါရ်မြို့ထိန်းစာန်းကျေးရွာအုပ်စု ဆူးရ်ဘုန်ကျေးရွာနေ ဦးလာလ်ရဲမ်ရွတ်သာ၏ ပျဉ်ခင်း၊ သွပ်မိုး၊ ပျဉ်ကာ နေအိမ်တစ်လုံး လေပြင်းတိုက်ခတ်မှုကြောင့် အမိုးသွပ် ၁၅ ချပ် လန်ထွက်ပြီး လေဘေးသင့် မိသားစုဝင် ငါးဦးတို့အား ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ခေတ္တ ပြောင်းရွှေ့ပေးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(ရိုးခေါဒါရ် ပြန်/ဆက်)**

# ဖန်းမောက်မြို့၌ လေဘေးသင့်ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် အိမ်မိုးသွပ်များ ပေးအပ်

**ဖန်းမောက် မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်တွင် မေ ၂၅ ရက် ည ၁၀ နာရီခွဲက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့်ငွေနှင့် အိမ်မိုးသွပ်များကို အောင်သာကုန်းကျေးရွာအုပ်စု အောင်သာကုန်းကျေးရွာ၊ မြစ်သေးချင်းကျေးရွာ၊ ကျွဲကောကုန်းကျေးရွာနှင့် မြနန္ဒာရပ်ကွက်တို့ကို မေ ၃၀ ရက် နံနက် ၁၁ နာရီခွဲက ပေးအပ်ခဲ့သည်။



လေဘေးသင့် ဒေသခံပြည်သူများကို ဖန်းမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်တို့က လေဘေးသင့် အောင်သာကုန်းကျေးရွာအုပ်စု အိမ်ခြေ ၁၁ လုံးနှင့် သီလရှင်ကျောင်းတစ်ကျောင်း၊ မြနန္ဒာရပ်ကွက် အိမ်ခြေ ခုနစ်အိမ်တို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ၈၀၀၀၀၀ နှင့် ဆုထူးပန်ကုမ္ပဏီက လှူဒါန်းသော သွပ်အချပ် ၄၀၀ တို့ကို လေဘေးသင့် ဒေသခံပြည်သူများထံသို့ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဖန်းမောက်)**

# မင်းပြားမြို့၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မင်းပြား မေ ၃၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့၌ မေ ၃၀ ရက် နံနက် ၁ နာရီခန့်က ဆိုင်ကလုန်းမုန်တိုင်း 'မိုရာ' ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ အခြေအနေနှင့် ကမ်းရိုးတန်းဒေသဖြစ်သည့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် မုတ်သုံအကြိုကာလ၌ လေးမြို့မြစ်ရေတိုက်စားမှုကြောင့် မင်းပြားမြို့ဆိပ်ကမ်းမြေထိန်းနံရံများ ပြိုကျမှုများကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၃၁ ရက် နံနက် ၁၁ နာရီခွဲက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း 'မိုရာ' ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော အိမ် ၁၂ အိမ်ကို ယာယီအမိုး တစ်အိမ်လျှင် မိုးကာစ ၁၀ ကိုက်နှင့် ခေါက်ဆွဲခြောက် တစ်ပါကင်စီ ထောက်ပံ့ကူညီပေးအပ်ခဲ့ပြီး မြောက်ဦးခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပျက်စီးဆုံးရှုံးသူ အိမ်ထောင်စု ၅၂ စုအတွက် အမျိုးသားဝတ် လုံချည် ၅၂ ထည်၊ အမျိုးသမီးဝတ်လုံချည် ၅၂ ထည်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုး၊ ဇလုံး ၊ ဆပ်ပြာ၊ တီရှပ်အင်္ကျီ ၁၀၄ ထည်၊ ခြင်ထောင်နှင့် ပလတ်စတစ်ကတ်ပုံးများကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ မြောက်ဦးခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်နန်းမိုးနွယ်က ပျက်စီးဆုံးရှုံးသည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဆယ်မားအူလ်အွန်ဒုံ (SMU) ကျေးရွာသစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းလေ့လာ

**နေပြည်တော် မေ ၃၁** နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မကျည်းကုန်းကျေးရွာမှ ဒေသခံများသည် ဆယ်မားအူလ်အွန်ဒုံ(SMU) ကျေးရွာသစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများအား မေလ စတုတ္ထပတ်က ကွင်းဆင်းလေ့လာခဲ့သည်။ ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Miss Yoon Sohee ၊ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးရုံးမှ ဒု-လ/ထဦးစီးမှူး ဦးရဲလင်းထွန်းနှင့် (SMU ဆယ်မားအူလ်အွန်ဒုံ)ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ရွာသာကျေးရွာ၊ ကျွန်းကုန်းကျေးရွာ၊ လယ်ဝေးမြို့နယ် ကံသာကျေးရွာ၊ သော်မော့်ကုန်းကျေးရွာများသို့ သွားရောက်ကာ တည်ဆောက်ရေးလုပ်ငန်းများ၊ CP ဝက်၊ ငါး၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# 'မိုရာ' မုန်တိုင်းတိုက်ခတ်မှုအရှိန်ကြောင့် မာန်အောင်မြို့နယ်၌ နေအိမ် ၂၈ လုံး ပျက်စီး

**မာန်အောင် မေ ၃၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ မေ ၂၉ ရက်က 'မိုရာ'ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုအရှိန်ကြောင့် လူနေအိမ်အမိုးအကာများ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ မြို့ပေါ်ရပ်ကွက် ကျေးရွာအုပ်စုများတွင် လူနေအိမ် ၂၈ လုံး၊ ဆေးရုံဆေးခန်း တစ်ခု၊ ဌာနဆိုင်ရာရုံး သုံးရုံး၊ စာသင်ကျောင်း ၁၇ ကျောင်း၊ ဘုန်းကြီးကျောင်း ၁၃ ကျောင်း၊ ရေတွင်းရေကန် လေးခုနှင့် အုန်းချောင်းတံတားကမ်းကပ်ခုံ မြေထိန်းနံရံများပျက်စီးခဲ့ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

# တရုတ်ဝန်ကြီးချုပ်လီ ဥရောပခေါင်းဆောင်များနှင့် တွေ့ဆုံရန်ထွက်ခွာ

**ပေကျင်း မေ ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် လီခချန်းသည် ဂျာမနီနှင့်ဘယ်လ်ဂျီယံနိုင်ငံတို့သို့ အလည်အပတ်ခရီးစဉ်သွားရောက်ရန်နှင့် ဥရောပသမဂ္ဂခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်အတွက် ဗုဒ္ဓဟူးနေ့တွင် ပေကျင်းမှထွက်ခွာခဲ့ကြောင်း သိရသည်။

ဘာလင်၌ ခေတ္တနေထိုင်မှုအတွင်းဝန်ကြီးချုပ်လီနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့သည် နှစ်နိုင်ငံဝန်ကြီးချုပ်များအကြား နှစ်ပတ်လည်ဆွေးနွေးပွဲတစ်ခု ပြုလုပ်သွားကြမည် ဖြစ်သည်။

လီသည် ၎င်း၏ဘယ်လ်ဂျီယံခရီးစဉ်အတွင်း ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျိန်းကလော်ဒီဂျန်ကာတို့နှင့်အတူ (၁၉) ကြိမ်မြောက် တရုတ်-ဥရောပခေါင်းဆောင်များအစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



**တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်အား တရုတ်ဝန်ကြီးချုပ် လီက ၂၀၁၄ခုနှစ် ဇူလိုင် ၇ ရက်က ကြိုဆိုခဲ့စဉ်** (လီသည် ဂျာမနီနှင့် ဘယ်လ်ဂျီယံနိုင်ငံများသို့ တရားဝင်ခရီးစဉ်သွားရောက်ရန် ပေကျင်းမှ မေ ၃၁ ရက်တွင် ထွက်ခွာခဲ့သည်။ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် လီသည် အန်ဂျလာမာကယ်နှင့်တွေ့ဆုံမည်ဖြစ်သည်။)

# တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် ပင်တဂွန်စမ်းသပ်အောင်မြင်

**ဝါရှင်တန် မေ ၃၁**

အမေရိကန်တပ်မတော်သည် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများကို ခုခံနိုင်မည့် အစီအစဉ်များအနက် တစ်ခုဖြစ်သည့် တိုက်ချင်းပစ်ဒုံးကျည်ပစ်ခတ်မှုကိုကာကွယ်နိုင်မည့် ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို ပထမဆုံးအကြိမ်စမ်းသပ်အောင်မြင်ခဲ့သည့်အတွက် အင်္ဂါနေ့တွင်အောင်ပွဲခံခဲ့ကြောင်း သိရသည်။

ဒုံးကျည်ကာကွယ်ရေးစနစ်အားစမ်းသပ်ရာတွင် အမေရိကန်တပ်မတော်သည် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို မာရှယ်ကျွန်းပေါ်ရှိ Kwajalein Atoll မှ အလက်စကာ တောင်ပိုင်းရှိပင်လယ်ထဲသို့ဦးစွာ ပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်ခဲ့ပြီးနောက် ယင်းလက်နက်အားကြားဖြတ်သည့်အနေဖြင့် နောက်ထပ်ဒုံးကျည်တစ်စင်းကို ကယ်လီဖိုးနီးယားရှိ ဗန်ဒန်ဘတ်လေတပ် အခြေစိုက်စခန်းမှ ပစ်လွှတ်ခဲ့သည်။

ကျွမ်းကျင်ပညာရှင်များသည် ယင်းစမ်းသပ်မှုကို ကျည်ဆန်တစ်ခုကိုအခြားကျည်ဆန်တစ်ခုဖြင့် ထိမှန်စေခြင်းကဲ့သို့ခိုင်းနှိုင်းခဲ့ကြသည်။ များစွာသောအကွာအဝေးကို ထည့်သွင်းတွက်ချက်ထားပြီးရှုပ်ထွေးနက်နဲအောင်ပြုလုပ်ထားကြောင်း မှတ်ချက်ချခဲ့သည်။



ဒုံးကျည်ကာကွယ်ရေးအေဂျင်စီက ယင်းစမ်းသပ်မှုသည် တိုက်ချင်းပစ်ဒုံးကျည်ကိုခုခံနိုင်မည့် ပထမဆုံးသောပစ်ခတ်စမ်းသပ်မှုဖြစ်ပြီး အံ့မခန်းအောင်မြင်မှုတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အောင်မြင်သောစမ်းသပ်မှုတစ်ခုကို အကြွင်းမရှိ အာမခံနိုင်ခဲ့ပြီဖြစ်ပြီး အမေရိကန်အနေဖြင့် မြောက်ကိုရီးယားမှဝင်ရောက်လာမည့်ဒုံးကျည်ကို ပစ်ချနိုင်မည့် နည်းလမ်းများစွာရှိနေပြီဖြစ်ကြောင်း ဒုံးကျည်ကာကွယ်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ကဘူးလ်၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက် ၈၀ အထိမြင့်တက်လာ



**ကဘူးလ် မေ ၃၁**

ကဘူးလ်မြို့လယ်ကောင်တွင် ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် အင်အားပြင်းသောပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၈၀ ကျော်သွားပြီဖြစ်ပြီး ဒဏ်ရာရရှိသူ ရာနှင့်ချီ၍ ရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့်ထွက်ပေါ်လာသော အနက်ရောင်မီးခိုးထုကြီးသည် သမ္မတနန်းတော်နှင့် နိုင်ငံခြားသံရုံးများ၏ အထက်ကောင်းကင်ယံဆီသို့ ပျံတက်ရောက်ရှိသွားခဲ့သည်။

ကဘူးလ်တွင်ဖြစ်ပွားခဲ့သည့်ပေါက်ကွဲမှုများအနက် လူအသေအပျောက်အများဆုံးဖြစ်သည့် ယင်းပေါက်ကွဲမှုကြီးသည် အစ္စလာမ်ဘာသာဝင်များ၏ဥပုသ်သီလစောင့်ထိန်းသည့် လရာသီဖြစ်သည့် ရာမာဒင်လစတင်ကျရောက်ချိန်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဂျာမန်သံရုံး၏ဝင်ပေါက်အနီးတစ်နေရာတွင်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး သံရုံးဝန်ထမ်းအချို့နှင့် လုံခြုံရေးအစောင့်တစ်ဦးတို့လည်း သေဆုံးခဲ့ရကြောင်း ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာဂက်ဘရီရယ်လ်က တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

ကဘူးလ်ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူဘာဆာမူဂျာဟစ်က ဂျာမန်သံရုံးအနီးတွင် ကားဗုံးထောင်ထားခဲ့ခြင်းကြောင့် ပေါက်ကွဲရခြင်းဖြစ်ကြောင်း၊ သို့သော် ယင်းအဆောက်အအုံအနီးရှိ အခြားသောရုံးဌာနများကိုလည်း ပစ်မှတ်ထားခဲ့ခြင်းဖြစ်ဟန်တူကြောင်း ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

လတ်တလောတွင်ယင်းပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၈၀ ထက်မနည်းရှိသွားပြီဖြစ်ပြီး ဒဏ်ရာရရှိသူ ၃၅၀ကျော်ရှိသွားပြီ ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးအာဏာပိုင် တစ်ဦးက ပြောသည်။

**(ရိုက်တာ)**

# ရေကြီးရေလျှံမှုများအပြီး သီရိလင်္ကာ၌ ကျန်းမာရေးဆိုင်ရာ စိုးရိမ်ဖွယ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်

**ကိုလံဘို မေ ၃၁**

သီရိလင်္ကာပြည်သူများအားဒုက္ခရောက်စေခဲ့သည့် ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများအပြီးတွင် နိုင်ငံအတွင်း ကျန်းမာရေးဆိုင်ရာစိုးရိမ်ဖွယ်ကိစ္စရပ်များ ပေါ်ပေါက်လာမည့်အခြေအနေများကို ရင်ဆိုင်ရန် ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီး ရာ့ဂျ်သာဆီနာရန်တနီက လတ်တလောတွင်ကူးစက်ရောဂါပျံ့နှံ့ဖြစ်ပွားမှုအခြေအနေမျိုး မတွေ့ရသေးသော်လည်း ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အခြားသောအရေပြားဆိုင်ရာရောဂါဖြစ်ပွားမှုများ ဖြစ်လာနိုင်မည်ဟုကြိုတင်ခန့်မှန်းထားသည့်အတွက်အထူးသတိထားနေရကြောင်း သတင်းထောက်များသို့ပြောကြားခဲ့သည်။

သို့သော်လည်း ရေကြီးမှုဒဏ်ခံစားခဲ့ရသည့်နေရာများတွင် ကျန်းမာရေးအာဏာပိုင်များအား တာဝန်ချထားပြီး မည်သည့်ရောဂါပျံ့နှံ့မှုမျိုးကိုမဆို ရင်ဆိုင်နိုင်ရန် ဆောင်ရွက်ထားသည်ဟု ၎င်းကပြောသည်။ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် နိုင်ငံအတွင်း သေဆုံးသူအရေအတွက်မှာ အင်္ဂါနေ့ညနေခင်းတွင် ၁၉၃ ဦးအထိရှိသွားပြီဖြစ်ပြီး ၉၄ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**




# တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟေးနှင့် ဆက်နွှယ်သူ ချိုင်ဆွန်ဆီ၏သမီးကို အာဏာပိုင်များကဖမ်းဆီး

**ဆိုးလ် မေ ၃၁**

တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွမ်ဟေး၏ မိတ်ဆွေချိုင်ဆွန်ဆီ၏ သမီးဖြစ်သူအား ဒိန်းမတ်နိုင်ငံမှ ပြန်ခေါ်ယူကာ နေရပ်ဆီသို့ ပြန်ပို့ခဲ့ပြီးနောက်တွင် ၎င်းအား တောင်ကိုရီးယားအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရသည်။

တောင်ကိုရီးယား အစိုးရအဖွဲ့၏ မေတ္တာရပ်ခံတောင်းဆိုမှုကြောင့် ဒိန်းမတ်အာဏာပိုင်များသည်အသက် ၂၀ ရှိပြီဖြစ်သည့် ၎င်းအားတောင်ကိုရီးယားသို့လွှဲပြောင်းပေးအပ်ခဲ့သည်။ ၎င်းသည် ဗုဒ္ဓဟူးနေ့တွင် အင်ချွမ်းနိုင်ငံတကာလေဆိပ်သို့ ရောက်ရှိခဲ့သည်။

ချိုင်၏သမီးဖြစ်သည် ကြီးကျယ်ခမ်းနားသည့် Ewha အမျိုးသမီးကျောင်းသို့ တက်ရောက်နိုင်ရန် အခွင့်အရေးရယူခဲ့သည်ဟု သံသယရှိမှုဖြင့် အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်ဟု သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

တောင်ကိုရီးယား နိုင်ငံတွင် သီးသန့်ကျောင်းများသို့ တရားမျှတမှုမရှိသည့် ဝင်ရောက်ခွင့်ပေးအပ်မှုများရှိသည်ဟုဆိုကာ ပြည်သူလူထု၏ မကျေမနပ်ဖြစ်မှုများပိုမိုတိုးပွားလာလျက်ရှိသည်။

သမ္မတဟောင်းပတ်နှင့် ၎င်း၏ မိတ်ဆွေ ချိုင်ဆွန်ဆီတို့အား ဆမ်ဆောင်းကုမ္ပဏီမှ လာဘ်စားခဲ့မှုများအပါအဝင် အခြားပြစ်မှုများဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# ပညာရေးဝန်ကြီးဌာန၏ ယခုနှစ်ဆောင်ပုဒ်အရ ကျောင်းထွက်သူပပျောက်ရေးကို ဦးတည်ဆောင်ရွက်နေ

**သတင်းဆောင်းပါး - မင်းထက်အောင်(မန်းကိုယ်ပွား)**

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ချမှတ်ထားသည့်ဆောင်ပုဒ်အရ 'ကျောင်းထွက်သူပပျောက်ရေး' ကို ဦးတည်သည့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်စေရေးနှင့် မူလတန်းပညာ သင်ယူသူများအားလုံး ပညာသင်ယူပြီးမြောက်စေရေးအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ မသင်မနေရစနစ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

မေ ၃၀ ရက်က မန္တလေး ချမ်းအေးသာဇံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"အိန္ဒိယနိုင်ငံက ကျောင်းထွက်သူဦးရေ ငါးသန်းနဲ့ ပထမနေရာမှာရှိပေမယ့် လူဦးရေက ၁ ဒသမ ၃ ဘီလီယံဆိုတော့ ရာခိုင်နှုန်းနဲ့တွက်ရင် နည်းသွားတယ်။ မြန်မာနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံက ကျောင်းထွက်သူဦးရေ နှစ်နိုင်ငံပေါင်း ၂ ဒသမ ၃သန်းနဲ့ ဒုတိယနေရာမှာ ပူးတွဲရပ်တည်နေတယ်။ သို့သော် အင်ဒိုနီးရှားနိုင်ငံက လူဦးရေ သန်း ၂၅၀ ရှိပါတယ်။ မြန်မာနိုင်ငံက ၅၅ သန်းပဲရှိတာပါ။ အဲဒီနှုန်းတွေနဲ့ ယှဉ်ကြည့်မယ်ဆိုရင်တော့ မြန်မာနိုင်ငံက လက်ရှိလူဦးရေအရ ကျောင်းထွက်သူ အမြင့်ဆုံးနိုင်ငံအဖြစ် ဖော်ပြခံနေရတယ်။ ဒါကြောင့် ကျောင်းထွက်သူ ပပျောက်ရေးကို ဦးတည်ဆောင်ရွက်နေတာပါ"ဟု ၎င်းက ပြောသည်။

၂၀၁၆ ခုနှစ် ယူနက်စကို၏ အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ကျောင်းထွက်သူအများဆုံး ဒုတိယနိုင်ငံအဖြစ် အင်ဒိုနီးရှားနိုင်ငံနှင့် ပူးတွဲရပ်တည်နေသော်လည်း လူဦးရေ အချိုးအစားအရ ကမ္ဘာတွင် ကျောင်းထွက်သူအများဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံက ဖော်ပြခံထားရကြောင်း သိရသည်။

ကျောင်းထွက်သူ ပပျောက်ရေးအပြင် ပညာသင်ယူသူကလေးတိုင်း ပညာရေးအရည်အသွေး မြင့်မားစေရန်အတွက် ဆရာ ဆရာမများ၏ အရည်အသွေး၊ သင်ကြားသင်ယူမှု နည်းစနစ်များနှင့် သင်ရိုးညွှန်းတမ်းများ၏ အရည်အသွေးများ မြင့်မားလာစေရန်အတွက်လည်း ဆောင်ရွက်လျက်ရှိပြီး ဆရာ ဆရာမများ၏ အရည်အသွေးများ မြင့်မားစေရန်အတွက် နှစ်နှစ်သင် ပညာရေးကောလိပ်များကို လေးနှစ်သင် ပညာရေး ဒီဂရီကောလိပ်များအဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သင်ကြားသင်ယူမှု နည်းစနစ်တွေအတွက် နွေရာသီကာလတွေမှာ မွမ်းမံသင်တန်းတွေ၊ သင်ယူသူဗဟိုပြု နည်းစနစ်တွေကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ သင်ရိုးညွှန်းတမ်း မြှင့်တင်ဖို့အတွက် ယမန်နှစ်က KG ပညာရေးစနစ်ကို သင်ရိုးသစ်နဲ့ စတင်သင်ကြားပေးခဲ့ပြီး ဒီနှစ်မှာတော့ ပထမတန်းကို ဘာသာရပ် ၁၀ မျိုးပါဝင်တဲ့ သင်ရိုးသစ်နဲ့ စတင်သင်ကြားတော့မှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**"သင်ကြားသင်ယူမှု နည်းစနစ်တွေအတွက် နွေရာသီကာလတွေမှာ မွမ်းမံသင်တန်းတွေ၊ သင်ယူသူဗဟိုပြု နည်းစနစ်တွေကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ သင်ရိုးညွှန်းတမ်းမြှင့်တင်ဖို့အတွက် ယမန်နှစ်က KG ပညာရေးစနစ်ကို သင်ရိုးသစ်နဲ့ စတင်သင်ကြားပေးခဲ့ပြီး ဒီနှစ်မှာတော့ ပထမတန်းကို ဘာသာရပ် ၁၀ မျိုးပါဝင်တဲ့ သင်ရိုးသစ်နဲ့ စတင်သင်ကြားတော့မှာ ဖြစ်ပါတယ်"**



ပညာရေးအရည်အသွေး ကောင်း/မကောင်းကို နိုင်ငံတကာတွင် ကျောင်းနေနှုန်းမြင့်မားမှု၊ ကျောင်းထွက်နှုန်း လျော့နည်းမှုနှင့် မူလတန်းအဆင့်၌ တစ်မိနစ်အတွင်း စာဖတ်စွမ်းရည်အပေါ်တွင် မူတည်၍ တိုင်းတာလျက်ရှိရာ ပညာရေးဝန်ကြီးဌာနအနေဖြင့် Grade-2 ကျောင်းသား ကျောင်းသူများကို တစ်မိနစ်အတွင်း အနည်းဆုံး စာလုံးရေ ၄၀ ဖတ်နိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများက ပူးပေါင်းပါဝင်ပေးကြရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကလည်း နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို ဆောင်ရွက်ပေးနေသည့်အပြင် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးနေသဖြင့် မိဘပြည်သူများအနေဖြင့် မည်သည့်အခက်အခဲ ဖြစ်နေစေကာမူ မိမိတို့၏ ကျောင်းနေအရွယ်ကလေးများကို ကျောင်းသို့အရောက် ပို့ပေးကြရန်နှင့် မူလတန်းအဆင့် အောင်မြင်သည်အထိ ကျောင်းမထွက်စေဘဲ သင်ကြားခွင့်ပေး၍ နိုင်ငံတော်၏ပညာရေးရည်မှန်းချက် အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။



## ဗန္ဓုလပန်းခြံလမ်း ပလက်ဖောင်းပေါ်ဈေးဆိုင်များကြောင့် အများပြည်သူသွားလာရေး အခက်အခဲဖြစ်နေ

**ရန်ကုန် မေ ၃၁**

ရန်ကုန်မြို့လယ် လူစည်ကားရာ မဟာဗန္ဓုလပန်းခြံလမ်းပေါ် ရန်ကုန်တိုင်း တရားလွှတ်တော်ရှေ့ရှိ လူသွားလမ်းပလက်ဖောင်းပေါ်တွင် ရုံးဖွင့်ရက်များ၌ စာချုပ်စာတမ်းအမျိုးမျိုး ရောင်းချသည့်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ အစီအရီ ဖွင့်လှစ်ရောင်းချလျက်ရှိ၍ လမ်းသွားလမ်းလာပြည်သူများနှင့် တိုင်းဒေသကြီးတရားလွှတ်တော်သို့ လာရောက်သောပြည်သူများမှာ သွားလာရေးအခက်အခဲကြုံနေရကြောင်း သိရသည်။

"ဒီဗန္ဓုလပန်းခြံလမ်းက ပလက်ဖောင်းပေါ်မှာ လူသွားလို့မရဘူးဖြစ်နေတယ်။ ရုံးဖွင့်ရက်မှာ အဆိုးဆုံးပဲ။ ပလက်ဖောင်းပေါ် လမ်းလျှောက်လို့မရလို့ ကားလမ်းပေါ်သွားမယ်ဆိုတော့လည်း ကားတွေနဲ့ပြည့်နေတယ်။ ပြည်သူတွေလျှောက်ဖို့ လမ်းပျောက်နေပြီ။ ရန်ကုန်မြို့တွင်းမှာ အများပြည်သူလျှောက်တဲ့ ပလက်ဖောင်းတွေပေါ်မှာ ဈေးဆိုင်တွေ မဖွင့်သင့်တော့ဘူး"ဟု ဗန္ဓုလပန်းခြံလမ်းပေါ်ရှိ ရုံးတစ်ရုံးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ အဆိုပါ ဗန္ဓုလပန်းခြံလမ်း၏ ပန်းခြံဘက်တွင်လည်း အမိုးဖြင့်ရောင်းချသော ငါးပေပတ်လည်ဈေးဆိုင်ခန်း ၁၅၀ ကျော်ကို ခွင့်ပြုထား၍ အစားအသောက်များ ခင်းကျင်းရောင်းချလျက်ရှိရာ ထိုနေရာတွင်လည်း ပလက်ဖောင်းလူသွားလမ်း ပျောက်နေကြောင်း သိရသည်။

**သတင်း - (၁၆၄)၊ ဓာတ်ပုံ - သစ္စာ**

## ဘားအံမြို့တွင် ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံသစ်ဖွင့်လှစ်

**ဘားအံ မေ ၃၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာန ဖွင့်ပွဲကို မေ ၃၀ ရက်က ဘားအံမြို့ အမှတ်(၂)ရပ်ကွက် သစ္စာလမ်းရှိ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ယခင်က ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးမှု အားနည်း၍ ကူးသန်းရောင်းဝယ်မှုတွင်လည်း သိသာထင်ရှားသည့် ကူးသန်းရောင်းဝယ်မှုများ မရှိခဲ့ကြောင်း၊ ယခု နိုင်ငံတော်က စီမံဆောင်ရွက်ပေးသည့် ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာနသည် ပြည်နယ်၏ ကူးသန်းရောင်းဝယ်မှုအတွက် ခြေလှမ်းတစ်ခုပင်ဖြစ်ကြောင်း၊ တရားနည်းလမ်းကျစွာ တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်းမှ ဆောင်ရွက်ပေးသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ဗဟိုအဆင့်မှ လာရောက်ဖွင့်လှစ်ပေးသည့်အတွက် အထူးကျေးဇူးတင်ကြောင်း အမှာစကားပြောကြားခဲ့သည်။



ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

နိုင်ငံ၏ထုတ်ကုန်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေခံထားသည့်အတွက် ဒေသတွင်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိရန်၊ ဒေသ၏ထွက်ကုန်များကို မြှင့်တင်ပေးနိုင်ရန်၊ ပြည်တွင်းကုန်သွယ်မှု တိုးတက်လာစေရန်၊ ပြည်ပပို့ကုန် တိုးတက်လာစေရန်နှင့် နိုင်ငံ၏ဝင်ငွေ တိုးတက်ရရှိလာစေရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရေးသည် တိုင်းပြည်၏ အခြေခံကျသည့်လုပ်ငန်းများဖြစ်ကြောင်းနှင့် ဒေသ၏စီးပွားရေး တိုးတက်ရေး၊ ဒေသအစိုးရကို ကူညီပံ့ပိုးပေးနိုင်ရေး၊ ဒေသတွင်း လုပ်ငန်းရှင်များအား ကူညီပံ့ပိုးနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာနကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရေဝတီတိုင်းဒေသကြီးအစိုးရ၏ တစ်နှစ်တာ ပြောင်းလဲတိုးတက်မှု သတင်းစာရှင်းလင်း

**ပုသိမ် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီးအစိုးရ၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ မေ ၃၀ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက အမှာစကားပြောကြားပြီး စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ မြို့ပြ/ကျေးလက်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သဘာဝဘေးနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမှုကဏ္ဍ စသည်တို့တွင် တစ်နှစ်တာကာလအတွင်း တိုးတက်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ကဏ္ဍအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ပြည်တွင်း ရုပ်သံနှင့် ပုံနှိပ်မီဒီယာများက သိရှိလိုသည်များကို မေးမြန်းကာ ဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့သည်။

ရှင်းလင်းပွဲသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုသိမ်အခြေစိုက် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



# တရားမဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သောသစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား မေ ၃၁**

သစ်တောများ စီမံအုပ်ချုပ်မှုအားကောင်းလာစေရန်၊ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုရရှိလာစေရန်၊ တရားမဝင်သစ်နှင့် ဆက်စပ်ကုန်သွယ်မှုများအား တိုက်ဖျက်ရန်နှင့် မြန်မာနိုင်ငံမှသစ်များ ဥရောပသမဂ္ဂသို့ တရားဝင်တင်ပို့နိုင်ရေးတို့အတွက် အစိုးရ၊ လွှတ်တော်၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများပါဝင်သည့် တရားမဝင်သစ်တောထွက်ပစ္စည်းများဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ၊ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း (FLEGT-VPA) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေပိုင်းအထိ မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇောက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်သည့် ရည်ရွယ်ချက်များနှင့် အစိုးရသစ်လက်ထက် သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ အကြံပေး ဦးမျိုးမင်းက FLEGT နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ဝင်းထွန်းက FLEGT-VPA လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းမန်နေဂျာ ဒေါက်တာတင်တင်မြင့်က တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်နှင့်ပတ်သက်၍ လည်းကောင်း၊ BRIDGE အဖွဲ့မှ ဒါရိုက်တာ ခေါလွေက FLEGT-VPA တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေလင်းအောင်က FLEGT-VPA တွင် ပုဂ္ဂလိကကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကောင်းမွန်သောသစ်သောစီမံအုပ်ချုပ်ခြင်း၊ အကျိုးဆက်စပ်ပတ်သက်သူများ ဖော်ထုတ်ခြင်းနှင့် FLEGT-VPA အောင်မြင်ရေးအတွက် လိုအပ်ချက်များ စသည့် ခေါင်းစဉ်များဖြင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အုပ်စုကိုယ်စားလှယ်များက ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို စုစည်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံနှလုံးသွေးကြောခွဲပညာရှင်များအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲ၌ ဂျပန်နိုင်ငံမှ နှလုံးသွေးကြောခွဲဆရာဝန်ကြီးတစ်ဦးက စာတွေ့ လက်တွေ့သင်ကြားပို့ချမည်


**မန္တလေး မေ ၃၁**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၌ ဇွန်လ ၂ ရက်မှ ၃ ရက်အထိ ပြုလုပ်မည့် မြန်မာနိုင်ငံနှလုံးသွေးကြောခွဲပညာရှင်များအဖွဲ့၏ စတုတ္ထအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲ၌ ဂျပန်နိုင်ငံ Shonan Kamakura General Hospital ဆေးရုံမှ နှလုံးသွေးကြောခွဲဆရာဝန်ကြီး Professor Dr.Shigeru Saito က နှလုံးသွေးကြောခွဲခြင်းဆိုင်ရာ နည်းပညာရပ်များကို စာတွေ့ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မေ ၃၁ ရက်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၌ ပြုလုပ်သည့် အကြိုရှင်းလင်းပွဲတွင် ယင်းဆေးရုံကြီး နှလုံးရောဂါ အထူးကုဌာနမှ ပါမောက္ခ ဒေါက်တာကျော်စိုးဝင်းက ပြောကြားခဲ့သည်။ **(ယာပုံ)**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် Professor Dr.Shigeru Saito က လက်ကောက်ဝတ်သွေးကြောကို အသုံးပြု၍ သွေးကြောခာတ်မှန်ရိုက်ခြင်းနှင့် အချိန်ကြာမြင့်စွာ လုံးဝပိတ်နေသော နှလုံးသွေးကြောများအား ခွဲစိတ်မှုမပြုလုပ်ဘဲ Stent ထည့်၍ သွေးကြောချဲ့ခြင်းကို စာတွေ့သင်ကြားပေးမည့်အပြင် လူနာအား လက်တွေ့သွေးကြောချဲ့နေသည်ကို ရုပ်မြင်သံကြားမှ တစ်ဆင့် ပြသ၍ တိုက်ရိုက်အပြန်အလှန် သင်ကြားပေးသွားမည်ဖြစ်သည်။

"တစ်ကမ္ဘာလုံးမှာ ဟိုးအရင်တုန်းက ခွဲစိတ်ပြီး သွေးကြောဖြတ်ဆက်ကုသမှုကနေ နောက်ဆုံးပေါ်နည်းပညာတွေနဲ့ မခွဲမစိတ်ရဘဲ သွေးကြောချဲ့တဲ့ကုထုံးကို အခုလာပို့ချမယ့် ဆရာဝန်ကြီးက ပထမဆုံးစပြီးဆောင်ရွက်ခဲ့တာပါ။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ပြင်ဦးလွင်မှာရှိတဲ့ အရပ်ဘက်နဲ့ တပ်မတော်က နှလုံးသွေးကြောအထူးကုဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျွမ်းကျင်ပညာရှင်တွေ၊ ပါရဂူသင်တန်းသားတွေကို စာတွေ့သင်ကြားပေးပြီး သွေးကြောချဲ့ခန်းထဲမှာ လက်တွေ့သွေးကြောချဲ့နေတာကို ဗီဒီယိုရိုက် တိုက်ရိုက်လွှင့်ပြီး သင်ကြားရေးခန်းမထဲမှာရှိတဲ့သူတွေနဲ့ တိုက်ရိုက် အမေးအဖြေလုပ် သင်ကြားသွားမှာပါ" ဟု ၎င်းက ပြောသည်။

သင်ကြားပို့ချမည့် ဂျပန်နိုင်ငံက Professor Dr. Shigeru Saito သည် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ပို့ချခြင်းဖြစ်ပြီး အာရှနိုင်ငံများတွင် နဝမအကြိမ်မြောက် ပို့ချခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ သင်ကြားပို့ချချက်များကို သင်ထောက်ကူအရုပ်များဖြင့် လူနာများကို မိမိတို့ ကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ လေ့ကျင့်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံနှလုံးသွေးကြောခွဲပညာရှင်များအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့၌ တစ်လှည့်စီပြုလုပ်လျက်ရှိရာ ယခု မန္တလေးတွင် စတုတ္ထအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃၁ စီး၊ သွင်းကုန် ၅၇၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း၌ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၅၄ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၆ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၇ ဒသမ ၅၄ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၃၀ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Crown တစ်စီး၊ Toyota Alphard နှစ်စီး၊ Suzuki Carry တစ်စီး၊ Nissan Elgrand တစ်စီး၊ Nissan X-Trail တစ်စီး၊ Toyota Kluger နှစ်စီး၊ Nissan Wingroad တစ်စီး၊ Diahatsu Hijet တစ်စီး၊ Toyota Hiace တစ်စီးနှင့် Toyota Wish သုံးစီးတို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ် ၁၄ စီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၄၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Toyota Crown၊ Toyota Alphard၊ Suzuki Carry၊ Nissan Elgrand၊ Nissan X-Trail၊ Toyota Kluger ၊ Nissan Wingroad၊ Diahatsu Hijet၊ Toyota Hiace၊ Toyota Wish တို့ကို တွေ့ရစဉ်**

# ဂန့်ဂေါမြို့ ခုတင် ၁၀၀ ဆေးရုံတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ကုသလျက်ရှိ

**ဂန့်ဂေါ မေ ၃၁**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်ဆေးရုံ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာနီလာသိန်းနှင့် ၂၆ ဦးပါဝင်သည့်အဖွဲ့သည် မေ ၃၀ ရက် နံနက် ၇ နာရီမှစတင်ကာ ဂန့်ဂေါမြို့ခုတင် ၁၀၀ ဆေးရုံ၌ မျက်စိအတွင်းတိမ်ရောဂါအပါအဝင် မျက်စိဝေဒနာရှင်များကို အခမဲ့ ကုသဆောင်ရွက်ပေးလျက်ရှိရာ ယင်းနေ့တွင် ဝေဒနာရှင် ၈၄၄ ဦးအား မျက်စိကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ခဲ့၍ ၈၄ ဦးအား ခွဲစိတ်ကုသပေးကာ ၄၄၆ ဦးအား ဆေးဝါးကုသပေးခဲ့ပြီး မျက်မှန်စမ်းသပ်တပ်ဆင်ပေးသူ ၃၁၄ ဦးရှိကြောင်း သိရသည်။

အဆိုပါ မျက်စိဝေဒနာရှင်များ အခမဲ့ကုသပေးရာသို့ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းတို့နှင့် တာဝန်ရှိသူများ ရောက်ရှိအားပေးကြကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ဇွန် ၁ ရက်အထိ ဆက်လက်ကုသပေးသွား မည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

# မွေးမြူရေးနှင့်ကုသရေးဆိုင်ရာသင်တန်းဖွင့်

**တောင်ကုတ် မေ ၃၁**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေလ နောက်ဆုံးပတ်က တရဘာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရဘာကျေးရွာအုပ်စု၊ ပေါက်ပြင်ကျေးရွာအုပ်စုတို့မှ ရပ်မိရပ်ဖများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ သင်တန်းကို မေ ၂၂ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမြန်လမ်းတွင် ရွေ့မန်းသူ ခရီးသည်တင်ယာဉ်က လိုက်ထရပ်ယာဉ်ကို နောက်မှဝင်တိုက်၊ နှစ်ဦးသေ၊ ၁၄ ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၃၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဥတ္တရသီရိမြို့နယ် မိုင်တိုင်အမှတ် ၂၀၇/၄ နှင့် ၅ အကြား မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း သန်းနိုင်စိုး မောင်းနှင်လာသော ရွှေမန်းသူ ခရီးသည်တင်ယာဉ်မှာ မေ ၃၁ ရက် နံနက် ၂ နာရီခန့်က အရှိန်မထိန်းနိုင်ဘဲ ရှေ့ကွန်ကရစ်လမ်းအစပ်တွင် ရပ်ထားသော ယာဉ်မောင်း ဦးတင်ထွန်းမောင်းနှင်သည့် လိုက်ထရပ်ယာဉ်အား နောက်မှဝင်တိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ရွှေမန်းသူ ခရီးသည်တင်ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ခရီးသည် ၃၅ ဦးမှာ ထိခိုက်မှုမရှိသော်လည်း လိုက်ထရပ်ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ၁၈ ဦးအနက် နှစ်ဦး သေဆုံးပြီး ၁၄ ဦးမှာ အတွင်းလူနာအဖြစ် ဒဏ်ရာရရှိခဲ့သည်။

သေဆုံးသူရုပ်အလောင်းနှင့် ဒဏ်ရာရရှိသူများအား ပန်းတင်အမြန်လမ်း ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ အဆိုပါ ရွှေမန်းသူ ခရီးသည်တင်ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိရေးအတွက် ဂိတ်တာဝန်ခံများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ အောင်မင်္ဂလာအဝေးပြေးဂိတ် တာဝန်ခံမှ အဆိုပါယာဉ်မောင်းအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရဲစခန်းသို့ လာရောက်အပ်နှံခဲ့သည်။ သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင် ပေါ့ဆစွာမောင်းနှင်သူ ရွှေမန်းသူခရီးသည်တင်ယာဉ်မောင်းအား ပန်းတင်အမြန်လမ်း ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**



# ၂၂ ဘီးယာဉ် လက်ဖက်ရည်ဆိုင်ဝင်တိုက်၊ တစ်ဦးသေဆုံး

**တောင်ကြီး မေ ၃၁**

ရွှေညောင်မြို့ စဉ့်ဟယ်ဈေးအရှေ့ဘက် တောင်ကြီး-ကလော-မိတ္ထီလာ ပြည်ထောင်စုလမ်းမ မိုင်တိုင် ၁၀၆/၅ တွင် မေ ၃၁ ရက် နံနက် ၆ နာရီခွဲက ကျောက်မီးသွေးများ တင်ဆောင်လာသည့် ၂၂ဘီးတွဲကား 2E/---- ယာဉ်က အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ သစ်ပင်နှင့် ဖုန်းတိုင်တို့အား ဝင်တိုက်ပြီး ထူးရှယ်လက်ဖက်ရည်ဆိုင်ကိုပါ ဆက်တိုက်မိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါယာဉ်တိုက်မှုကြောင့် လက်ဖက်ရည်ဆိုင် အဆောက်အအုံနှင့်ကားဂိုဒေါင်တို့ ပျက်စီးကာ လမ်းဘေးတွင် လမ်းလျှောက်နေသည့် နယ်မြေခံတပ်မှ တပ်ကြပ်စောအလွင်အား တိုက်မိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ယာဉ်မောင်း သန်းတင့်ဆွေနှင့် ယာဉ်နောက်လိုက် အောင်နိုင်ဦးတို့တွင်လည်း ဒဏ်ရာများ (အတွင်းလူနာ၊ မစိုးရိမ်ရ)ရရှိခဲ့ပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူ နှစ်ဦးအား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ပို့ဆောင်ကုသစစ်ဆေးခဲ့ကြောင်းနှင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ သန်းတင့်ဆွေအား ရွှေညောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

# ကျိုင်းလပ်၌ ငွေကျပ် ၃၁၆ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကျိုင်းလပ် မေ ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့နယ် မြန်မာ-လာအို ချစ်ကြည်ရေးတံတားအနီး၌ လာအိုနိုင်ငံသို့ သယ်ဆောင်သွားမည့် ငွေကျပ် ၃၁၆ သိန်းကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို မေ ၃၀ ရက်က သိမ်းဆည်းရမိခဲ့သည်။



မေ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကျိုင်းလပ်မြို့ မြန်မာ-လာအို ချစ်ကြည်ရေးတံတားတွင် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များသည် လာအိုနိုင်ငံသို့ မူးယစ်ဆေးဝါး သယ်ဆောင်ရန်ရှိကြောင်း သတင်းအရ တံတားနှင့် မီတာ ၈၀၀ ခန့်အကွာ စက်လှေဆိပ်အနီးတွင် ကင်းပုန်းဝပ် စောင့်ဆိုင်းနေစဉ် ဦးချာဆောင် (၄၆ နှစ်) ကျာခမ်းဆောင်ကျေးရွာ ကျိုင်းလပ်မြို့နေသူ သယ်ဆောင်လာသော လက်ဆွဲအိတ်အား ယူဆောင်လာစဉ် စက်လှေအနီးသို့ လုံခြုံရေးအဖွဲ့က မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။

ကျိုင်းလပ်နယ်မြေရဲစခန်း ရဲအုပ် တင်လင်းမောင်ထံ ဗိုလ်ကြီး မင်းသူခန့်က အဆိုပါအိတ်အား လွှဲပြောင်းအပ်နှံပြီး ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၈ ပြားခန့်၊ အလေးချိန် ၁၂၆ ဒသမ ၆၈ ဂရမ်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၆၇၀၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ လက်ဝယ်တွေ့ရှိသူ ဦးချာဆောင် (၄၆ နှစ်)အား ကျိုင်းလပ်နယ်မြေရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရတနာပွင့်လှကန်တော်ကြီး၌ ကလေးတစ်ဦး ရေနစ်သေဆုံး

**တောင်တွင်းကြီး မေ ၃၁**

တောင်တွင်းကြီးမြို့ မောင်းတိုင်(၁)ရပ်ကွက်ရှိ ရတနာပွင့်လှကန်တော်ကြီးတွင် မေ ၃၀ ရက် မွန်းလွဲပိုင်းက ကလေးငယ်နှစ်ဦး ရေဆင်းဆော့ရာမှ တစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း တောင်တွင်းကြီးမြို့မရဲစခန်းမှ သိရသည်။

တောင်တွင်းကြီးမြို့မရဲစခန်းမှ ရရှိသော သတင်းအရ မသက်ထားဆွေ(ရှစ်နှစ်) တတိယတန်း တောင်ပြင်(၂)ရပ်ကွက် တောင်တွင်းကြီးမြို့နေသူသည် ၎င်း၏ အစ်ကိုအရင်းဖြစ်သူ ဝရိန်မင်းထက်(၁၀ နှစ်)နှင့်အတူ ရတနာပွင့်လှကန်တော်ကြီးရှိ တံတား(၄)တိုင်မြောက် နေရာမှ ရေထဲသို့ဆင်းကစားစဉ် မသက်ထားဆွေမှာ နစ်မြုပ်သွားသဖြင့် အစ်ကိုဖြစ်သူ ဝရိန်မင်းထက်မှ ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံခဲ့ရာ အနီးအနားရှိ အမျိုးသားသုံးဦးက ရေထဲသို့ဆင်း၍ ဆယ်ယူခဲ့ခြင်းဖြစ်ပြီး မသက်ထားဆွေကို သေဆုံးလျက် ဆယ်ယူရရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဆေးရုံတက်နေသော လူနာတစ်ဦးထံမှ ရွှေထည်နှင့် ငွေကျပ် ၂၁ သိန်းကျော်ခန့် ခိုးယူသူအား ဖမ်းမိ

**ကျောင်းကုန်း မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ တရားလို မအေးအေးခိုင်သည် မေ ၁ ရက်က ခင်ပွန်းဖြစ်သူ ဆေးရုံတက်နေသဖြင့် စောင့်ရှောက်ပေးနေစဉ် မေ ၂ ရက် နံနက် ၈ နာရီခန့်တွင် ၎င်း၏ ရွှေထည်များနှင့် ငွေကျပ် ၂၁ သိန်းကျော် ထည့်ထားသော ပိုက်ဆံအိတ်အား ဘေးခုတင်လွတ်ပေါ် တင်ထားခဲ့ပြီး ရေသွားချိုးစဉ် ၎င်း၏ ပိုက်ဆံအိတ်မှာ ပျောက်ဆုံးသွားခဲ့သဖြင့် ခိုးယူသူအား ဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းခဲ့သည်။

အမှုအား ကျောင်းကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်အောင်က စစ်ဆေးဆောင်ရွက်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက စုံစမ်းထောက်လှမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပထမဦးစွာ ဆေးရုံတွင် တရားလိုနှင့် အဆောင်အတူတက်ရောက်ခဲ့သော လူနာများထံမှ အခင်းဖြစ်သည့်နေ့ ညနေတွင် ဆေးရုံမှဆင်းသွားသော သောင်းမြင့် အမှတ် ၃ ရပ်ကွက်နေသူမှာ ဆေးရုံမှဆင်းလာပြီး ၎င်း၏နေအိမ်တွင် ရက်အနည်းငယ်အတွင်း ငွေကြေးသုံးစွဲမှုများ ပုံမှန်အတိုင်းမဟုတ်ဘဲ ပိုမိုသုံးစွဲကြောင်း၊ ၎င်းနေအိမ်အား သွပ်မိုးခြင်းများ လုပ်ဆောင်ကြောင်း၊ အမွေရသည်ဟု ပြောကြောင်း စသည့်သတင်းစကားများအား တာဝန်သိပြည်သူများထံမှ သိရှိခဲ့ရပြီး သောင်းမြင့်အား နယ်ထိန်းတပ်ဖွဲ့ဝင်များမှ လျှို့ဝှက်စောင့်ကြည့်ခဲ့သည်။

ထို့နောက် သောင်းမြင့်အား ကျောင်းကုန်းမြို့မရဲစခန်းတွင် ဖမ်းဆီးစစ်ဆေးရာ တရားခံသောင်းမြင့်မှ ဝန်ခံသဖြင့် သက်သေပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ရွှေဆိုင် နှစ်ဆိုင်တွင် ရောင်းချထားကြောင်း၊ တရားခံ၏ ထွက်ဆိုချက်အရ မေ ၃၀ ရက်တွင် သင်္ဃန်းကျွန်းမြို့မရဲစခန်းနှင့် ဆက်သွယ်ကာ သက်သေခံ ရွှေထည်ပစ္စည်းများအား ပြန်လည်သိမ်းဆည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**


**အမည်ပြောင်း**

ဦးမောင်မောင်နိုင်၏သား မန္တလေးမြို့ ပင်မ ကိုယ်ပိုင်အထက်တန်းကျောင်း န၀မတန်းမှ မောင်ဖြိုးဟိန်းကျော်အား မောင်အောင်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်မင်းခန့်**

**စာအုပ်စာပေလူ့မိတ်ဆွေ**

✦ ၄-တန်းမှ ၈-တန်းအထိ အင်္ဂလိပ်စာ (နှစ်ပေါက်သင်တန်း)
✦ *Essay, Letter* ကျောင်းစာနှင့်ဆက်စပ်၍ *Speaking* သင်သည်။
✦ ဆရာဒွေး(အင်္ဂလိပ်စာ)၏သမီး

**ဆရာမဒွေးစန္ဒာလွင်**

B.A (Hons), M.A (English)

ဂုဏ်ထူးထွက်၍ သွက်လက်စွာပြောတတ်မည် မှန်ပြီ

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 09-5080104, 09-5047516

**CLAIMS DAY NOTIC**

**M.V GRAND DUKE VOY:NO(009)**

Consignees of cargo carried by M.V GRAND DUKE VOY:NO(009) are here by notified that the vessel will arrive on about 1-6-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဖခင်အမည်မှန်**

မုံရွာမြို့နယ်၊ လယ်ဇင်ကျေးရွာ အထက(ခွဲ)ပဉ္စမတန်းမှ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးလှသန်းထွန်း ၅/မရန(နိုင်)၂၀၄၈၁၄ ဖြစ်ပါသည်။ **ဦးလှသန်းထွန်း**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ (အထက)ကုလားချောင်းကြီး ဒုတိယတန်းမှ မချစ်စုလှိုင်၏ဖခင်အမည်မှန်မှာ ဦးမင်းနောင်ဝင်း ၇/သနပ(နိုင်)၁၅၀၅၁၉ ဖြစ်ပါကြောင်း။

**ဦးမင်းနောင်ဝင်း**

**ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်၊ မီးသတ်ရေယာဉ်၊ စက်လှေ၊ ရော်ဘာလေသွင်းလှေ၊ မီးသတ်ပစ္စည်းကိရိယာ၊ မြေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချ/တင်သွင်းရမည့်ရက်** -၁-၆-၂၀၁၇ ရက်မှ ၁-၇-၂၀၁၇ရက်အထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၄၈၆၉၉၂၆၆
(ခ) ၀၉-၄၉၂၉၄၅၀၂၊ ၀၉-၄၂၅၃၅၅၉၇၇

**ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ် မီးသတ်ဦးစီးဌာန၏ ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကော်မတီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချ/တင်သွင်းရမည့်ရက်** -၁-၆-၂၀၁၇ ရက်မှ ၁-၇-၂၀၁၇ ရက်အထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၄၈၆၉၉၂၆၆
(ခ) ၀၉-၄၉၂၉၄၅၀၂၊ ၀၉-၄၂၅၃၅၅၉၇၇

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်မြို့တော်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း(၁၀)နေရာဆောင်ရွက်ရန်အတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံထုတ်ပေးမည့်ရက်** | - | ၃၁-၅-၂၀၁၇ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၁၄-၆-၂၀၁၇ရက် ၁၆း၀၀နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - | ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၄၉၁

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

ညောင်လေးပင်မြို့ အထက(၂)န၀မတန်း(င)မှ မသင်းသင်းမိုး၏ဖခင်အမည်မှန်မှာ ဦးနေမင်းထွန်း ၇/ညလပ(နိုင်)၁၈၈၅၂၁ ဖြစ်ပါကြောင်း။ **ဦးနေမင်းထွန်း**

**၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်**




The New Light of Future Students' Companion

ယခင် The New Light of Myanmar ကျောင်းသားစာစဉ် အယ်ဒီတာများ ရေးသားပြုစုထားသည့် ကျောင်းသားကျောင်းသူတိုင်း အမှန်တကယ် အားထားရသော The New Light of Future Students' Companion ကျောင်းသားစာစဉ်ကို သုငယ်တန်းမှ ဒသမတန်းအထိ ဇွန်လမှ ဒီဇင်ဘာလ အထိ လစဉ် ထုတ်ဝေသွားမည် ဖြစ်ပါသည်။ လက်ရှိ ပြဋ္ဌာန်းထားသော အမှတ်ပေး စည်းမျဉ်းများနှင့် အညီ ရေးသားပြုစုထားပြီး သင်ရိုးအခြေခံသည့် မေးခွန်း အသစ် အဆန်းများ ထည့်သွင်းထားသည့် အတွက် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စွမ်းရည် ပိုမိုတိုးတက်စေရန် အမှန်တကယ် အထောက်အကူ ပြုပါသည်။

| | |
|---|---|
| (ရန်ကုန်) | ၀၉ ၂၆၂၇၈၄၄၆၆၊ ၀၉ ၇၈၀၇၈၆၁၅၇ |
| (တွံတေး) | ၀၉ ၄၃၀ ၅၁၆၇၉ |
| (နေပြည်တော်) | ၀၉ ၄၃၁၅၇၀၇၃၊ ၀၉၉၆၁ ၂၈ ၂၃၂၃ |

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးလှထွေး၏သမီး ဒေါ်စိမ်းစိမ်း နှင့် ဒေါ်စိန်းစိန်း ၁၂/ဗဟန(နိုင်) ၀၅၂၉၇၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စိမ်းစိမ်း(ခေါ်)ဒေါ်စိန်းစိန်း**

**ID ပျောက်ဆုံးခြင်း**

ကျွန်တော် ဦးမောင်မောင်အေး ID ယာဉ်အမှတ် 6J/7780 ၏ သွင်းကုန် ပါမစ်အမှတ် I1V 14-15. 3503 ၏ CUSTON ID Customs Tatement မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၂၃၂၀၄**

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၈) စည်သူတပ်ခွဲ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့တွေ့ဆုံပွဲသို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

သူငယ်ချင်းတို့ရေ-----

၃၁-၅-၂၀၁၇ရက်ဆို ဒို့ရဲ့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၈) စည်သူတပ်ခွဲ ကျောင်းဆင်းတာ (၃၂)နှစ်ပြည့်မြောက်ပြီမို့ နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲသို့ သူငယ် ချင်းများအားလုံး မိသားစုများနှင့်အတူ တက်ရောက်ချီးမြှင့်ကြဖို့ လေးစားစွာဖိတ် ကြားအပ်ပါတယ်။

**ကျင်းပမည့်ရက်။** ၃-၆-၂၀၁၇ရက်(စနေနေ့)နှင့် ၄-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း

**နေရာ ။** မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၁၁) သတ္တမတန်းအောင်မှ နန်းခံဗိုလ်အား ယနေ့မှစ၍ နန်းကျမ်ဟွမ်ဟု ပြောင်းလဲခေါ်ပါရန်။

**နန်းကျမ်ဟွမ်**

## ဖခင်အမည်မှန်

အထက ကန်ဘက် Grade III မှ မောင်ဘုန်းမြတ်ပိုင်ဇော်၏ ဖခင်အမည်မှန် မှာ ဦးဘိုဘိုထွန်း ၁၄/လပတ(နိုင်)၁၅၄၃၄၄ ဖြစ်ပါကြောင်း။

## ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁ | Canon Digital Multifunction Copier | Nos | 5 |
| ၂ | UPS(650 VA) | Nos | 20 |
| ၃ | Brother Fax Machine | Nos | 5 |
| ၄ | Multifunction Scanner | Nos | 2 |
| ၅ | Laptop Dell Inspiron 5447 | Sets | 5 |
| ၆ | Colour Printer(A-4) | Nos | 7 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၆-၂၀၁၇ရက်မှ ၁၄-၆-၂၀၁၇ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီထိ ရုံးဖွင့်ရက်အတွင်းလာရောက် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၂၈၊ ၀၆၇-၄၁၂၃၉၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ဦးအိုက်စံ၏ သမီး ကျွန်မ ဒေါ်ခင်ဌေးကြည် ၁၃/နမတ(နိုင်)၀၂၄၆၄၁သည် ဦးမြင့်သိန်း ၁၃/တကန(နိုင်)၀၀၃၅၁၄နှင့် ဒေါ်နန်းဖြူနှင်း ၁၃/တကန(နိုင်)၀၆၃၁၀၆ တို့အား လွှဲအပ်ထားသော ကိုယ်စားလှယ်စာအား ၂၂-၅-၂၀၁၇ ရက်တွင် ပြန်လည် ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဌေးကြည်**
**၁၃/နမတ(နိုင်)၀၂၄၆၄၁**

## အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ ရွှေကျေးလမ်း၊ အမှတ်(၁၁၈) နေ ဒေါ်ခင်စိန် (ခ)ဒေါ်လီလီဖေါင်းမှ တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ ရွှေကျေးလမ်း၊ အမှတ်(၁၁၈) နေ ဒေါ်လှုရင် ၁၃/တကန(နိုင်)၁၄၅၀၂၈ ထံသို့ လွှဲအပ်ထားသော ၁၁-၃-၂၀၁၄ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၆/၂၀၁၄)အား ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ပါကြောင်း။

**ဒေါ်ခင်စိန်(ခ)ဒေါ်လီလီဖေါင်း**
**၁၃/တကန(နိုင်)၁၂၅၀၇၇**

**စာအုပ်စာပေလှူ မိတ်ဆွေ**

## ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Digital Camera Sony ILCE-7 (Body+Lens)<br>Lens 20-80 mm, Flash Gun 20M<br>SD Memory Card 16GB (2Pcs) | 10 Nos |
| ၂။ | Indoor Photo Studio Equipment<br>- Godax DP 600 Digital Softbox<br>- Godax DP 400 Digital Softbox<br>- Three Roll Motar<br>- Boom Stand | 1 Set |
| ၃။ | Online UPS 6 KVA, Power Tree | 2 Nos |
| ၄။ | Laptop Dell Intel Core i3-5005U 2.0Ghz,<br>4GB DDR3 RAM, 500GB HDD,<br>Nvidia GT 920 2GB Graphic<br>DVD R/W, 14" LED Display | 6 Nos |
| ၅။ | Personal Computer (Desktop)<br>Asus Core i5 N4460 3.2 GHZ,<br>4GB DDR3 Memory, 500 GB HDD,<br>64bit HD Graphic DVD R/W<br>Acer Monitor 18.5", A4 Tech Keyboard,<br>A4 Tech Mousc, UPS-Green Power 650 VA | 100 Sets |
| ၆။ | Laser Printer Canon LBP 2900B (A4)<br>600 x 600 dpi, 12 ppm | 80 Nos |
| ၇။ | Printer Auto Duplex Canon LBP6230dn<br>25ppm (Mono only) 600 x 600 dpi<br>1200 x 1200 dpi (Equipment)<br>2400 (Equivalent) x 600 dpi<br>Auto Duplex & Network Interface Std | 10 Nos |
| ၈။ | Color Printer<br>Konica Minolta (Magicolor 1650 EN)<br>Print 5/20 ppm (color/mono) Network Interface,<br>Photo Art 9600 dpi (600 x 600 x 4bits)<br>Legal Max Print 256 MB | 5 Nos |
| ၉။ | Dot Matric Printer EPSON LQ 310 | 2 Nos |
| ၁၀။ | Pro Scanner (Epson Perfection V850) | 2 Nos |
| ၁၁။ | Digital Multifunction Copier<br>Konica bizhub 206(A3Size) B/W<br>Copier&Printer A3 Color Scanner,<br>600×600 dpi, 250Sheet Paper Tray, 20PPM | 10 Nos |
| ၁၂။ | Duplo DP-A120, 300×360dpi,<br>90Pages Per Minute, Max B4 Paper Size,<br>Loading Capacity: 500Sheets | 1 No |
| ၁၃။ | Airconditioner 2HP Split Type CHIGO | 10 Nos |
| ၁၄။ | ရုပ်ရှင်ပြခန်းအတွင်း အအေးပေးစနစ်နှင့်အသံစနစ် ဆောင်ရွက်ခြင်း | |
| | (a) Airconditioner 7.5HP Duct Type Split Gree(or)Teco | 2 Nos |
| | (b) Sub-Woofer | |
| | - JBL 4645C Single 460mm(18in) | 1 No |
| | - Digital Sound Tracks in Motion Picture Theaters<br>- Rater Inpedance (8 ohms)<br>- Continuous Pink Noise(800Watts)<br>- Continuous Program (1600 Watts) | |
| | (c) Amplifier | 3 Nos |
| | - QSC ISA SERIES<br>- ISA 750-450-650-1200 Watts Per Channel | |
| | (d) Surround Speaker | 2 Nos |
| | -JBL 8320(200mm) (8in)<br>-Dimensions (H×W×D)<br>(406mm × 343mm × 224mm) | |
| | (e) Speaker | 1 No |
| | (i) Left Speaker<br>-JBL 4638 (380mm) (15in)<br>-Dimensions(H×W×D)<br>(991mm× 648mm× 451mm)<br>-Unit 2446H/J | |
| | (ii)Right Speaker | 1 No |
| | -JBL 4638(380mm)(15in)<br>-Dimensions(HxWxD)<br>(991 mmx648mmx451mm)<br>-Unit 2446H/J | |
| | (iii)Centre Speaker | 1 No |
| | -JBL 4638(380mm)(15in)<br>-Dimensions (HxWxD)<br>(991mmx648mmx451mm)<br>-Unit 2446H/J | |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၆-၂၀၁၇ရက်မှ ၃၀-၆-၂၀၁၇ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၆-၂၀၁၇ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်**
**ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၉၊၀၆၇-၄၁၂၆၂၄**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ**
**ပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လမ်းလုပ်ငန်းသုံး ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-

| စဉ် | Lot No. | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | Lot-1 | Plate Bearing Test | (၄၅) စုံ |
| (ခ) | Lot-2 | Theodolite | (၁၅) စုံ |
| (ဂ) | Lot-3 | Total Station | (၂) စုံ |
| (ဃ) | Lot-4 | Sonic Integraty Test | (၁) စုံ |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၃၀-၆-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်(ဖုန်း-၀၆၇-၄၀၉၀၂၉၊ ၄၀၉၂၁၅) တွင်ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဝန်ထမ်းကောင်းအမြန်အလိုရှိ

**(For Logistics Solutions Services)**

| | | |
|---|---|---|
| (၁) | Accountant | ၁ ဦး |
| (၂) | Assistant Accountant | ၃ ဦး |
| (၃) | Compliance Officer | ၁ ဦး |
| (၄) | Assistant Compliance Officer | ၃ ဦး |
| (၅) | Marketing Officer | ၂ ဦး |
| (၆) | Assistant Marketing Officer | ၄ ဦး |
| (၇) | Logistics Officer | ၂ ဦး |
| (၈) | Assistant Logistics Officer | ၄ ဦး |
| (၉) | Warehouse Operation | ၅ ဦး |
| (၁၀) | Warehouse Documentation | ၅ ဦး |

လုပ်ငန်းခွင်တွင်း သင်ကြားပေးမည်ဖြစ်၍ ရာထူးအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ မရှိသူများလည်း လျှောက်ထားနိုင်သည်။

Officer ရာထူးအားလုံးအတွက်ဘွဲ့ရ။

Assistant ရာထူးအားလုံးအတွက် တက္ကသိုလ်ပညာ သင်ယူတက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

Accountant ရာထူးအတွက် DA နှင့်အထက်။ Assistant Accountant ရာထူးအတွက် LCCI Level II နှင့် အထက်။

Compliance ရာထူးအတွက် တိကျစွာ အုပ်ချုပ်တတ်၍ အလွှာအသီးသီးနှင့် ဆက်ဆံရေးချောမွေ့စွာကြီးကြပ်နိုင်ရမည်။

မန္တလေးတွင်တာဝန်ထမ်းဆောင်နိုင်သူဦးစားပေးမည်။

- ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း(၄င်းစာရွက်စာတမ်းမိတ္တူများ)၊ လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့်ရည်မှန်းချက်၊ အပြည့်အစုံစသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ် ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁**


တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းဃဉ်တိုက်)
Ph: 01-503472, 09 443001453, 09 30775232

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 29 May
10-11:30 (Mon~Thurs) 12 Jun
1 - 4:00 (Sat + Sun) 17 Jun
6 - 7:30 (Mon~Thurs) 19 Jun
1 - 2:30 (Mon~Thurs) 26 Jun

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 29 May
3:30 - 5 (Mon ~ Thurs) 29 May
1 - 4:00 (Sat + Sun) 3 Jun
10-11:30 (Mon ~ Thurs) 5 Jun
3:30 - 5 (Mon~Thurs) 5,12 Jun
1 - 4:00 (Sat + Sun) 10 Jun
9 - 12:00 (Sat + Sun) 17 Jun
6 - 7:30 (Mon ~ Thurs) 19 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 29 May
1 - 4:00 (Sat + Sun) 17 Jun
6 - 7:30 (Mon ~ Thurs) 19 Jun
1 - 2:30 (Mon ~ Thurs) 26 Jun

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 19 Jun

VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 5 Jun

BASIC GRAMMAR
9 - 12:00 (Sat + Sun) 28 May

BASIC WRITING
3:30 - 5 (Mon ~ Thurs) 29 May
1 - 2:30 (Mon ~ Thurs) 13 Jun

IELTS (Preparation)
1 - 3:30 (Mon~Thurs) 5 Jun

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 5 Jun
6 - 7:30 (Mon~Thurs) 12 Jun
7:30-10:30 (Sat + Sun) 24 Jun
3:30 - 5 (Mon~Thurs) 26 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon~Thurs) 29 May
12 - 3:00 (Sat + Sun) 17 Jun
7:30 - 9 (Mon~Thurs) 21 Jun

IELTS (Speaking + Vocab)
10-11:30 (Mon~Thurs) 26 Jun

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 29 May

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 5 Jun
10-11:30 (Mon~Thurs)12,21 Jun
1 - 2:30 (Mon~Thurs) 21 Jun
6 - 7:30 (Mon~Thurs) 26 Jun

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 29 May
7:30-10:30 (Sat+Sun) 17 Jun

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 29 May
9 - 12:00 (Sat + Sun) 3 Jun
6 - 7:30 (Mon~Thurs) 26 Jun

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၁)

— —သိပ္ပံစာရေးဆရာကိုကိုအောင်— —

**မော်တော်ကားအခြေခံ**

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်နေပြီဖြစ်သည့် ယနေ့ မျက်မှောက်ကာလတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ ကုန်စည်စီးဆင်းရေး၊ ခရီးသွားလာရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီမံခန့်ခွဲရေးစသော အရေးကိစ္စအဝဝအတွက် သန်းနှင့်ချီသော မော်တော်ကားများကို ကမ္ဘာတစ်ဝန်းလုံး၌ အသုံးပြုလျက် ရှိနေကြသည်။ သို့အားလျော်စွာ မော်တော်ကားလောက၌ လည်းကောင်း၊ မော်တော်ကားနှင့်ဆက်စပ်သော လုပ်ငန်း များ၌ လည်းကောင်း၊ မော်တော်ကား အရောင်းပြခန်းများ၌ လည်းကောင်း၊ မော်တော်ကားနှင့် ပတ်သက်သော မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ၌လည်းကောင်း အော်တိုမိုဘိုင်းဟူသော ဝေါဟာရကို တွင်တွင်ကျယ်ကျယ် သုံးစွဲလျက်ရှိနေကြသည်။

Automobile ဝေါဟာရ၏ အနက်အဓိပ္ပာယ် အပြည့်အစုံ မှာ လိုသလို ပဲ့ကိုင်ထိန်းချုပ်ပြီး ရွေ့လျားမောင်းနှင်နိုင်သော စက်တပ်ယာဉ်ဟူ၍ ဖြစ်သည်။ သို့ဖြစ်၍ အော်တိုမိုဘိုင်းဟူသော ဝေါဟာရသည် မော်တော်ကားနှင့် ယန္တရားတို့အပါအဝင် စက်တပ်ယာဉ်အားလုံးကို ကိုယ်စားပြုထားလျက်ရှိသည်။ သို့ရာတွင် အော်တိုမိုဘိုင်းဟူသော ဝေါဟာရကို Autoနှင့် Mobile ဟူ၍ စာလုံးတစ်လုံးစီဖြင့် သီးခြားစီခွဲခြားရေးသား၍ မရနိုင်သလို ထိုကဲ့သို့ သီးခြားစီခွဲခြားရေးသားထားသော စာလုံးများကလည်း မော်တော်ကားကို ကိုယ်စားပြုထားရာ မရောက်ပေ။

**ဖွဲ့စည်းတပ်ဆင်ထား**

မော်တော်ကားသည် အော်တိုမိုဘိုင်း အမျိုးအစားတစ်ခု တစ်နည်းဆိုရသော် အော်တိုမိုဘိုင်း အုပ်စုဝင် စက်တပ်ယာဉ် တစ်မျိုး ဖြစ်သည်။ သို့ဖြစ်၍ အော်တိုမိုဘိုင်း၏ အနက်အဓိပ္ပာယ် နှင့်အညီ မော်တော်ကားတစ်စီး၌ စွမ်းအားထုတ်ပေးသည့် အင်ဂျင်ကို တပ်ဆင်ထားသကဲ့သို့ လိုသလို ပဲ့ကိုင်ထိန်းချုပ်နိုင် သော စက်ကိရိယာများနှင့် ရွေ့လျားမောင်းနှင်နိုင်သော စက်ကိရိယာ အားလုံးတို့ကို ဖွဲ့စည်းတပ်ဆင်ပေးထားသည်။

မော်တော်ကားအတွက် စွမ်းအားထုတ်ပေးသည့် ရှေး အကျဆုံးသောအင်ဂျင်မှာ ရေနွေးငွေ့အင်ဂျင် ဖြစ်သည်။ ထိုမှတစ်ဆင့် Internal Combustion Engine ခေါ် အတွင်းပေါက်လောင် အင်ဂျင်ကိုအသုံးပြုခဲ့ကြသည်။ ယင်း နောက် ဘက်ထရီကထုတ်ပေးသည့် လျှပ်စစ်ဓာတ်အားနှင့် လည်ပတ်သောမိုတာဖြင့် မောင်းနှင်သော ဘက်ထရီကားများ ကို သုံးစွဲခဲ့ကြကာ မျက်မှောက်ကာလ၌မူ Hybrid ခေါ် အတွင်းပေါက်လောင်အင်ဂျင်နှင့် မော်တာနှစ်မျိုးကို တစ်လှည့်စီလည်ပတ်စေကာ မောင်းနှင်ရသော မော်တော်ကား များကို ပြောင်းလဲသုံးစွဲလျက်ရှိနေကြသည်။

အင်ဂျင် သို့မဟုတ် မော်တာသည် လည်ပတ်မှုစွမ်းအားကိုသာ ထုတ်ပေးသော စက်ကိရိယာများဖြစ်ကြပြီး ရွေ့လျားမောင်း နှင်နိုင်အောင် စွမ်းဆောင်နိုင်ခြင်း မရှိကြပေ။ မော်တော်ကားကို မောင်းနှင် အသုံးပြုနိုင်ရေးအတွက် ရွေ့လျားစေသောဘီးများ အား အလိုရှိသည့်အတိုင်း ချိန်သားကိုက် လည်ပတ်နိုင်စေရန် အတွက် လည်ပတ်မှုနှုန်းကို လိုသလို ပြောင်းလဲပေးနိုင်သည့် စက်ကိရိယာ အစိတ်အပိုင်းများကိုလိုအပ်သလို ထိုစက် ကိရိယာက ထုတ်ပေးသည့် လည်ပတ်မှုနှုန်းအတိုင်းဘီးများက လိုက်ပါလည်ပတ်နိုင်ရန်အတွက် အဆင့်ဆင့်သော ဝင်ရိုးနှင့် ပင်နယန်များကိုလည်း လိုအပ်သည်။

**ဘီးများကိုလည်ပတ်အောင်ပြု**

အင်ဂျင်က ထုတ်ပေးသော လည်ပတ်မှုစွမ်းအားမှာ လောင်စာဆီပေးသွင်းသည့် ပမာဏနှင့်အညီ တစ်သမတ်တည်း ဖြစ်သော်လည်း အရှိန်ပြောင်းကိရိယာ၏ လုပ်ဆောင်ပေး မှုကြောင့် အဆင့်ဆင့်သော ဝင်ရိုးနှင့်ပင်နယန်များ၊ ဘီးများ၏ လည်ပတ်မှုနှုန်းတို့ကမူ အင်ဂျင်လည်ပတ်နှုန်းနှင့် တူညီမှု မရှိကြပေ။ ထိုကဲ့သို့ အင်ဂျင်၏လည်ပတ်နှုန်းနှင့် တူညီမှုမရှိဘဲ အလိုရှိသောလည်ပတ်နှုန်းအတိုင်း ဘီးများကိုလည်ပတ် အောင်ပြုလုပ်ပေးသည့် စက်ကိရိယာမှာ Power Transmission Unit ပင်ဖြစ်သည်။ ယင်းကိုအရပ်အခေါ် အားဖြင့် ဂီယာဘောက်စ်ဟု သုံးနှုန်းလေ့ရှိကြသည်။

စွမ်းအားထုတ်ပေးသည့် အင်ဂျင်နှင့် မော်တော်ကားဘီး များ၏ လည်ပတ်နှုန်းကို လိုသလိုပြောင်းလဲပေးနိုင်သော ဂီယာဘောက်စ်တို့ကို ထိစပ်တွဲဆက်ရာ၌ တိုက်ရိုက်ဆက်စပ်၍ မရနိုင်ပေ။ အကြောင်းမှာ လောင်စာဆီနှင့် လေတို့ကို ရောနှော ဖိသိပ်ပြီးမှ လောင်ကျွမ်းပေါက်ကွဲစေသော Internal Combustion Engine ၏ သဘောသဘာဝအရ အရှိန်ပြင်း စွာ တုန်ခါလှုပ်ယမ်းမှု ရှိနေသောကြောင့်ပင် ဖြစ်သည်။

ထိုကဲ့သို့သော ပြင်းထန်သည့် တုန်ခါလှုပ်ယမ်းမှုကို ထိန်းချုပ်ကာ တည်ငြိမ်မှုရှိအောင် လုပ်ဆောင်နိုင်ရေးအတွက် အသုံးပြုရသည့် စက်ပစ္စည်းမှာ Flywheel ခေါ် သံမဏိ ကျောက်ပျဉ်ချပ်ကြီးပင် ဖြစ်သည်။ အရည်အသွေးမြင့် သံမဏိဖြင့် ပြုလုပ်အပ်သော ဖလိုင်းဝှီးကို Crankshaft ၏ တစ်ဖက်စွန်း၌ တပ်ဆင်ပေးလိုက်သည့်အခါ အင်ဂျင်တုန်ခါမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်လိုက်နိုင်သည့်အတွက် ဖလိုင်း ဝှီးတပ်ဆင်ထားပြီးသော အင်ဂျင်မှာတည်ငြိမ်သွားတော့သည်။

မော်တော်ယာဉ် အင်ဂျင်နီယာပညာအရ ဖလိုင်းဝှီးမတပ် ဆင်မီကအင်ဂျင်၏စွမ်းအားကို Indicated Horse power (ihp)ဟု ခေါ်ဆိုပြီး ဖလိုင်းဝှီးတပ်ဆင်ပြီးနောက်မှ ထွက်ပေါ် လာသော အင်ဂျင်၏စွမ်းအားကိုမူ Brake Horsepower (bhp) ဟု ခေါ်ဆိုသည်။ သို့ဖြစ်၍ ဖလိုင်းဝှီး တပ်ဆင်ပြီးသော အင်ဂျင်သည် တည်ငြိမ်မှုကို ရရှိသွားသလို ihp နှင့် bhp အကြား၌ စွမ်းအားဆုံးရှုံးမှုကလည်း အများအပြား ဖြစ်ပေါ်ခဲ့ရ သည်။

**ကလပ်ကိုကြားခံတပ်ဆင်**

မည်သို့ပင်ဆိုစေကာမူ တည်ငြိမ်သွားပြီဖြစ်သော စွမ်း အားရှင် အင်ဂျင်ကြီးသည် ဂီယာဘောက်စ်နှင့်တွဲစပ်နိုင် ရန်အတွက် အသင့်အနေအထားသို့ ရောက်ရှိသွားပြီဖြစ်သည်။ ဂီယာဘောက်စ်သည် သမားရိုးကျ စိတ်ကြိုက်စနစ် (Manual) ဖြစ်ပါက တစ်နည်းအားဖြင့် စိတ်ကြိုက်အရှိန်ပြောင်းစနစ် ဖြစ်ပါက ကလပ်(Clutch) ကို ကြားခံတပ်ဆင်ပေးရပြီး အလိုအလျောက်စနစ် (Automatic)ဖြစ်ပါကမူ ကလပ်ကို ကြားခံတပ်ဆင်ရန် မလိုအပ်ပေ။

သမားရိုးကျ လက်သုံးစနစ် ဂီယာဘောက်စ်ဖြစ်စေ၊ အလိုအလျောက်စနစ် ဂီယာဘောက်စ်ဖြစ်စေ၊ ဝင်ရိုး(Shaft) နှင့် ပင်နယန်(Pinion)များကို အသုံးပြု တည်ဆောက်ထား သော စက်ကိရိယာများ ဖြစ်ကြသည့် အတွက် တစ်ခုနှင့်တစ်ခု ထိစပ်လည်ပတ်စေရာ၌ ကွက်တိအံကျ စီမံပြုလုပ်၍မရဘဲ ကြားလွတ်ဧရိယာ (Clearance) ကို ထားပေးရသည်။ ထိုကဲ့သို့ ထားပေးမှသာလည်ပတ်မှုနှုန်းကို ပြောင်းလဲရာ၌ ပင်နယန်များချောမွေ့စွာ ချိတ်ဆက်လည်ပတ်နိုင်ကြမည် ဖြစ်သည်။

**စွမ်းအားဆုံးရှုံးမှုဖြစ်ပေါ်**

ပင်နယန်တစ်ခုနှင့်တစ်ခုအကြား၌ ကြားလွတ်ဧရိယာများ ရှိနေသည့်အတွက် ယင်းတို့အချင်းချင်း ထိစပ်လည်ပတ်သည့် အခါ ပထမပင်နယန်၏ လည်ပတ်မှုစွမ်းအားကို ဒုတိယ ပင်နယန်က အပြည့်အဝမရရှိပေ။ အလားတူပင် ဒုတိယ ပင်န ယန်၏ လည်ပတ်မှုကိုလည်း တတိယပင်နယန်က ရာနှုန်းပြည့် မရရှိပေ။ ဤနည်းအားဖြင့် ပင်နယန်တစ်ခုနှင့် တစ်ခုအကြား၌ စွမ်းအားဆုံးရှုံးမှုများ အဆင့်ဆင့် ဖြစ်ပေါ်လာရပြန်သည်။

ဂီယာဘောက်စ်မှ ထွက်ပေါ်လာသော လည်ပတ်မှုစွမ်းအား ကို အရပ်အခေါ်အားဖြင့် ဂျိုင်းဟုသုံးနှုန်းနေကြသော လှည့် ဝင်ရိုး (Propeller Shaft) နှင့် ရှပ်ဟုသုံးနှုန်းနေကြသော မောင်းဝင်ရိုး (Drive Shaft) တို့က အဆင့်ဆင့်လွှဲပြောင်း ပို့ဆောင်ပေးကြခြင်းအားဖြင့် မော်တော်ကားဘီးများဆီသို့ ရောက်ရှိလည်ပတ်နိုင်ကြကာ ကားကိုရွေ့လျားစေခြင်း ဖြစ် သည်။

အထက်ပါ လည်ပတ်မှုစွမ်းအား လွှဲပြောင်းပို့ဆောင်မှုစနစ် အဆင့်ဆင့်၌လည်း ရှေးကနည်းတူ ဝင်ရိုး၊ ပင်နယန်နှင့် Universal Joint များ၌ စွမ်းအားဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရ သည်။ သို့ဖြစ်၍ နောက်ဆွဲ အင်ဂျင်တပ် မော်တော်ကားတစ်စီး၏ အင်ဂျင်နှင့် ဘီးတို့အကြား၌ စွမ်းအားဆုံးရှုံးမှု စုစုပေါင်းမှာ ၇၂ ရာခိုင်နှုန်းအထိ ရှိနေပြီး ဘီးကရရှိသော လက်ကျန်စွမ်းအား မှာ ၂၈ ရာခိုင်နှုန်းမျှသာလျှင် ဖြစ်သည်။

**သုံးစွဲနှုန်းသက်သာ**

ရှေ့ဆွဲအင်ဂျင်တပ်စနစ် (Front Wheel Drive-FWD System) ၌မူ နောက်ဆွဲအင်ဂျင်တပ်စနစ် (Rear Wheel Drive - RWD System) ထက်စွမ်းအားဆုံးရှုံးမှုများစွာ လျော့ပါးသက်သာသည့်အတွက် ရှေ့ဆွဲအင်ဂျင်တပ်မော်တော် ကားများက နောက်ဆွဲအင်ဂျင်တပ် မော်တော်ကားများထက် လောင်စာဆီသုံးစွဲနှုန်းသက်သာခြင်းပင် ဖြစ်သည်။

**အင်ဂျင်**

၂၀ ရာစု နှောင်းပိုင်းကာလမတိုင်မီ အချိန်အထိ အင်ဂျင်မျိုးဆက်သစ်တစ်မျိုးကို ထပ်မံထီထွင် ထုတ်လုပ်နိုင်ရန် အနည်းဆုံး ငါးနှစ်မှခုနစ်နှစ်အထိပင် အချိန်ယူခဲ့ကြရသည်။ ယနေ့ခေတ်သုံးအတွင်း ပေါက်လောင်အင်ဂျင် ( I.C Engine) တစ်ခုကို အသစ်ထပ်မံတီထွင်နိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာအရ ဘက်စုံထောင့်စုံမှ ကျယ်ကျယ် ပြန့်ပြန့်စဉ်းစားသုံးသပ်ပြီးမှသာ လုပ်ဆောင်နိုင်ကြမည် ဖြစ်သော်လည်း ပြောင်းလဲတိုးတက်လာသည့် ကွန်ပျူတာ နည်းပညာများကြောင့် နှစ်နှစ်မျှသော အချိန်တိုကာလအတွင်း မှာပင် ပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်စွမ်း ရှိနေကြပြီဖြစ်သည်။

မော်တော်ကား ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီကြီး များတွင် အဆိုပါလုပ်ငန်း၏ အသက်သွေးကြောဟု ဆိုရမည် ဖြစ်သော နည်းပညာဆိုင်ရာ သုတေသနဌာန (Technical Research Centre)သည် ထုတ်လုပ်သမျှသော မော်တော် ကားတိုင်း၏ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှုတို့အတွက် သုတေသနအများအပြားကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြ ရသည်။

**ကြိုတင်စဉ်းစားတွက်ချက်**

အင်ဂျင်မျိုးဆက်သစ်တစ်မျိုးကို ထပ်မံထုတ်လုပ်နိုင် ရန်အတွက် အခြေခံလိုအပ်ချက်များ ဖြစ်ကြသော အင်ဂျင်၏ စွမ်းအား၊ လောင်စာဆီသုံးစွဲနှုန်း၊ တုန်ခါမှု၊ ဝန်မဲ့လည်ပတ်အား၊ ဝန်ပြည့်လည်ပတ်အား စသည်တို့ကိုသာမက အင်ဂျင်၏ အပူချိန်မြင့်တက်နှုန်းနှင့် အပူချိန်ကျဆင်းနှုန်းများကိုပါ အသေးစိတ် စနစ်တကျ တွက်ချက်ကြရသည်။ အင်ဂျင်၏ အပူချိန်မြင့်တက်နှုန်းဟု ဆိုရာတွင် အအေးခံစနစ် (Cooling System) ကောင်းမွန်နေစဉ်၌ ဖြစ်ပေါ်သည့် အပူချိန်မြင့်တက် နှုန်းကို သာမက၊ အအေးခံစနစ် ချွတ်ယွင်းမှု တစ်ခုခု (ဥပမာ- အအေးခံပန်ကာ ရပ်သွားခြင်း၊ ရေတိုင်ကီ ရေယိုစိမ့်ခြင်း၊ ရေပိုက်ပေါက်ပြဲခြင်း စသည်...) ဖြစ်ပေါ်သည့်အခါမျိုး၌ ရှိလာမည့် အပူချိန်မြင့်တက်နှုန်းကိုပါ ကြိုတင်စဉ်းစား တွက် ချက်ကြရသည်။




မောင်းနှင်နေရင်း ပုံမှန်အပူချိန်မြင့်တက်နှုန်းနှင့် ချွတ် ယွင်းမှု တစ်စုံတစ်ရာကြောင့် ရုတ်တရက်အပူချိန်မြင့်တက်နှုန်း များကြောင့် အင်ဂျင်အတွင်းရှိ အစိတ်အပိုင်းများ ထိခိုက် ပျက်စီးခြင်း မရှိရလေအောင် အင်ဂျင်ဘလောက် (Engine Block)၊ အင်ဂျင်အဖုံး (Engine Head) စသည်တို့ကိုသာမက ပစ္စတင်နှင့် ပစ္စတင်ကွင်းများ၊ ကရိုင်းရှပ် (Crankshaft) ၊ ကွန်နက်တင်းရော့ (Connecting Rod) စသော အတွင်း ပိုင်း၌ လည်ပတ်လှုပ်ရှားရသည့် အစိတ်အပိုင်းများကို ပုံစံရေးဆွဲ ၍ ထုတ်လုပ်ရာ၌ပါ Metallurgy ခေါ် သတ္တုဗေဒပညာရပ်ကို အစွမ်းကုန် အသုံးချကြရသည်။

**တွက်ချက်ရေးဆွဲထုတ်လုပ်**

ထိုကဲ့သို့ အဆင့်ဆင့်သော သုတေသနလုပ်ငန်းများ၊ ပုံစံရေးဆွဲသည့် လုပ်ငန်းများ၊ စမ်းသပ်မှုများ၊ မွမ်းမံမှုများ၊ အတည်ပြုထုတ်လုပ်သော လုပ်ငန်းစဉ်များ အားလုံးကို အောင်မြင်စွာဖြတ်သန်းပြီးနောက် အင်ဂျင်မျိုးဆက်တစ်ခု ပေါ်ထွက်လာပြီဆိုလျှင် အင်ဂျင်ထုတ်လုပ်မှု၏ နောက်ဆုံး အဆင့်ဖြစ်သော အင်ဂျင်အခိုးအငွေ့များ လေထုထဲသို့ စနစ်တကျ စွန့်ထုတ်နိုင်ရေးကို ဆောင်ရွက်ကြရသည်။ တစ် နည်းဆိုရသော် အင်ဂျင်၏ စွန့်ထုတ်အခိုးအငွေ့များကို ပို့ဆောင် ထုတ်လွှတ်ပေးသည့် အိတ်ဇောပိုက် (Exhaust Pipe)၏ ပုံစံကိုစနစ်တကျ တွက်ချက်ရေးဆွဲကာ ထုတ်လုပ်ကြရသည်။

မော်တော်ကားအင်ဂျင်မှ စွန့်ထုတ်သော အခိုးအငွေ့များ ထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် အများစုဖြစ်သည့် ဖန်လုံ အိမ်အာနိသင်ဓာတ်ငွေ့များ ရောနှောပါဝင်နေသည့်အတွက် ကမ္ဘာကြီးကို ပိုမိုပူနွေးမှုဖြစ်စေသော အဆိုပါ ဓာတ်ငွေ့ စွန့် ထုတ်မှုအား ထိန်းချုပ်သည့် နည်းပညာများကို ရှေ့တန်းတင် လာကြသည့် ယနေ့မျက်မှောက်ကာလတွင် အင်ဂျင်ထုတ် လုပ်ကြသော မော်တော်ယာဉ် အင်ဂျင်နီယာများသည် မိမိတို့ ထုတ်လုပ်အပ်သည့် အင်ဂျင်မျိုးဆက်အတွက် Emission Control ဟု ခေါ်ဆိုသော စွန့်ထုတ်အခိုးအငွေ့ထိန်းချုပ်သည့် နည်းပညာကိုပါ ပူးတွဲအသုံးချကာ ဆောင်ရွက်ကြရသည်။

မည်မျှစွမ်းအားရှိသော အင်ဂျင်ဖြစ်စေကာမူ ပေါက် လောင်ပြီးသော အခိုးအငွေ့များကို စွန့်ထုတ်ရာ၌ အကုန်အစင် စွန့်ထုတ်ပစ်နိုင်မှသာ အင်ဂျင်၏စွမ်းရည်ကို အပြည့်အဝ ရရှိနိုင်မည်ဖြစ်သည်။ အင်ဂျင် ပေါက်လောင်ခန်းအတွင်း၌ ပေါက်လောင်ထားပြီးသော အခိုးအငွေ့များ ကြွင်းကျန်နေမည် ဆိုလျှင် အဆိုပါအင်ဂျင်မှာ တဖြည်းဖြည်းနှင့် စွမ်းရည်ကျဆင်း လာလိမ့်မည် ဖြစ်သည်။

ထို့ကြောင့်ပင် အင်ဂျင်တစ်လုံးအတွက် ပေါက်လောင်ပြီး သည့် အခိုးအငွေ့များကို စွန့်ထုတ်နိုင်ရန် ပထမအရေးကြီးသော အစိတ်အပိုင်းမှာ စွန့်ထုတ်အဆို့ရှင်ဟု ခေါ်ဆိုသော Exhaust Valve ဖြစ်ကာ ဒုတိယအရေးကြီးသော အစိတ်အပိုင်းကမူ အိတ်ဇောပိုက်ပင် ဖြစ်သည်။ စွန့်ထုတ်အဆို့ရှင်သည် အင်ဂျင် အတွင်းရှိ အစိတ်အပိုင်းဖြစ်ပြီး အိတ်ဇောပိုက်ကမူ အင်ဂျင်ပြင်ပ ရှိ အစိတ်အပိုင်း ဖြစ်သည်။

**အလွန်ပင်အရေးပါ**

အင်ဂျင်တစ်လုံးအတွက် အိတ်ဇောပိုက်သည် အရေးကြီး သော အစိတ်အပိုင်းတစ်ခု ဖြစ်သည့် အားလျော်စွာ အိတ်ဇော ပိုက်ပုံစံ ရေးဆွဲထုတ်လုပ်မှုကလည်း အလွန်ပင်အရေးပါသည်။ အင်ဂျင် ပေါက်လောင်ခန်း တစ်ခုစီက စွန့်ထုတ်လိုက်သည့် ဓာတ်ငွေ့ပမာဏကို စုပေါင်းပြီး လေထုထဲသို့ အပြည့်အဝ စွန့် ထုတ်နိုင်ရန် အိတ်ဇောပိုက်၏အချင်း (Diameter)၊ အရှည် (Length)နှင့် အကွေးအကောက် (Curved Line) တို့ကို စနစ်တကျ စဉ်းစားတွက်ချက် ထုတ်လုပ်ကြရသည်။

အချို့သော အင်ဂျင်အတွက် အိတ်ဇောပိုက်တစ်ချောင်းနှင့် အသံထိန်းအိုး (Silencer) တစ်ခုသာ လိုအပ်သော်လည်း၊ အချို့သော အင်ဂျင်များအတွက်မူ အိတ်ဇောပိုက်တစ်ချောင်းနှင့် အသံထိန်းအိုးနှစ်ခု တပ်ဆင်ပေးထားရသည်။ Twin Cam/ Multi-Valve အင်ဂျင်များအတွက်မူ အိတ်ဇောပိုက် နှစ်ချောင်းနှင့် အသံထိန်းအိုးနှစ်လုံးစီ တပ်ဆင်ပေးထားရသည်။ သို့ဖြစ်၍ မော်တော်ကားတစ်စီး၌ မူလထုတ်လုပ်ပေးလိုက်စဉ် ကတည်းကတပ်ဆင်ပါရှိလာသော အိတ်ဇောပိုက် အရွယ်အစား နှင့် အရေအတွက်၊ အသံထိန်းအိုးအရွယ်အစားနှင့် အရေ အတွက်မှာ အင်ဂျင်ထုတ်လုပ်မှု နည်းပညာအရလိုအပ်၍သာ တပ်ဆင်ပေးထားခြင်း ဖြစ်သည်ကို သိရှိထားသင့်ပြီး မိမိ သဘောဖြင့် အိတ်ဇောပိုက်များ ပြောင်းလဲတပ်ဆင်ခြင်းမျိုးကို လုပ်ဆောင်ခြင်း မပြုမိစေရန်ဂရုပြုကြရမည်ဖြစ်သည်။

# ဝမ်းတွင်းမြို့နယ် ကျောင်းကုန်းကျေးရွာ လျှပ်စစ်ဓာတ်အားစနစ်ဖြင့် ကိုယ့်အားကိုယ်ကိုး မီးလင်းပြီ

**မန္တလေး မေ ၃၁**

ဝမ်းတွင်းမြို့နယ် ကျောင်းကုန်းကျေးရွာ အုပ်စု ကျောင်းကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မေ ၂၇ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ကာ အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာ ဦးနေဦးက ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုများနှင့် လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချမှုဆိုင်ရာများကို ပြောကြားခဲ့သည်။ ကျောင်းကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တိုင်းဒေသကြီး အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖွံ့ဖြိုးမှုလုပ်ငန်း ဘဏ္ဍာငွေမှ ငွေကျပ် ၄၉ ဒသမ ၂၉ သန်းကျော်၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် သိန်း ၅၀၀ ကျော်တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး 11KV ဓာတ်အားလိုင်း သုံးမိုင်၊ 400 ဗို့ ၁ ဒသမ ၉၉ မိုင်၊ 11/0.4 KV 315 KVA ထရန်စဖော်မာတို့ကို တည်ဆောက်ခဲ့ကာ အိမ်ခြေ ၃၂၃ အိမ်ကိုလျှပ်စစ်မီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အသက် ၅၀ ရှိပါပြီ။ ခုအချိန်အထိ လျှပ်စစ်မီးရဖို့ဆိုတာ အိပ်မက်တောင် မမက်ဖူးပါဘူး။ ခေတ်ပြောင်းလာတဲ့အခါ ကျွန်တော်တို့နယ်ဘက်ကို လျှပ်စစ်မီးရအောင် လုပ်မယ်ဆိုပြီး စိတ်ကူးပေါ်ခဲ့ပါတယ်။ အစိုးရရဲ့ကူညီမှုနဲ့ လျှပ်စစ်မီးရနိုင်တယ်ဆိုပြီးတော့လည်း ကြိုးပမ်းခဲ့ပါတယ်။ 11 KV လိုင်းကို ရွာနဲ့သုံးမိုင်လောက်ဝေးတဲ့အရပ်ကနေ ဆွဲရမှာဆိုတော့ ကျွန်တော်တို့မှာ ရန်ပုံငွေမရှိဘူးပါဘူး။ ဒါနဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်ဝန်ကြီးကို အကူအညီတောင်းခဲ့တယ်။ ဒေသခံလူထုကငွေကျပ် ၅၈၁ သိန်းနဲ့ အစိုးရရဲ့ ဆင်းရဲမှုလျှော့ချရေးကနေပြီး ကူညီထောက်ပံ့ငွေနဲ့ပေါင်းပြီး မီးလင်းခဲ့ပါတယ်" ဟု ကျောင်းကုန်းကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းညွန့်က ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကော့ကရိတ်မြို့နယ်တွင် မှိုမျိုးစုံစိုက်ပျိုးနည်းသင်တန်းဖွင့်

**ကော့ကရိတ် မေ ၃၁**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲတို့ ပူးပေါင်း၍ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုး ငြိမ်းချမ်းရေးဒေသတွင် မှိုမျိုးစုံမွေးမြူ စိုက်ပျိုးရေးသင်တန်းကို မေ ၂၉ ရက်မှ ဇွန် ၂ အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရ သည်။



အဆိုပါသင်တန်းဖွင့်ပွဲကို မေ ၂၉ ရက်ကကျင်းပရာ KNU / KNLA Peace Council မှ စောထော့လေးက ကျေးဇူးတင်စကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူးဦးမြင့်ဆွေနှင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်တို့က အမှာစကားပြောကြားသည်။

သင်တန်းတွင် သင်တန်းသူ သင်တန်းသား ၄၀ နှင့် ဌာနဆိုင်ရာ အရာထမ်းအမှုထမ်းများတက်ရောက်ကြကာ အဆိုပါ သင်တန်းပို့ချမှုတွင် စာတွေ့လက်တွေ့ဖြင့်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

# အဝါရောင်မှိုစေ့ရောဂါလျှော့ချနိုင်ရေးပညာပေးဆွေးနွေး

**နေပြည်တော် မေ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်းကာ အဝါရောင်မှိုစေ့ရောဂါ တိုက်ဖျက်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲတစ်ရပ်ကို မေ ၂၉ ရက်က ဇေယျာသီရိမြို့နယ် သစ်တပ်အုပ်စု၊ သာယာစုကွင်း၊ ကွင်းအမှတ် ၁၆၀၇ ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုးချဲ့ပညာပေးရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဦးက အဝါရောင်မှိုစေ့ရောဂါ တိုက်ဖျက်ရေးအတွက် စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများအတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှထုတ်ဝေထားသော အဝါရောင်မှိုစေ့ရောဂါဒဏ်ခံနိုင်သည့် ရေဆင်း(၇) မတ်ပဲမျိုးအား တောင်သူများလက်ဝယ်သို့ အချိန်တိုကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးပညာရှင်များက တောင်သူများနှင့် အဝါရောင်မှိုစေ့ရောဂါလျှော့ချနိုင်ရေးအတွက် ရောဂါဖြစ်ကြောင်း၊ သံသရာဖြတ်တောက်နိုင်ရေး ပညာပေးဆွေးနွေးခြင်းများပြုလုပ်ကာ အပြန်အလှန် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြပြီး ကွင်းကျန်ပင်များအား ဖျက်ဆီးခြင်းများပြုလုပ်ခြင်းနှင့် အဝါရောင်မှိုစေ့ရောဂါဒဏ်ခံနိုင်သော ရေဆင်း(၇)မတ်ပဲမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေမှုများကို တောင်သူများအား ပြသခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# စိုက်ပျိုးရေးဦးစီးဌာန၌ ငွေစာရင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

**နေပြည်တော် မေ ၃၁**

စိုက်ပျိုးရေးဦးစီးဌာန ငွေစာရင်းဌာနခွဲ၏ ငွေစာရင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကို မေလနောက်ဆုံးပတ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်စိန် (စီမံ၊ စီမံကိန်း နှင့်ငွေစာရင်း) က အမှာစကားပြောကြားသည်။

"ဒီသင်တန်းဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်က ဝန်ထမ်းတွေအနေနဲ့ သင်တန်းကနေ ငွေစာရင်းဆိုင်ရာပညာရပ်တွေကို စနစ်တကျ လေ့လာသင်ယူပြီး ရရှိလာတဲ့ ဗဟုသုတနဲ့ ပညာရပ်တွေကို လုပ်ငန်းအတွေ့အကြုံနဲ့ ပေါင်းစပ်ကာစွမ်းဆောင်ရည်ပြည့်ဝတဲ့ ပြည်သူ့ဝန်ထမ်းကောင်းတွေဖြစ်စေဖို့နဲ့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ပညာရပ်တွေကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်တွေ ပြည့်စုံမှန်ကန်စေဖို့ပဲဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်စိန်ကပြောသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဦးက ငွေစာရင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်ကြားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ သင်တန်းသား သင်တန်းသူ ၄၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလအတွင်း ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲခြင်းဘာသာရပ်၊ ဘဏ္ဍာရေးစည်းမျဉ်း ဘာသာရပ်၊ စာရင်းရေးသွင်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း ဘာသာရပ်များကို ကျွမ်းကျင်ပညာရှင် အရာထမ်းများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**



# ပြည်ထောင်စုအခွန်အကောက်ဥပဒေရှင်းလင်း

**အောင်လံ မေ ၃၁**

အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂၇ ရက်က ၂၀၁၇ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေရှင်းလင်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မကွေးတိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်တို့က အမှာစကားပြောကြားပြီး မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးနိုင်နိုင်ထွန်းက ၂၀၁၇ ခုနှစ် ပြည်ထောင်စုအခွန်အကောက် ဥပဒေအထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသည့် အောင်လံမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင် အခွန်ထမ်းပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကျင်းပမည်

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ်နှစ်တိုင်း မေ ၃၁ ရက်တွင် ကျင်းပမြဲဖြစ်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ဦးဆောင်ကာ ရန်ကုန်မြို့တော်ဝင်ဂါးဒင်းဟိုတယ်၌ ဇွန် ၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီခွဲ အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ သိရသည်။

ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားကို "Tobacco-a threat to development"ဆေးလိပ်နှင့်ဆေးရွက်၊ ဖွံ့ဖြိုးရေးအတွက် ခြိမ်းခြောက်နှောင့်ယှက်ဆောင်ပုဒ်ပါ ဦးတည်ချက်နှင့်အညီ အစီအစဉ်များအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# နယ်ထိန်းအရာရှိလုပ်ငန်းခွင်(မွမ်းမံ)သင်တန်းဆင်း

**မော်လမြိုင် မေ ၃၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော နယ်ထိန်းအရာရှိလုပ်ငန်းခွင်(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၇)သင်တန်းဆင်းပွဲ အခမ်းအနားကို မေလနောက်ဆုံးပတ်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား ၂၀ အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မေ ၁၅ ရက်က ဖွင့်လှစ်ပြီး သင်တန်း နည်းပြဆရာများက သင်တန်းသားများကို နယ်ထိန်းအရာရှိလုပ်ငန်းများကို ရှင်းလင်းတင်ပြခြင်းနှင့် စာတွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

# ကျောက်တော်မြို့၌ မုန်တိုင်းသတိပေးစာစောင်များဖြန့်ဝေ

**ကျောက်တော် မေ ၃၁**

မြောက်ဦးခရိုင် ကျောက်တော်မြို့၌ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အရေးပေါ် ကြေညာချက်အရ မုန်တိုင်းသတိပေးလက်ကမ်းစာစောင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရွှေခိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြသန်းနှင့် ပြန်/ဆက်ဝန်ထမ်းများက မေ ၂၉ ရက်က စက်လှေဆိပ်များ၊ အဝေးပြေးကားဂိတ်များ၊ သုံးဘီးဂိတ် များ၊ မြို့မဈေးကွင်းများတွင် ပြည်သူများအား မုန်တိုင်းဖြစ်ပေါ်လာပါက အရေးပေါ်လုပ်ဆောင်ရမည့် သတိပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ဆေးရွက်ကြီးအစား အခြားသင့်လျော်သည့်သီးနှံများ အစားထိုးစိုက်ပျိုးရန်လို

**မုံရွာ မေ ၃၁**

ဆေးရွက်ကြီးစိုက်ပျိုးခြင်းအစား ဒေသအလိုက် အခြားသင့်လျော်သည့်သီးနှံများ အစားထိုးစိုက်ပျိုးရန် လိုအပ်သလို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများအနေဖြင့် နိုင်ငံတော်မှပြဋ္ဌာန်းထားသော ဥပဒေနှင့် ညွှန်ကြားချက်များကို လိုက်နာရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောကြားသည်။

မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနခန်းမ၌ မေ ၃၀ ရက်ကကျင်းပသော ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးက ပြောကြားခြင်းဖြစ်သည်။ အခမ်းအနားတွင် လူမှုရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသံလွင်ထွန်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။




"အများပြည်သူတွေအနေနဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးရဲ့ အန္တရာယ်တွေကို သိရှိပြီးတဲ့နောက် ရှောင်ကြဉ်ကြဖို့၊ ဖြတ်နိုင်အောင် ကြိုးစားကြဖို့ လိုပါတယ်။ ဆေးရွက်ကြီးစိုက်ပျိုးတာအစား ဒေသအလိုက် သင့်လျော်တဲ့သီးနှံတွေ အစားထိုးစိုက်ဖို့လိုသလို ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူတွေအနေနဲ့ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်"ဟု ဝန်ကြီးက ပြောသည်။

ကျောင်းသားလူငယ်လူရွယ်လေးများ ဆေးလိပ်နှင့်ဆေးရွက်ကြီးကို စတင်စမ်းသပ်သောက်သုံးခြင်း မရှိအောင် ထိရောက်စွာကာကွယ်နိုင်ရန်နှင့် လက်ရှိသုံးစွဲနေသူများ အနေဖြင့်လည်း သုံးစွဲလိုစိတ်လျော့နည်းလာစေရန် ရည်ရွယ်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းထားသော်လည်း ပြည်သူများ သိရှိနားလည်လိုက်နာမှုတွင် အားနည်းနေသေးကြောင်းလည်း ၎င်းက ဆိုသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် နိုင်ငံတော်ကပြဋ္ဌာန်းခဲ့ပြီး ၂၀၀၇ ခု မေ ၄ ရက်တွင် စတင်၍ အာဏာတည်ပြီဖြစ်သော်လည်း လက်ရှိအချိန်အထိ ၁၀ နှစ်ကျော်ကာလအတွင်း ဥပဒေကို သိရှိနားလည်မှုနှင့် လိုက်နာမှုတွင် အလွန်အားနည်းနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လေ့လာချက်များအရ ဆေးလိပ်သောက်သုံးမှု ၂၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပြီး အမျိုးသား ၄၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး ရှစ်ရာခိုင်နှုန်းသည် လက်ရှိ ဆေးလိပ်သောက်သုံးနေသူများဖြစ်သလို Smokeless Tobacco ဟု ခေါ်သည့် ဆေးရွက်ကြီးပါသော ကွမ်းစားမှုသည် ၄၃ ရာခိုင်နှုန်းခန့်ရှိပြီး အမျိုးသား ၆၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၄ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

အဆိုပါနှုန်းများအရ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် မြန်မာနိုင်ငံသည် ဆေးရွက်ကြီးပါသောကွမ်းစားမှုမှာ အများဆုံးဖြစ်နေသည်ကို တွေ့ရသောကြောင့် ဆေးလိပ်သောက်ခြင်းနှင့်အတူ ကွမ်းစားခြင်းကိုပါ လျှော့ချနိုင်ရန် အားလုံးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သဝဏ်လွှာတွင် ထည့်သွင်းတိုက်တွန်းထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ခြေလက်တု နယ်လှည့်ပြုပြင်ရေးအစီအစဉ်အရ ညောင်လေးပင်တွင် ခြေလက်တုများ လဲလှယ်တပ်ဆင်ပေး

**ညောင်လေးပင် မေ ၃၁**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက တာဝန်ယူဆောင်ရွက်သည့် ဘားအံ ပြန်လည်သန်စွမ်းရေးဌာနမှ တာဝန်ရှိသူများအဖွဲ့၏ ခြေတုလက်တု နယ်လှည့်ပြုပြင်ရေးအစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းမှ ခြေတုလက်တု တပ်ဆင်ထားရသူများအား ခြေဖဝါးနှင့် ခါးပတ်အသစ်များ လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ ဒေါ်အိသူဇာမျိုး ဦးဆောင်သည့်အဖွဲ့နှင့် ညောင်လေးပင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဦးစိုးဝင်း ဦးဆောင်သောအဖွဲ့တို့ ပူးပေါင်းကာ မေ ၃၀ ရက်မှစ၍ ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံကြီး၌ လဲလှယ်ပေးနေခြင်းဖြစ်ပြီး မေ ၃၀ ရက်တွင် မြို့ပေါ်နှင့် ကျေးရွာများရှိ ခြေတုလက်တု တပ်ဆင်ထားရသူ ၅၀ အတွက် ခြေဖဝါးနှင့် ခါးပတ်အသစ်များ ပြုလုပ်ပေးနိုင်ခဲ့ကာ ခြေနှစ်ဖက်စလုံးပြတ်သည့် လူနာတစ်ဦးအား ဘီးတပ်ကုလားထိုင်တစ်ခု ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA ပူးပေါင်း၍ စက်ရေတွင်းများ တူးဖော်ပေးနေ

**ညောင်ဦး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်း(JICA)ရုံးအဖွဲ့တို့ ပူးပေါင်း၍မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးသည့် ကျေးရွာများဖြစ်သော ဖိုးနီကံကျေးရွာနှင့် ကန်စောင့်ကျေးရွာတို့တွင် ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရန်အတွက် ခြောက်လက်မ အဝီစိစက်ရေတွင်းများကို တောင်သူလုပ်ငန်းခွင် မေ ၂၃ ရက်မှစ၍ တူးဖော်ပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်း (JICA)ရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရေတွင်းများ တူးဖော်ခြင်းအတွက် ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်း(JICA)ရုံးက ရေတွင်းတူးရာတွင် အသုံးပြုသည့် တွင်းစာပိုက်၊ ရေမြှုပ်ပန့်နှင့် အခြားဆက်စပ်ပစ္စည်းများကို ပံ့ပိုးကူညီပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖိုးနီကံကျေးရွာအတွက် ခွင့်ပြုငွေ ကျပ် ၁၅ ဒသမ ၃၃ သန်းနှင့် ကန်စောင့်ကျေးရွာအတွက် ခွင့်ပြုငွေ ကျပ် ၁၇ ဒသမ ၃၃၅ သန်းကို ခွင့်ပြုချထားပေးခဲ့ကြောင်း သိရသည်။



စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ ကို JICA ရုံးက တာဝန်ယူဆောင်ရွက်ပေးပြီး သန့်ရှင်းသောမြေအောက်ရေ အလုံအလောက် ရရှိအသုံးပြုနိုင်ရေးအတွက် ဖိုးနီကံကျေးရွာ ရေတွင်းကို အနက်ပေ ၇၀၀ ခန့်နှင့် ကန်စောင့်ကျေးရွာ ရေတွင်းကို အနက်ပေ ၅၀၀ ခန့် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စက်ရေတွင်းတူးဖော်ပြီးစီးပါက ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံများကိုပါ တစ်ပါတည်း ဆောက်လုပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်း(JICA) ရုံးမှ ဦးစီးအရာရှိ(နည်းပညာ) ဦးသန့်ဇင်ဝင်းက ပြောကြားသည်။

အဆိုပါ စက်ရေတွင်းများ တူးဖော်ပြီးစီးသွားပါက ညောင်ဦးမြို့နယ် ဖိုးနီကံကျေးရွာရှိ အိမ်ထောင်စု ၆၅ စုမှ လူဦးရေ ၄၀၀ နီးပါးနှင့် ကန်စောင့်ကျေးရွာရှိ အိမ်ထောင်စု ၆၀ မှ လူဦးရေ ၃၅၀ ခန့်အနေဖြင့် သောက်သုံးရေ လုံလောက်စွာရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း ဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေးအတွက် သီးနှံများအစားထိုးစိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေ

**ကလော မေ ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန်အတွက် နှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်ပျိုးပင်၊ ပညာပေးလက်ကမ်းစာစောင်နှင့် ပညာပေးဆွေးနွေးပွဲအခမ်းအနားကို တောင်ကွဲကျေးရွာအုပ်စု ကုန်းပေါ်ကျေးရွာ မူလတန်းကျောင်း၌ မေ ၂၇ ရက် နံနက်ကပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကလောမြို့နယ် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခန်းယုက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ဇော်မိုးက မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် ပတ်သက်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်နေမှုများနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများအား အသိပညာပေးဆွေးနွေးဟောပြောပြီး အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် ပုလဲသွယ်မျိုးစေ့ ကီလို ၇၀၀၊ အစေ့ထုတ်ပြောင်း ၈၆၈ ကီလို၊ မျိုးစေ့ ၁၂၅ ကီလို၊ ထောပတ်ပျိုးပင် ၅၄၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ရာ ဒေသခံတောင်သူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်ပိုးသန္တာနှင်းက စပ်မျိုးစပါး၊ အစေ့ထုတ်ပြောင်း သိပ္ပံနည်းကျစိုက်နည်းစနစ်များ၊ ထောပတ် GAP စနစ်ဖြင့် စိုက်ပျိုးနည်းစနစ်များအကြောင်းကို ပညာပေးဆွေးနွေးပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

# စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် စည်းရုံးရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို မေ ၂၈ ရက် နံနက် ၈ နာရီက အမှတ် (၃၆) ရပ်ကွက် ပင်လုံလမ်းမရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဒုအရာခံဗိုလ်ဝင်းနိုင်က ဆောင်ရွက်ပြီး သဘာပတိမြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှဌေး(ငြိမ်း)က အမှာစကားပြောကြားသည်။ မြို့နယ်စည်းရုံးရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာကို ဒုတိယဗိုလ်မှူးကြီး သန်းအောင်ကြည်(ငြိမ်း)က ဖတ်ကြားတင်သွင်းပြီး ဒုတိယဗိုလ်မှူးကြီး တင်မျိုးဝင်း(ငြိမ်း)က ထောက်ခံဆွေးနွေးအကြံပြုသည်။

**(မြန်မာ့အလင်း)**

# သုံးခွမြို့နယ် ကျားဘိုကျေးရွာတွင် စက်ရေတွင်းတူးဖော်

**သုံးခွ မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် နွေရာသီကာလ၌ သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများအား လူမှုရေးအဖွဲ့အစည်းများ၊ စေတနာအလှူရှင်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ စက်ရေတွင်းများ တူးဖော်လှူဒါန်းလျက်ရှိရာ မေ ၂၈ ရက်က ကျားဘိုကျေးရွာတွင် ၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ တူးဖော်လှူဒါန်းသော နှစ်လက်မ ပိုက်စက်ရေတွင်းမှာ တူးဖော်ပြီးစီး၍ သောက်သုံးရေများ ရရှိနေပြီဟု သိရသည်။

**ကိုကျော်(သုံးခွ)**

# အသက်မွေးဝမ်းကျောင်း အင်ဂျင်ပြုပြင်သင်တန်းဖွင့်

**မြိုင် မေ ၃၁**

မြိုင်မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အထောက်အကူပြုဖြစ်စေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲကို မေ ၂၉ ရက်က မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးကျော်ညွန့်တို့က အမှာစကားပြောကြားပြီး မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်မင်းထွန်းက တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း ဖွင့်လှစ်သည့်ရည်ရွယ်ချက်များနှင့် သင်ကြားပို့ချမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နော်ဇယ်၊ ပလန်ချာ လဲလှယ်ခြင်း၊ အင်ဂျင်ဟတ်ပြုပြင်ခြင်း၊ စလစ်လဲလှယ်ခြင်း၊ ကရိုင်းဖြုတ်/တပ်/လဲလှယ်ခြင်း၊ ပင်စတင်၊ ရိန်း၊ ဘယ်ယာရင် လဲလှယ်ခြင်း၊ တိုင်ပင်၊ ဂီယာအုံ ဖြုတ်/တပ်/လဲလှယ်ခြင်း စသည့် ဘာသာရပ်များကို မေ ၂၉ ရက်မှ ဇွန် ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မြို့နယ်အတွင်းမှ သင်တန်းသား ၂၀ တက်ရောက်သင်ကြားကြောင်း သိရသည်။

**အောင်ကျော်မြင့်**



# ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာသတ်မှတ်ခြင်း အလုပ်ရုံဆွေးနွေး

**ထားဝယ် မေ ၃၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးမဖမ်းရရာသီ(Closed Season)နှင့် ငါးမဖမ်းရဧရိယာ( Closed Area) သတ်မှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ မေ ၂၉ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းအောင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းရည်ရွယ်ချက်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးသယံဇာတထိန်းသိမ်းရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ရွှေက ငါးလုပ်ငန်းဆိုင်ရာဥပဒေများအကြောင်းနှင့် ငါးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် ငါးသယံဇာတ စီမံခန့်ခွဲခြင်း၏ အရေးပါပုံများအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်သိန်းက ငါးမဖမ်းရရာသီ(Closed Season)နှင့် ငါးမဖမ်းရဧရိယာ(Closed Area)များ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဒေသခံရေလုပ်သားများ၏ သိရှိသဘောပေါက်နားလည်ထားမှုနှင့် သဘောထားအမြင်များကို အဓိကခေါင်းစဉ်(Key Issues)များအလိုက် ဖော်ထုတ်ဆွေးနွေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ စားပွဲဝိုင်းဖြင့် အဖွဲ့လိုက်ဆွေးနွေးကြပြီး ဆွေးနွေးချက်ရလာဒ်များကို အဖွဲ့ခေါင်းဆောင်များက တင်ပြကြကာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးက အဖွဲ့လိုက်ဆွေးနွေးမှုများမှ ရရှိလာသော ရလဒ်များကို လာမည့်နှစ်တွင် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာများ သတ်မှတ်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ရှိ သမိုင်းဝင် မြို့ကျက်သရေဆောင် စေတီတော်ကြီး သန့်ရှင်းသာယာရေးအတွက် စေတီတော်ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မေ ၂၇ ရက်က ဆောင်ရွက်စဉ်။**

နန်းမြင့်(ဝက်လက်)

## အခြေခံပညာကျောင်းပေါင်း ၇၆ ကျောင်းအတွက် ကြက်ခြေနီဆေးပုံးများ ပေးအပ်လှူဒါန်း

**တောင်တွင်းကြီး မေ ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းမှ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဆေးရုံဆေးခန်းများနှင့်ဝေးကွာသည့် အခြေခံပညာကျောင်းပေါင်း(၇၆) ကျောင်းသို့ တောင်တွင်းကြီးမြို့ရှိ စန္ဒာသူရိယ ကျန်းမာ-ပညာ ကူညီရေးအသင်းက ကျောင်းသုံးကြက်ခြေနီဆေးပုံးများ ပေးအပ်လှူဒါန်းပွဲကို မေ ၃၀ ရက်က တောင်တွင်းကြီးမြို့မအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ကြက်ခြေနီဆေးပုံးများ ပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်နှင့် ဒုတိယ မြို့နယ်ပညာရေးမှူး ဦးလှမြင့်တို့က အမှာစကားပြောကြားပြီး စန္ဒာသူရိယ ကျန်းမာ-ပညာ ကူညီရေးအသင်းကို တည်ထောင်သူ ဦးဝေလွင်က အသင်းအတွက် ငွေပဒေသာပင် စတင်လှူဒါန်းခဲ့ပုံနှင့် အလှူရှင်များ၏ လက်ရှိလှူဒါန်းပေးနေမှု အခြေအနေများကိုလည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဆွေက ကြက်ခြေနီဆေးပုံးများ ပေးအပ်လှူဒါန်းခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အသင်းဝင် အလှူရှင်မိသားစုများက ကျောင်းအုပ်ဆရာကြီးများထံသို့ ကြက်ခြေနီဆေးပုံးများကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(၀၈၅)**




## သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ပေးအပ်

**ပြင်ဦးလွင် မေ ၃၁**

ပြင်ဦးလွင်မြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ စွန့်လွှတ်မြေများအား တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ဆေးသုတေသနဌာနမှ ပြန်လည်စွန့်လွှတ်မည့် မြေဧရိယာ ၄၇ ဒသမ ၉၂ ဧကတွင် မြေပြင်အရှုပ်အရှင်းမရှိသည့် တောင်သူ ၁၂ ဦး၏ မြေဧရိယာ ၂၃ ဒသမ ၃၈ ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာမှတ်ပုံတင်စာရင်းပုံစံ (၃) ကို တောင်သူတစ်ဦးချင်းစီအား ထုတ်ပေးခဲ့ပြီး မြေပြင်ပေါ်၌ အရှုပ်အရှင်းရှိနေသေးသည့် မူလတောင်သူငါးဦး၊ ထပ်တိုးတောင်သူကိုးဦး စုစုပေါင်း ၁၄ ဦးတို့၏ မြေဧရိယာ ၁၈ ဒသမ ၁၉ ဧကကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စိစစ်ပြီး ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**




# အသက် ငါးနှစ်ပြည့်ကလေးငယ်များ၏ မွေးဖွားစာရင်းထုတ်ယူရာတွင် အချိန်ကြန့်ကြာမှုများကြောင့် ကျောင်းအပ်နှံရန် အခက်အခဲများ ဖြစ်ပေါ်နေ

**ရန်ကုန် မေ ၃၁**

အသက်ငါးနှစ်ပြည့် ကလေးငယ်များ၏ မွေးဖွားစာရင်းထုတ်ယူရာတွင် အချိန်ကြန့်ကြာမှုများကြောင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်ကျောင်းအပ်နှံရမည့် ကလေးငယ်များအတွက် ကျောင်းအပ်နှံရန်အခက်အခဲများ ဖြစ်ပေါ်နေကြောင်း မိဘအုပ်ထိန်းသူများထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအသီးသီး၌ မွေးဖွားခဲ့သော ကလေးငယ်များ၏ မွေးစာရင်းများကို သက်ဆိုင်ရာဆေးရုံများက လွယ်ကူလျင်မြန်စွာ စီစဉ်ဆောင်ရွက်ပေးသော်လည်း မွေးဖွားပြီးအချိန်မှစတင်၍ အကြောင်းအမျိုးမျိုးကြောင့် သက်တမ်းအားဖြင့် ကြာမြင့်နေသော မွေးဖွားစာရင်းများကို အဆိုပါဆေးရုံများမှ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ ပေးပို့လိုက်သော အသက်ငါးနှစ်ပြည့်ကလေးများ၏ မွေးစာရင်းများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရှိ (ဖွား/သေဌာန) ၌ ပြုလုပ်ပေးရာတွင် အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်နေကြောင်း ကလေးမိဘများထံမှ သိရသည်။

ထိုသို့ အချိန်ကြန့်ကြာမှုများကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် ကလေးငယ်များ၏ ကျောင်းအပ်နှံရေးအတွက် အခက်အခဲများဖြစ်ပေါ်နေရသည့်အပေါ် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်နေသူ ဒေါ်ခင်ဇာဝင်းက "ကျွန်မတို့က အစိုးရဝန်ထမ်းတွေ၊ နယ်ကနေလာပြီး မွေးစာရင်းလာယူရတာ၊ သက်ဆိုင်ရာဆေးရုံက ထောက်ခံချက်နဲ့ လိုအပ်တဲ့ စာရွက်စာတမ်းတွေ အကုန်ပါတာတောင် ခုနစ်ရက်လောက်စောင့်ရမယ် ဆိုတော့ ကျောင်းဖွင့်ချိန်အမီ ဘယ်လိုလုပ်ပြီး ကျောင်းအပ်နိုင်တော့မှာလဲ။ တိုင်းဦးစီးမှူးရုံးကနေ လျှောက်လွှာစာရွက်ယူပြီး ရပ်ကွက်တံဆိပ်တုံးနှိပ်ရတာက တစ်ရက်၊ လိုအပ်တဲ့ အထောက်အထားတွေ လုပ်ရတာက တစ်ရက်၊ အပြည့်အစုံရပြန်တော့လည်း မွေးစာရင်းလုပ်တဲ့သူတွေများနေလို့ တစ်ပတ်တော့စောင့်ရမယ်လို့ပြောတယ်။ အခုလိုအချိန်မျိုးမှာ အမြန်ဆုံးဖြစ်အောင် စီစဉ်ပေးသင့်တယ်။ အခုတော့ လုပ်ရိုးလုပ်စဉ်ပုံစံမျိုး ဖြစ်နေတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ နေ့စဉ် ဖွားစာရင်းလာရောက်လျှောက်ထားသူများရှိပြီး ဌာနအလိုက် အဆင့်ဆင့်ဆောင်ရွက်နေရသည့်အတွက် ဖွားစာရင်းထုတ်ပေးရာတွင် ကျောင်းဖွင့်ချိန်အမီ ကျောင်းအပ်နှံမှု မပြုလုပ်နိုင်သည့် ကလေးငယ် ရာနှင့်ချီ၍ရှိနိုင်ကြောင်း ဖွားစာရင်းလျှောက်လွှာများအရ သိရှိရသည်။

"နောက်တစ်ပတ်လောက်ကြာမှ လာခဲ့လို့ပြောတယ်။ ဒီကြားထဲ အဆင်ပြေရင် ဖုန်းဆက်မယ်လို့ ပြောတယ်။ ဖုန်းနံပါတ်တော့ ရေးမှတ်ထားလိုက်တယ်။ လူများလို့ လွန်ခဲ့တဲ့တစ်နေ့က လျှောက်လွှာတွေတောင် မစစ်ရသေးဘူးလို့ ပြောတယ်။ လျှောက်လွှာတွေကများတော့ သူတို့ပြောတဲ့အချိန်တောင်မှ ရပ့်မလားမသိဘူး။ ဒီကိစ္စကို သက်ဆိုင်ရာက ဝန်ထမ်းများများထားပြီး အမြန်ဆုံးဖြေရှင်းပေးသင့်တယ်" ဟု အဆိုပါ ဦးစီးဌာန ဖွားစာရင်းလာရောက်ထုတ်ယူသူ တောင်ဥက္ကလာပမြို့နယ်နေသူ တစ်ဦးက ဆိုသည်။

ထိုသို့ အခက်အခဲများ ဖြစ်ပေါ်နေမှုကို အမြန်ဆုံးပြေလည်စေရန် သက်ဆိုင်ရာက မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို မိဘအုပ်ထိန်းသူများက စောင့်မျှော်နေကြကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေး ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ပေး" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် အခြေခံပညာကျောင်းများ၌ မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး အစီအစဉ်များကို လက်ခံဆောင်ရွက်ပေးလျက်ရှိသဖြင့် ကျောင်းအပ်နှံမည့် မိဘများ ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ **သတင်းနှင့်ဓာတ်ပုံ - မျိုးမင်းသိန်း (မရမ်းကုန်း)**



**မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းအပ်နှံနေသည့်မြင်ကွင်း**

## ပျက်စီးသွားသော လမ်းတံတားများ ပြန်လည်ထူထောင်ရေး အကြံဉာဏ်ရယူဆွေးနွေးပွဲ ပြုလုပ်

**တိုက်ကြီး မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လမ်းတံတားများ ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘာ့ဘဏ်၏ သဘာဝဘေးပြန်လည်ထူထောင်ရေးချေးငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည့် စီမံကိန်းနှင့်ပတ်သက်၍ အကြံဉာဏ်ရယူဆွေးနွေးပွဲ(Consultation Meeting)ကို တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းဝေးခန်းမ၌ မေ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဇော်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်မြင့်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုက်ကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်နှင့် မြို့မိမြို့ဖများ၊ ရေကြီးနစ်မြုပ်၍ ပျက်စီးမှုကြုံခဲ့ရသည့် ကျေးရွာအုပ်စု ခုနစ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပြန်လည်ထူထောင်ရေးစီမံကိန်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

**ထွန်းလှိုင်(မြိုင်)**

## မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ခရမ်း မေ ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက်က ခရမ်းမြို့ အထက(၁)ကျောင်း စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားအတွက် ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ၊ မိဘများ တက်ရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးဘသန်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားမှု၊ လှူဒါန်းပစ္စည်းများနှင့် နိုင်ငံတော်မှ ပံ့ပိုးမှုများကို ကျောင်းအလိုက် ခွဲဝေဆောင်ရွက်ထားမှု စသည်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ဗလာစာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းကာ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)ကလည်း ကျပ် ၂၄ သိန်းတန်ဖိုးရှိ မိုးကာအထည် ၁၂၀၀ ကို လှူဒါန်းခဲ့သည်။ **ကိုမင်း(ခရမ်း)**

# ၂၀၁၇ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်တို့ ကွာတားတက်ရောက်နိုင်ပါ့မလား

၂၀၁၇ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် တောင်ကိုရီးယားနိုင်ငံက မေ ၂၀ ရက်ကစပြီး ဇွန် ၁၁ ရက်အထိ လက်ခံကျင်းပနေတာဟာ အခုဆိုရင် ၁၆ သင်းအဆင့် ပွဲစဉ်တွေအထိ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဇွန် ၁ ရက်မှာ ကစားမယ့် ၁၆ သင်းအဆင့်ပွဲစဉ်ဖြစ်တဲ့ အမေရိကန်နဲ့ နယူးဇီလန်၊ ပြင်သစ်နဲ့ အီတလီတို့ရဲ့ ယှဉ်ပြိုင်မှုတွေကတော့ စိတ်ဝင်စားစရာကောင်းနေပြီး ဘယ်အသင်းတွေ ကွာတားဖိုင်နယ် တက်ရောက်သွားမလဲဆိုတာ စောင့်ကြည့်အားပေးရတော့မှာ ဖြစ်ပါတယ်။

ဒီနှစ် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ လက်ရှိ ချန်ပီယံ ဆားဘီးယားအသင်းဟာ တောင်ကိုရီးယားနိုင်ငံမှာ လက်ရှိကစားနေတဲ့ နောက်ဆုံးအဆင့်ပြိုင်ပွဲအထိ တက်ရောက်လာနိုင်ခဲ့ခြင်း မရှိပါဘူး။ ထူးခြားတာက ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားချန်ပီယံ အကြိမ်အများဆုံး ဆွတ်ခဲ့တဲ့အသင်းတွေဖြစ်တဲ့ အာဂျင်တီးနား ခြောက်ကြိမ်၊ ဘရားဇီး ငါးကြိမ်၊ ပေါ်တူဂီနဲ့ ဆားဘီးယား နှစ်ကြိမ်စီတို့ဟာ အခု ၁၆ သင်းအဆင့်အထိ တက်ရောက်လာခြင်း မရှိသလို အချို့အသင်းတွေဆိုရင် နောက်ဆုံးဗိုလ်လုပွဲစဉ်တွေ ကစားရမယ့် တောင်ကိုရီးယားမြေကို ခြေချခွင့်တောင် မရခဲ့ကြပါဘူး။

ဒါကြောင့် အခုကစားနေကြတဲ့ အသင်းတွေဟာ သူတို့ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သမိုင်းမှတ်တမ်းသစ် ရေးထိုးနိုင်ဖို့အားကုန်ရုန်းပြီး ယှဉ်ပြိုင်ကြမှာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့နေရတာဖြစ်ပါတယ်။ အခု ၁၆ သင်းအဆင့် ပွဲစဉ်အဖြစ် ဇွန် ၁ ရက်မှာ ကစားမယ့်အသင်းတွေရဲ့ အနေအထားကိုကြည့်ရင်-

**အမေရိကန်နှင့် နယူးဇီလန်**

အုပ်စု(E)မှာ ပါဝင်တဲ့ နယူးဇီလန်အသင်းဟာ ခြေစွမ်းတည်ငြိမ်ကောင်းမွန်တဲ့ အသင်းဖြစ်ပြီး အုပ်စုပွဲစဉ်အဖြစ် သုံးပွဲကစားခဲ့ရာမှာ ဗီယက်နမ်ကို ဂိုးမရှိသရေ၊ ဟွန်ဒူးရပ်စ်ကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ပြင်သစ်ကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ စုစုပေါင်း လေးမှတ်နဲ့ အုပ်စုဒုတိယရကာ အခုလို ၁၆ သင်းအဆင့် တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ နယူးဇီလန်မှာတော့ တိုက်စစ်မှူး ဖီဗင်က နှစ်ဂိုးသွင်းထားသလို ရှက်ဝပ်က တစ်ဂိုး သွင်းထားနိုင်ခဲ့ပါတယ်။ အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာမှာ နှစ်ပွဲ ဂိုးမသွင်းနိုင်ခဲ့တဲ့ နယူးဇီလန်တို့ အမေရိကန် လူငယ်တွေကို ခြေရည်တူကစားပြီး ရလဒ်ကောင်းယူဖို့ အားထုတ်ကြမှာပါ။ အမေရိကန် လူငယ်တွေကတော့ အုပ်စု(F)မှာ သုံးပွဲကစားခဲ့ရာမှာ အီကွေဒေါကို သုံးဂိုးစီသရေ၊ ဆီနီဂေါကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ဆော်ဒီအသင်းကို တစ်ဂိုးစီသရေဖြစ်ခဲ့ပါတယ်။ သုံးပွဲကစားပြီး ငါးမှတ်ရခဲ့တဲ့ အမေရိကန်တို့ အုပ်စု ပထမနဲ့ အခုလို ၁၆ သင်းအဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အမေရိကန်တိုက်စစ်မှူးဖြစ်တဲ့ ဆာဂန်က သုံးဂိုးအထိ သွင်းယူထားနိုင်သလို လီဒွန်နဲ့ အေရီတို့ကလည်း ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ တိုက်စစ်ပိုင်းမှာ အမေရိကန်တို့ အားသာချက်ရှိနေပြီး ဂိုးရအောင်သွင်းယူနိုင်တဲ့ တိုက်စစ်မှူးတွေရှိတာမို့ အမေရိကန်တို့ အခြေအနေကောင်းသွားနိုင်ပါတယ်။

**ပြင်သစ်နဲ့ အီတလီ**


အုပ်စု(E)မှာတော့ ပြင်သစ်တို့ သုံးပွဲကစားခဲ့ရာမှာ ဟွန်ဒူးရပ်စ်ကို သုံးဂိုးပြတ်နဲ့ နိုင်ခဲ့သလို ဗီယက်နမ်ကိုလည်း လေးဂိုးပြတ်အနိုင်ယူကာ နယူးဇီလန်ကိုလည်း နှစ်ဂိုးပြတ်အနိုင်ယူခဲ့တာမို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ၁၆ သင်းအဆင့်ကို ရှုံးပွဲမရှိ၊ ပေးဂိုးမရှိနဲ့ တက်



ရောက်လာတဲ့ ပြင်သစ်လူငယ်တွေဟာ အခုပွဲမှာ အီတလီနဲ့ ဆုံတွေ့ရမှာမို့ ပွဲကျပ်ဖြစ်နေပါတယ်။ ပြင်သစ်တိုက်စစ်မှာ မက်ဆီမင်း၊ အော်ဂတ်စတင်းတို့က ဂိုးသွင်းထက်မြက်သူတွေဖြစ်ပြီး သူဒမ်၊ နီတာ၊ ဟာရစ်နဲ့ ကယ်ရီရာတို့ကလည်း ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ တိုက်စစ်မှူး အော်ဂတ်စတင်းဟာ အခုအချိန်အထိ သုံးဂိုးသွင်းယူထားနိုင်လို့ ဂိုးအများဆုံးသွင်းယူနိုင်သူအဖြစ် မျှော်မှန်းနေပြီဖြစ်ပါတယ်။ အီတလီတို့က အုပ်စု(D)မှာ သုံးပွဲကစားခဲ့ရာမှာ ဥရုဂွေးကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး တောင်ကိုရီးယားအသင်းကို နှစ်ဂိုးပြတ်နဲ့နိုင်ကာ ဂျပန်အသင်းကိုတော့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ အုပ်စုဒုတိယနဲ့ တက်လာတဲ့ အီတလီမှာတော့ တိုက်စစ်မှာ အော်ဆိုလီနီ၊ ဖာမီလီတို့ရှိနေပြီး ဂိုးသွင်းသေချာသူတွေဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်ထက်မြက်ပြီး ခံစစ်လုံခြုံတဲ့ ပြင်သစ်ကိုတော့ အသာစီးရယူဖို့ မလွယ်တာမို့ ပြင်သစ်တို့ပဲ ကွာတားတက်ရောက်ဖို့ အခွင့်အရေးများနေတာတော့ အမှန်ပါပဲ။ ။

◆ မိုးမြင့်လင်းလက် ◆

## တစ်နှစ်တာအကောင်းဆုံးဂိုးဆု ရသွားတဲ့ အီဒင်ဟာဇတ်



ချယ်လ်ဆီးအသင်းကစားသမားတွေဟာ တနင်္ဂနွေနေ့ညက လန်ဒန်မြို့မှာ ရာသီကုန်ဆုပေးပွဲကြီးတစ်ရပ်ကျင်းပခဲ့ပါတယ်။ ဒီဆုပေးပွဲမှာ ကွင်းလယ်ကစားသမား အီဒင်ဟာဇတ်က အာဆင်နယ်နဲ့ ကစားတဲ့ပွဲမှာ သွင်းယူခဲ့တဲ့ ဂိုးနဲ့ တစ်နှစ်တာအကောင်းဆုံးဂိုးဆု ဆွတ်ခူးရရှိသွားခဲ့ပါတယ်။ သူ့အနေနဲ့ ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ချယ်လ်ဆီးနဲ့အတူ ဆက်လက်ရှိနေမယ်လို့ ဘယ်လ်ဂျီယံနိုင်ငံသား ဟာဇတ်က ဆိုပါတယ်။ အင်န်ဂိုလို ကွန်တီကတော့ ကစားသမားတွေရဲ့ ရေပန်းအစားဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဘောလုံးပရိသတ်တွေက ကွန်တီအပါအဝင် ဒေးဗစ်လုစ်တို့ကို ဆန္ဒမဲပေးရွေးချယ်ခဲ့ရာမှာ ကွန်တီက ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျွန်တယ်ရီကတော့ အထူး အသိအမှတ်ပြုခြင်းဆိုင်ရာဆုကို ရရှိခဲ့ပါတယ်။ ချယ်လ်ဆီးက ကျွန်တော့်ဘဝ ၂၂ နှစ်တာအတွင်းမှာ ချယ်လ်ဆီးအတွက် အကောင်းဆုံးလုပ်ပေးနိုင်ခဲ့ပါတယ်။ ဒါတွေကို ကျွန်တော်ဘယ်တော့မှ မေ့ပျောက်မှာမဟုတ်ပါဘူးလို့ ဂျွန်တယ်ရီက ဆိုပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံသား ဟာဇတ်ကတော့ ဖေဖော်ဝါရီ ၄ ရက်က ချယ်လ်ဆီးက အာဆင်နယ်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ အလှပဆုံးဂိုးကို သွင်းယူပေးခဲ့ပါတယ်။ ဒီဂိုးနဲ့ပဲ သူဟာ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ဘင်ဖီကာဂိုးသမားကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ မန်စီးတီး

ဖလားလက်မဲ့ဖြစ်ခဲ့ရတဲ့ မန်စီးတီးအသင်းအနေနဲ့ လာမယ့်ရာသီမှာ အသင်းကို ပြန်လည်တည်ဆောက်တဲ့နေရာမှာ အကောင်းဆုံးဂိုးသမားတစ်ဦးကိုလည်း ခေါ်ယူဖို့ ရှိနေပါတယ်။ ဒီအတွက် မန်စီးတီးအသင်းအနေနဲ့ ဘင်ဖီကာဂိုးသမား အီဒါဆင်ကို အဓိကပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ အီဒါဆင်ဟာ ဥရောပမှာ အကောင်းဆုံးနဲ့ အသက်အငယ်ဆုံးဂိုးသမားတစ်ဦး ဖြစ်ပါတယ်။ ဘင်ဖီကာဂိုးသမား အီဒါဆင်ကို မန်စီးတီးနည်းပြ ဂွာဒီယိုလာက ယခုနှစ်နွေရာသီကတည်းက ခေါ်ယူဖို့ အလိုရှိနေတာဖြစ်ပါတယ်။ ဂွာဒီယိုလာက အီဒါဆင်ကို ပေါင် ၃၅ သန်းနဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။

မန်စီးတီးဟာ ဘာနာဒိုဆေးလ်ဗားကိုလည်း မကြာမီကပဲ ပေါင် ၄၃ သန်းနဲ့ စာချုပ်ချုပ်ခဲ့ပါတယ်။ ဂွာဒီယိုလာဟာ ဂိုးသမားနေရာအတွက် ကာဘယ်လာရိုကိုလည်း ခေါ်ယူဖို့ ဆန္ဒရှိနေပါတယ်။ ဒါ့အပြင် စပါးအသင်းက ကိုင်လီဝေါ်ကာကိုလည်း ပစ်မှတ်ထားနေပါသေးတယ်။ ဘင်ဖီကာဂိုးသမား အီဒါဆင်ကတော့ လာမယ့်ရာသီမှာ မန်စီးတီးကို ရောက်လာမယ့်အနေအထားရှိနေပါတယ်။ အီဒါဆင်ဟာ အရည်အချင်းပြည့်ဝတဲ့ ဂိုးသမားတစ်ဦးဖြစ်ပြီး ဒီနှစ်ရာသီမှာ ဘင်ဖီကာနဲ့အတူ ဖလားရအောင် ကြိုးစားထားနိုင်သူလည်းဖြစ်ပါတယ်။

## တော့တီနေ့ ကျင်းပခဲ့တဲ့ ရိုးမား



အီတလီစီးရီးအေကလပ် ရိုးမားဟာ အသင်းရဲ့ ဂန္ထဝင်ကစားသမားကြီး ဖရန်စစ္စကိုတော့တီနေ့ အခမ်းအနားကို တော့တီ နောက်ဆုံးကစားတဲ့ပွဲမှာ ကျင်းပပေးခဲ့ပါတယ်။ ရိုးမားရဲ့ရာသီကုန်ပွဲအဖြစ် ဂျီနိုအာနဲ့ကစားတဲ့ပွဲမှာ ရိုးမားနဲ့အတူ နှစ်ပေါင်းများစွာ ခြေစွမ်းပြကစားခဲ့တဲ့ အသင်းခေါင်းဆောင်တော့တီဟာ လူစားအဖြစ် ဝင်ရောက်ကစားခဲ့ပြီး နှုတ်ဆက်ပွဲကိုလည်း ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီနှုတ်ဆက်ပွဲမှာ တော့တီကို အထူးပြုလုပ်ထားတဲ့ ရှပ်အင်္ကျီတစ်ထည်နဲ့ ဂုဏ်ပြုခဲ့ပြီး ပရိသတ်တွေနဲ့ ဒေသမီဒီယာတွေက တော့တီကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့ ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီကို ဝတ်ဆင်ခဲ့ကြပါတယ်။

ဂျီနိုအာနဲ့ပွဲမှာ တစ်ဖက်တစ်ဂိုးစီသရေဖြစ်နေချိန် ဒုတိယပိုင်း ၁၀ မိနစ်အကြာမှာ တော့တီက လူစားဝင်ကစားခဲ့ပြီး ဒီပွဲဟာ သူ့ရဲ့ နောက်ဆုံးကစားတဲ့ပွဲဖြစ်ပါတယ်။ ရိုးမားတစ်သင်းတည်းမှာပဲ နှစ်ပေါင်း ၂၈ နှစ်ကြာအောင် ကစားခဲ့တဲ့ တော့တီဟာ ပွဲသိမ်းခရာမှုတ်လိုက်ချိန်မှာတော့ ပရိသတ်တွေကို မျက်ရည်များနဲ့ နှုတ်ဆက်ခဲ့ပါတယ်။ ဇနီးဖြစ်သူ လာရီဘလာစီ၊ ကလေးသုံးယောက်တို့နဲ့အတူ တော့တီက မိုက်ခရိုဖုန်းကိုကိုင်ပြီး ဝမ်းနည်းစွာနဲ့ Goodbye လို့ ပရိသတ်ကို နှုတ်ဆက်သွားပါတယ်။ ကွင်းပြင်တစ်ခုလုံးမှာတော့ ကျောနံပါတ် ၁၀ ဂျာစီအနီရောင်ကို ဝတ်ဆင်ထားတဲ့ ပရိသတ်တွေရဲ့ တော့တီ.. တော့တီ ဆိုတဲ့ အသံတွေ လွှမ်းခြုံသွားခဲ့ပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်နှစ်အတွင်း တံတားပေါင်း ၇၅၆ စင်းတည်ဆောက်နိုင်ခဲ့

**စစ်ကိုင်း မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ချင်းတွင်းမြစ်ကူးခန္တီး-ဟုမ္မလင်းနှင့် ကလေးဝတံတားများ၊ မူးမြစ်ကူးသမရိုးတံတား၊ ကနီယွင်းသွင်တံတားအပါအဝင် ပေ၁၈၀ အထက်တံတားနှစ်စင်းနှင့် ပေ ၁၈၀ အောက်တံတား ၇၅၄ စင်း စုစုပေါင်းတံတား ၇၅၆ စင်းတည်ဆောက်နိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



"နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲလာတဲ့နိုင်ငံရေးစနစ်နဲ့အညီ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့လမ်းတွေကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးတွေအဖြစ် ပေါ်ပေါက်လာစေဖို့နဲ့ ဆင်းရဲမှုလျှော့ချရေး ရည်မှန်းချက်ကို အထောက်အကူပြုစေဖို့အတွက် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေဖို့ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်ပေါက်လာစေဖို့၊ လမ်းနဲ့တံတားတွေကို တည်ဆောက်နေတာဖြစ်ပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ကမ္ဘာ့ဘဏ်တို့ရဲ့ ချေးငွေတွေနဲ့လမ်းတွေကို အဆင့်မြှင့်တင်နေသလို ပြည်ပနိုင်ငံတွေရဲ့ အထောက်အပံ့တွေကိုရယူပြီး ဆောင်ရွက်ဆဲဖြစ်တဲ့ ပြည်ထောင်စုလမ်းမကြီးတွေကို ၇ မီတာအကျယ် ကတ္တရာလမ်းအဆင့်နဲ့ နိုင်ငံတကာဆက်သွယ်တဲ့လမ်းတွေ၊ ပြည်ထောင်စုလမ်းတွေကိုမြေလမ်းအမာခံလမ်းနဲ့ ကျောက်လမ်းတွေအဖြစ် ၃ ဒသမ ၅ မီတာ၊ ၅ ဒသမ ၅ မီတာ၊ အကျယ်ကတ္တရာ လမ်းကနေ ၇ မီတာအကျယ်ကတ္တရာကွန်ကရစ်လမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် ရရှိတဲ့ ရန်ပုံငွေအပေါ်မူတည်ပြီး အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်နေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထိုသို့အဆင့်မြှင့်ဖောက်လုပ်ရာတွင် ၄၉ မိုင် ၄ ဖာလုံရှိသော ကွန်ကရစ် AC လမ်း၊ ၄၄ မိုင်ကျော်ရှိသောကွန်ကရစ်လမ်း၊ ၁၅၂ မိုင်ကျော်ရှိ သောကတ္တရာလမ်း၊ ၁၀၈ မိုင်ကျော်ရှိသော ကျောက်လမ်း၊ ၁၀၁ မိုင်ကျော်ရှိသော အမာခံလမ်းနှင့် ၉၈ မိုင်ကျော်ရှိသော မြေသားလမ်း စုစုပေါင်းလမ်းမိုင် ၅၄၃ မိုင်ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## လယ်မြေများအာဟာရဓာတ်လိုအပ်မှု စမ်းသပ်နည်းဆိုင်ရာ ကွင်းပြပွဲပြုလုပ်

**နေပြည်တော် မေ ၃၁**

လယ်မြေများတွင် အာဟာရဓာတ်လိုအပ်မှုကို တောင်သူကိုယ်တိုင် စမ်းသပ်ဆောင်ရွက်နည်း ကွင်းပြပွဲ (Field Day)ကို မေလစတုတ္ထပတ်က ဇမ္ဗူသီရိမြို့နယ် ကွိုက်ကာ (KOICA) စိုက်ကွင်းအတွင်းရှိ တောင်သူဦးသိန်းဆွေ၏ စံကွက်၌ ကျင်းပရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ ဦးထွန်းထွန်းလင်းက လယ်မြေများတွင် အာဟာရဓာတ်လိုအပ်မှုကို တောင်သူကိုယ်တိုင် စမ်းသပ်ဆောင်ရွက်နည်းများနှင့်ပတ်သက်၍ ဓာတ်မြေသြဇာ၊ သဘာဝဓာတ်မြေသြဇာ အသုံးပြုပုံများကို ဆွေးနွေးခဲ့သည်။

အဆိုပါ ကွင်းပြပွဲသို့ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဦး၊ ဒက္ခိဏခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှညိမ်း၊ မြို့နယ်ဦးစီးမှူးများ၊ တောင်သူများတက်ရောက်ခဲ့ပြီး နေပြည်တော်ရေိယာအတွင်းရှိ စိုက်ပျိုးတောင်သူများအတွက် နေပြည်တော် မြေအသုံးချရေးဌာနခွဲမှ Call Centre ဖွင့်လှစ်ထားရှိသည့်အတွက် တောင်သူများအနေဖြင့် မြေဆီလွှာ၊ မြေသြဇာ ဆိုင်ရာများကို ဆက်သွယ်မေးမြန်းနိုင်ကြောင်းဖြင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## မွန်ပြည်နယ်တွင် ဇွန်နှင့် ဇူလိုင်လများအတွင်း လေထုအရည်အသွေးတိုင်းကိရိယာ တပ်ဆင်မည်

**မော်လမြိုင် မေ ၃၁**

လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်နှင့်ဖန်လုံအိမ်ဓာတ်ငွေ့အပါအဝင်အခြားဓာတ်ငွေ့များ တိုင်းတာပေးမည့် လေထုအရည်အသွေးတိုင်းကိရိယာကို မွန်ပြည်နယ်တွင် လာမည့်ဇွန်၊ ဇူလိုင်လများအတွင်း တပ်ဆင်သွားမည်ဖြစ်ကြောင်း ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

"အဓိကကတော့ ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ လေထဲမှာပါဝင်တဲ့ဓာတ်ငွေ့၁၄ မျိုးရဲ့ပါဝင်မှုပမာဏကိုတိုင်းမှာပါ။ မွန်ပြည်နယ်မှာဆို လေထုအရည်အသွေးတိုင်းတာဖို့အတွက် HAZ Scanner ၊ Dust Analyzer ဆိုပြီးနှစ်မျိုးတပ်ဆင်သွားမှာပါ။ လေထုညစ်ညမ်းနိုင်ခြေရှိတဲ့ မြို့ရဲ့လမ်းဆုံလမ်းမတွေရယ်၊ စက်ရုံအလုပ်ရုံတွေမှာရယ် နေရာပြောင်းပြီးတပ်ဆင်တိုင်းတာသွားမှာပါ" ဟု အဆိုပါဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က ပြောသည်။

မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာမူဘောင်နှင့် ရှေ့လုပ်ငန်းစဉ် ၂၀၁၆ - ၂၀၃၀ ကိုလည်း ရေးဆွဲကာ မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ ပြဋ္ဌာန်းထားရှိပြီး ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ဦးစီးမှူးက ပြောကြားသည်။

လေထုအရည်အသွေးတိုင်းကိရိယာက ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် အခြားသောဓာတ်ငွေ့၁၄ မျိုးတို့ လေထုထဲတွင် မည်မျှပါဝင်သည်ကို တိုင်းတာပေးမည်ဖြစ်သည်။ အဓိကအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်သည် စက်ရုံအလုပ်ရုံနှင့် မော်တော်ကားများမှ အများဆုံးထွက်ရှိခြင်းဖြစ်သည်။ တိုင်းတာပြီးသောအခါ သတ်မှတ်စံနှုန်းထက် ကျော်လွန်နေသော စက်ရုံအလုပ်ရုံများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သုံးသပ်အကြံပြုချက်များ ထုတ်ပြန်ပေးသွားမည်ဟု သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံ၌ ၂၁၀၀ ပြည့်နှစ်တွင် ပျမ်းမျှအပူချိန် ၄ ဒီဂရီတက်နိုင်ပြီး အလွန်ဆိုးရွားသောမိုးရွာမှုပုံစံများလည်း ဆက်လက်ဖြစ်ပေါ်နိုင်ကာ ပူပြင်းခြောက်သွေ့သောနေရာများတွင်လည်း ပိုမိုလွန်ကဲသောအပူဒဏ်များကို ခံစားရစေနိုင်ကြောင်း ၂၀၁၆ ခုနှစ် ဇွန်လကခန့်မှန်းတွက်ချက်ထားသည်။

မွန်ပြည်နယ်အတွက် လေထုအရည်အသွေးတိုင်းတာသည့်စနစ်အပါအဝင် မြစ်ချောင်းများ အရည်အသွေးတိုင်းတာသည့်ကိရိယာ၊ မြေအရည်သွေးတိုင်းတာမည့်ကိရိယာနှင့် ပတ်ဝန်းကျင် ညစ်ညမ်းစေသည့် အသံ၊ အနံ့များတိုင်းတာခြင်းကိရိယာများကိုလည်း ယခုဘတ်ဂျက်ကာလအတွင်း ဝယ်ယူသွားမည်ဟုလည်း အဆိုပါရုံးမှ သိရသည်။

**မြတ်မွန်ထွေး**

## လမ်းမတော်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားများ သာယာလှပရေးညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၃၁**

မေ ၂၇ ရက်မှစ၍ လမ်းမတော်မြို့နယ်အတွင်း (၄) ရပ်ကွက် (၉)လမ်းနှင့်(၁၀) လမ်းကြား နောက်ဖေးလမ်းကြားတွင် ပန်းခြံပြုလုပ်မည့်ကိစ္စနှင့် ဆက်စပ်၍ နေအိမ် တိုက်ခန်းအချို့၏ ပိုင်ရှင်များထံမှ သဘောထားအကြံဉာဏ်များ ရယူခဲ့ကြောင်း သိရသည်။

နောက်ဖေးလမ်းကြား သာယာလှပရေးနှင့် ပန်းခြံ လုပ်ဆောင်ရန် (၉) လမ်း ဆွမ်းလောင်းဓမ္မာရုံအတွင်း သဘောထားအကြံဉာဏ်များရယူခဲ့ပြီး သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်ဟု ဆွေးနွေးပွဲတက်သူ ဦးအောင်မြင့်က ပြောသည်။

ဂျပန်ဗိသုကာပညာရှင် အမျိုးသမီး Miss Tomoko Matsushita က ရန်ကုန်မြို့တွင်း နောက်ဖေးလမ်းကြားများတွင် အများပြည်သူဆိုင်ရာအသုံးချခြင်းမရှိ၍ နှမြောမိပါကြောင်း ပြောကြားသည်။

ယခု စစ်တမ်းကောက်ခံသည့် အစီအစဉ်မှ ရပ်ကွက်နေပြည်သူများ၏ ဆန္ဒများကို သဘောပေါက်နားလည်၍ ရရှိလာသော အချက်အလက်များဖြင့် အဆင့်မြှင့်တင်မှုများသာမက ပိုမိုကောင်းမွန်သော မြို့ပြပတ်ဝန်းကျင်ဖန်တီးရန် ရည်ရွယ်သည်ဟု သိရသည်။

နောက်ဖေးလမ်းကြားပန်းခြံ ပြုလုပ်ရန် စီစဉ်နေသည့်လမ်းကြားသည် ယခု ဘတ်ဂျက်နှစ်အတွင်း ခွင့်ပြုငွေရပါက ထပ်ပိုးကွန်ကရစ်ခင်းရန်ရှိပြီး လက်ရှိနောက်ဖေးလမ်းကြား ထပ်ပိုးကွန်ကရစ်ခင်းပြီးနေသော (၉) လမ်းနှင့်လမ်းသစ်လမ်းအကြား အလယ်ရှိ မိလ္လာပိုက်လိုင်းအတွင်း ပိတ်ဆို့ခြင်းမရှိရေး သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုက်နံရံများတွင် တွယ်ကပ်နေသည့် သစ်ပင်များကို ရှင်းလင်းခြင်း၊ အသစ်လဲလှယ်ရန်လိုအပ်သော ရေဆိုးပိုက်၊ မိလ္လာပိုက်များ ပြုပြင်ခြင်းတို့ကိုလည်း တိုက်ခန်းနေသူများက လုပ်ဆောင်ပေးရန် လိုအပ်သည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

"ရန်ကုန်မြို့လယ် ပန်းဘဲတန်း ၂၇ လမ်း အောက်ဘလောက် နောက်ဖေးလမ်းကြားတွင် တို့အိမ်အဖွဲ့က ပန်းခြံငယ်များ ပြုလုပ်ခြင်း၊ တိုက်နံရံများတွင် ဆေးရေးပန်းချီဆွဲခြင်းများဖြင့် သာယာလှပရန် ယခုနှစ်အတွင်း လုပ်ဆောင်ထားသည်။ ကျောက်တံတားမြို့နယ်အတွင်းတွင်လည်း အလားတူလုပ်ဆောင်ရန် စီစဉ် ဆောင်ရွက်နေသည်"ဟု တို့အိမ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လမ်းမတော်မြို့နယ်တွင်နောက်ဖေးလမ်းကြားများ သာယာလှပရေးအတွက် ပန်းခြံနှင့် အခြားအများပြည်သူ အပန်းဖြေ နေရာ၊ ကလေးများကစားရန်နေရာများ ပြုလုပ်ရန် ဂျပန်ဗိသုကာပညာရှင်အဖွဲ့က လမ်းအတွင်းနေသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကာ မကြာမီကာလ၌ လမ်းမတော်မြို့နယ်အတွင်း ပန်းဘဲတန်းမြို့နယ် ၂၇ လမ်း နောက်ဖေးလမ်းကြားတွင် မြင်တွေ့ရသည့် သာယာလှပသော မြင်ကွင်းမျိုးကို မြင်တွေ့လာနိုင်တော့မည် ဖြစ်သည်။

ယခင်ကျန်းမာရေးနှင့် မညီညွတ်သည့် အမှိုက်မျိုးစုံပြည့်နေသော မိလ္လာရေ ဆိုးစွန့်ပစ်ခြင်း၊ ပိုက်အချို့ပျက်စီးနေခြင်း၊ တွယ်ကပ်သစ်ပင်များရှိနေသော မြို့လယ် နောက်ဖေးလမ်းကြားများသည် ပြည်သူများ၏ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့်အတူ အများပြည်သူ အကျိုးပြုနေရာများအဖြစ် ပြောင်းလဲလာခြင်းများ မြင်တွေ့လာနိုင်တော့မည် ဖြစ်သည်။

**ခင်ဆိုင်**

## နွေရာသီကာလ ရေရှားပါးသည့်အတွက် ကျေးရွာပိုင်စက်ရေတွင်း တူးဖော်ပေးရန် ဒေသခံများလိုလားနေ

**ညောင်ဦး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် မြောက်ကုန်းကျေးရွာတွင် ယခုနှစ်နွေရာသီအတွင်း ရေရှားပါးမှုဖြစ်နေသလို နှစ်စဉ်လည်း ရေအခက်အခဲ ကြုံနေရသည့်အတွက် စက်ရေတွင်းတူးဖော်ပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၄၁၀၊ လူဦးရေ ၁၅၀၀ ကျော်၊ နွားကောင်ရေ ၂၅၀၊ ဆိတ်ကောင်ရေ ၃၅၀ ခန့်ရှိပြီး နှစ်စဉ် နွေရာသီရောက်လျှင် လူနှင့်တိရစ္ဆာန်များ ရေရှားပါးသည့် ပြဿနာနှင့်ကြုံတွေ့နေရကြောင်း သိရသည်။ "ကျွန်တော်တို့ရွာမှာ စက်ရေတွင်း မရှိသေးဘူး။ အဲဒီတော့နွေရာသီရောက်ရင် အမြဲတမ်းလိုလိုရေရှားမှု ကြုံတွေ့နေရတယ်။ ရေပုံးနဲ့တစ်ပုံးကို ငွေတစ်ရာကျပ်ပေးဝယ်ပြီး သောက်ရတယ်။ ရေတစ်စည်ကို ၁၂ ပုံးပဲဆံ့တော့ ရေတစ်စည်ကို ကျပ် ၁၂၀၀ ပေးဝယ်သောက်ရတယ်။ ကိုယ့်ရွာမှာ စက်ရေတွင်းရှိရင် အဆင်ပြေတာပေါ့။ အခုတော့ သုံးဘီးဆိုင်ကယ်နှင့် ရေရောင်းတဲ့သူတွေတော့ အဆင်ပြေတာပေါ့။ ဝယ်သုံးရတဲ့လူတွေကတော့ သိပ်မချောင်ဘူး။ တစ်နေ့တစ်နေ့ ရေဖိုးက နှစ်ထောင်ကျော်သုံးထောင်အထိ ကုန်ကျမှုရှိတယ် "ဟု မြောက်ကုန်းရွာသားတစ်ဦးက ပြောသည်။

ရှေးရှေးကတည်းကသုံးခဲ့တဲ့ ရေတွင်းတွေကလည်း ရေခန်းစပြုနေပြီ။ ရှေးတုန်းက ရေတွင်းတွေက ရေထွက်သန်တယ်။ အခုနောက်ပိုင်း မိုးပါးလာတော့ တွင်းတွေကလည်း ရေထွက်နည်းလာတယ်။ ကျွန်တော်တို့ရွာက အိမ်ခြေက များတယ်။ ရေတွင်းတစ်တွင်းလောက်နဲ့ အဆင်မပြေ နိုင်ဘူး။ နှစ်တွင်းလောက်မှလုံလောက်မှုရှိနိုင်မယ်။ စက်ရေတွင်းကလည်း တစ်တွင်းကို သိန်း ၂၀၀ နီးပါးလောက် ကုန်မယ်ဆိုတော့ တော်ရုံအလှူရှင်က မတတ်နိုင်ကြဘူး။ ဒါကြောင့် အလှူရှင်ရှိလာခဲ့ရင် ကောင်းတာပေါ့။ ရွာသူရွာသားများမှာတော့ ရေရှားတဲ့ဒဏ် အတော်ခံနေကြရတယ်"ဟု မြောက်ကုန်းရွာသား ဦးဖိုးထွေးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

## ကိုယ့်အားကိုယ်ကိုး ရေလွှဲမြောင်းနှင့် ရေတားတာပေါင် လုပ်ငန်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပွဲခင်းရွာသစ်ကျေးရွာ၌ မိုးတွင်းကာလများတွင် ရွာအပြင်မှရေများ ကျေးရွာတွင်းဝင်ရောက်ပြီး လူနှင့် တိရစ္ဆာန်များ နေထိုင်ရေးအခက်အခဲဖြစ်ပေါ်ခြင်းနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်း ရေစီးနှင့်အတူ သဲများပို့ချခြင်းတို့ကို နှစ်စဉ်ကြုံတွေ့နေရသဖြင့် ယခုနှစ်တွင် ရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့် ရေတားတာပေါင်ပြုလုပ်ခြင်းတို့ကို ကျေးရွာလူထုလုပ်အားဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"မိုးရွာရင် ရေက ရွာမြောက်ဘက်လှည်းလမ်းကနေ ဒလဟောစီးဝင်တာ။ ဘုန်းကြီးကျောင်းထဲကိုဝင်တယ်။ ရွာမြောက်ဘက်ခြမ်းကိုဝင်တယ်။ ရေဝင်ပြီဆိုရင် လူရော တိရစ္ဆာန်ရော နေစရာမရှိဘူး။ ဘုန်းကြီးကျောင်းထဲမှာဆိုရင် မြေပေါ်ကစေတီတစ်ဆူရှိတယ်။ ရေဝင်လို့ သဲထိုးလိုက်ပြီဆိုရင် အောက်ခြေပလ္လင်ခုံတစ်ခုလုံး မြုပ်သွားတာ။ လုပ်အားပေးခေါ်ပြီး ပြန်ဖော်ယူရတယ်။ အဲဒါ နှစ်တိုင်း မိုးရွာပြီးတိုင်းပဲ။ ဒါကြောင့် ဒီနှစ်တော့ ရွာလုပ်အားနဲ့ ကိုယ့်အားကိုယ်ကိုး ရေလွှဲမြောင်းလုပ်နေကြတာပါ"ဟု အဆိုပါလုပ်ငန်းကို ဦးစီးလုပ်ဆောင်နေသူ ဦးလှမြင့်က ပြောသည်။

ပွဲခင်းကျေးရွာသည် အိမ်ခြေ ၅၀ ကျော်ရှိသည့် ရွာငယ်တစ်ရွာဖြစ်ပြီး ယခု ရေလွှဲမြောင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ရေတားတာပေါင်တင်ခြင်းလုပ်ငန်းများကို ဆယ်အိမ်စုအလိုက် တာဝန်ခွဲဝေ၍ နှစ်ရက်လုပ်၊ နှစ်ရက်နားဆောင်ရွက်နေခြင်းဖြစ်သည်။ တစ်ရက်လျှင် လူအင်အား ၅၀ ခန့်ဖြင့် အရှည်ပေ ၁၀၀ ရေလွှဲမြောင်းကို တူးဖော်ပြီး ထိုရေလွှဲမြောင်းတူးရာမှထွက်လာသည့် မြေစာများကို ရေစီးလမ်းဖြစ်နေသည့် လှည်းလမ်းပေါ်တွင် အကျယ်ပေ ၂၀၊ အမြင့် နှစ်ပေရှိ ရေတားတာပေါင်လမ်းအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများကို မေ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေလွှဲမြောင်းမှာ ပေ ၈၀ ကျော် တူးဖော် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်အားဒါနပြုကြသူများအား ကျေးရွာမှ စေတနာရှင်များက ထမင်း၊ မုန့်နှင့် အချိုရည်များ နေ့စဉ်မပြတ် လှူဒါန်းကျွေးမွေး ကုသိုလ်ပြုကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**


မြန်မာ့ရှေ့ဆောင်ဘဏ်
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings
ငွေစုဘဏ်စာရင်း
မြန်မာ့ရှေ့ဆောင်ဘဏ်
Myanma Apex Bank
ငွေစုစာရင်းစာအုပ်
SAVINGS DEPOSIT PASS BOOK
INTEREST DAILY
နေ့စဉ်အတိုးတွက်
INTEREST %
အတိုးနှုန်း ၈.၅%
INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)

| Date | Code | Withdrawal | Deposit | Balance |
|---|---|---|---|---|
| 01.05.2017 | CHD | | 500,000.00 | 500,000.00 |
| 05.05.2017 | CHD | | 500,000.00 | 1,000,000.00 |
| 15.05.2017 | CHW | 700,000.00 | | 300,000.00 |
| 29.05.2017 | CHD | | 1,000,000.00 | 1,300,000.00 |

ယခင်အတိုးတွက်ပုံစံ
(အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး) / (၁၀၀ x ၁၂) = ရရှိမည့် အတိုး
May လအတွက် ခံစားရမည့် အတိုး = ၂,၁၂၅ကျပ်
ယခုအတိုးတွက်ပုံစံ
(နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး) / ၃၆၅ x စုစုပေါင်း ရက် = ရရှိမည့် အတိုး
May လအတွက် ခံစားရမည့် အတိုး = ၄,၃၇၈.၀၇ကျပ်
Hotline: (951) 8610612
Scan QR Code with your Smart Phone to Find MAB Branches


ကြံ့ခိုင်သန်မာ
DUTCH LADY
နို့သောက်ပါ။
နို့တစ်ခွက်မှာ ဘာတွေပါဝင်လဲ?
ဗီတာမင် B 12
အားအင်ပြန်လည် ဖြည့်တင်းစေပြီး မောပန်းနွမ်းနယ်မှု လျော့ကျစေပါသည်။
ပရိုတိန်း
ကြွက်သားများ ကြီးထွားသန်မာဖို့နဲ့ ကျန်းမာကြံ့ခိုင်ဖို့ အားအင်ဖြည့်တင်းသည်။
အိုင်အိုဒင်း
မှတ်ဉာဏ် ကောင်းစေသည်။
ဗီတာမင် B 2
အားအင်ဖြည့်တင်း ပေးပြီး သွေးနီဥ အားကောင်းစေသည်။
ဖော့စဖိုရက်(စ်)
အရိုးနှင့် သွားများကို သန်မာကြံ့ခိုင်စေသည်။
ကယ်လ်ဆီယမ်
အရိုးနှင့် သွားများ ကျန်းမာကြံ့ခိုင်ဖို့ အတွက် လိုအပ်သည်။
ပိုတက်ဆီယမ်
အားအင်ဖြည့်တင်းပေးပြီး သွေးနီဥအားကောင်းစေသည်။
WORLD MILK DAY
RAISE A GLASS
WORLD MILK DAY ကိုနို့သောက်ပြီး တူတူကျင်းပလိုက်ရအောင်!
နှစ်စဉ် ဇွန်လ ၁ ရက်နေ့ဟာ ကုလသမဂ္ဂ မှ ကမ္ဘာလုံးဆိုင်ရာ အဟာရ
အစားအစာဖြစ်တဲ့ နို့ထွက် ပစ္စည်းများကို တရားဝင် ဂုဏ်ပြုတဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်

**၂၀၁၇ ခုနှစ် မေ ၂၉ ရက်**


၁။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ"က"အက္ခရာမှ အစဉ်လိုက် "ဖ"အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ"ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ** (၂၂)လုံး စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၁၅၈၁၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန်ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ ရက်မှ ၂၄-၆-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။


၄။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၅။ (၄)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ် **(အရန်ထီ)** နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ်"ကက"အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာအထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ညာဘက် ကျပ် ၅၀၀ တန် တံဆိပ်၏အပေါ်၌ **2nd အမှတ်အသား** ပါဝင်သောထီလက်မှတ်များသာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်**ပေါ်တွင် **2nd** အမှတ်အသားမပါဝင်သော **"ကက"အက္ခရာမှ အစဉ်လိုက် "ကခ"အက္ခရာ**ထိ ထီလက်မှတ်များသည် (၁)ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် ဇူလိုင် ၁ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀၊ ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၃၀၀၀နှင့် ကျပ်သိန်း ၁၀၀၀ ဆုများပါဝင်ပြီး **အနိမ့်ဆုံးဆုမဲမှာ** ကျပ် ၅၀၀၀၀ ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
## Dryer System for Exirting KBA-66
## ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် Dryer System for Exirting KBA-66 အတွက် ပြည်တွင်းသုံးမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအပ်နှံလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Dryer System for Exirting KBA-66 | 1 Set |

၂။ အိတ်ဖွင့်တင်ဒါများကို ၁-၆-၂၀၁၇ ရက်မှ ၃၀-၆-၂၀၁၇ ရက်အထိ နေ့စဉ် နံနက် ၀၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၃-၇-၂၀၁၇ ရက်မှ ၇-၇-၂၀၁၇ ရက်အထိ နံနက် ၀၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## ကချင်ပြည်နယ်လွှတ်တော်ရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် လွှတ်တော်ရုံးအတွက် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လွှတ်တော်ရုံးဧည့်ရိပ်သာဝင်းအတွင်း အရေးကြီးပုဂ္ဂိုလ် ဧည့်ရိပ်သာ (၂)ထပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း။
(ခ) လွှတ်တော်ရုံး ဧည့်ရိပ်သာဝင်းအတွင်း ဦးစီးအရာရှိ နေအိမ်(၂)ခန်းတွဲ ၂ထပ် (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း။
(ဂ) ဧည့်ရိပ်သာဝင်းအတွင်း ဒုတိယဦးစီးမှူးနေအိမ် (၄)ခန်းတွဲ (၂)ထပ် (၁)လုံး ဆောက်လုပ်ခြင်း။
(ဃ) လွှတ်တော်ရုံး ဧည့်ရိပ်သာဝင်းအတွင်း အမှုထမ်းဝန်ထမ်းနေအိမ် (၄)ခန်းတွဲ ၂ထပ် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း။
(င) လွှတ်တော်ရုံး ဧည့်ရိပ်သာဝင်းအတွင်း အမှုထမ်းဝန်ထမ်းနေအိမ် (၄)ခန်းတွဲ ၂ထပ် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း။
(စ) လွှတ်တော်ရုံးဧည့်ရိပ်သာဝင်းအတွင်း ယာဉ်မောင်း/အစောင့်/သန့်ရှင်းရေးဝန်ထမ်းများနေအိမ် (၆)ခန်းတွဲ ၂ထပ် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁-၆-၂၀၁၇ရက်
တင်ဒါပုံစံ အရောင်းပိတ်မည့်ရက် - ၃၀-၆-၂၀၁၇ရက် ၁၆း၀၀နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာ - ကချင်ပြည်နယ်လွှတ်တော်ရုံး မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့

၃။ တင်ဒါပုံစံ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ သိရှိလိုပါက ဖုန်းနံပါတ်-၀၉-၇၇၄၆၅၃၄၉၈၊ ၀၉-၄၀၀၄၁၃၀၇၀၊ ၀၉-၂၅၆၀၇၇၆၆၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ်လွှတ်တော်ရုံး**

## နိုင်ငံခြားရေးဝန်ကြီးဌာန
## စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါ ပရိဘောဂများ ဝယ်ယူနိုင်ရန်အတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) ရုံးသုံးပရိဘောဂ(၈)မျိုး**

| | | |
|---|---|---|
| (၁) | Officer Table(5'x3'x2.5') (ကျွန်း) | 30 Nos |
| (၂) | Officer Table(4.5'x3'x2.6') (ကျွန်း) | 20 Nos |
| (၃) | Officer Table(4'x3'x2.5') (ကျွန်း) | 70 Nos |
| (၄) | Armed Chair (ကျွန်း) | 50 Nos |
| (၅) | Armless Chair (ကျွန်း) | 70 Nos |
| (၆) | Computer Table & Chair (ကျွန်း) | 30 Sets |
| (၇) | Book Shelf (7'x4') ၅ဆင့် (ကျွန်း) | 12 Nos |
| (၈) | File Rack (ကျွန်း) | 20 Nos |

**(ခ) ရုံးသုံးပရိဘောဂ(၄)မျိုး**

| | | |
|---|---|---|
| (၁) | Copier Table (2'x2'x2') | 25 Nos |
| (၂) | Steel 4 Step Drawer (Cabinet) | 10 Nos |
| (၃) | Steel File Rack | 40 Nos |
| (၄) | Sofa Settee (3 Seater 1 No, 1 Seater 8 Nos) | 10 Sets |

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော်၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ အဆောက်အအုံထောက်ပံ့နှင့် ဆက်သွယ်ရေးဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၆-၂၀၁၇ ရက် ၁၆း၀၀ နာရီအရောက် တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၀၆၇-၄၁၂၃၄၁ (နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ အဆောက်အအုံထောက်ပံ့နှင့် ဆက်သွယ်ရေးဌာန)

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ကမာရွတ်၊ ကြည့်မြင်တိုင် (စက်ဆန်း)၊ သုံးခွ၊ ကော့မှူး၊ သန်လျင်၊ ခရမ်း၊ တွံတေး၊ ခရမ်း(ပေါက်ပင်ရွှေလှေ)၊ ကွမ်းခြံကုန်း(ကော့ဒွန်း)၊ တွံတေး(ဘုရားကြီး)၊ ကော့မှူး(ကျိုက်ထော်မြောက်)၊ လှည်းကူး (ဒါးပိန်)၊ တိုက်ကြီး(အဖျောက်) စသည့်မြို့နယ်များတွင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအတွက် လိုအပ်သော မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ၊ ရေဘေးကယ်ဆယ်ရေးပစ္စည်းရှာဖွေကယ်ဆယ်ရေးလှေ(ရော်ဘာလေသွင်း)၊ ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါစည်းကမ်းချက်များ၊ အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များပါဝင်သော တင်ဒါအဆိုပြုလွှာများကို ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ အမှတ် ၁၂၇၊ ဆူးလေဘုရားလမ်းတွင် ၁-၆-၂၀၁၇ရက်မှ ၁၅-၆-၂၀၁၇ရက်အထိ ဝယ်ယူနိုင်ပြီး ၃၀-၆-၂၀၁၇ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးသို့ တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီ Profile နှင့် ဈေးနှုန်းအဆိုပြုလွှာတို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး အမှတ် ၁၂၇၊ ဆူးလေဘုရားလမ်း၊ ဖုန်း-၃၈၄၄၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး၊ အားကစားကွင်း/ရုံ/ရုံး
## တည်ဆောက်ရေးလုပ်ငန်းကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုင်းဒေသကြီး အား/ကာဦးစီးဌာနရုံး ဆောက်လုပ်ခြင်းနှင့် မြို့နယ်များတွင် အားကစားကွင်းများပြုပြင်တည်ဆောက် ဆောက်လုပ်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၇(ကြာသပတေးနေ့)မှစတင်၍ ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၇(သောကြာနေ့)၁၆း၀၀နာရီ
**အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီး အား/ကာဦးစီးဌာနရုံး၊ လေယာဉ်ကွင်းလမ်း၊ ဗျောတောဝရပ်၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၃၅၄၂၊၀၅၉-၂၃၄၉၆၊၀၉-၈၇၆၂၉၃၇
**အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန်** - ၅-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) ၀၉း၀၀နာရီ
**အိတ်ဖွင့်တင်ဒါ ဖွင့်မည့်နေရာ** - တိုင်းဒေသကြီး အား/ကာဦးစီးဌာနရုံး၊ လေယာဉ်ကွင်းလမ်း၊ ဗျောတောဝရပ်၊ ထားဝယ်မြို့

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင် ရွက်ရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁-၆-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၆-၆-၂၀၁၇ရက် ညနေ ၁၆း၀၀နာရီ
**ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်
**တင်ဒါဖွင့်မည့်ရက်** - ၁၇-၆-၂၀၁၇ရက်၊ မွန်းလွဲ ၁၃း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၈၄-၅၁၀၁၇၊ ၀၈၄-၅၁၀၀၈၊ ၀၉-၄၅၈၀၃၃၉၅၂**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးကျေးရွာ ဆုတောင်းပြည့် ဆုတောင်းရမြတ်စွာဘုရား ဗုဒ္ဓပူဇနိယဆွမ်းကြီး လောင်းကပ်လှူပူဇော်ပွဲနှင့် တောင်ပြုံးမင်းနှစ်ပါးပွဲတော်ကို ၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၈ရက်မှ ၁၅ရက်အထိ (၃၁-၇-၂၀၁၇ရက်မှ ၇-၈-၂၀၁၇ရက်အထိ) စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်ကာလအတွင်း လုပ်ငန်းကြီး ၉မျိုးအနက်မှ-

(၁) ဈေးကြီးလုပ်ငန်း
(၂) ဈေးလေးလုပ်ငန်း
(၃) ရွှေဆိုင်းရောင်းချရေးလုပ်ငန်း ၃မျိုးကို ဆုတောင်းပြည့်ဆုတောင်းရဂေါပကအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကျန်လုပ်ငန်း ၆မျိုးဖြစ်သော-
(၁) ညောင်ပင်ဝိုင်းမြေနေရာ
(၂) ဇာတ်ရုံ(၁)မြေနေရာ
(၃) ဇာတ်ရုံ(၂)မြေနေရာ
(၄) ရုပ်ရှင်ရုံမြေနေရာ
(၅) ရေနှင့်သန့်စင်ခန်းလုပ်ငန်း
(၆) လျှပ်စစ်လုပ်ငန်း (၆)မျိုးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

(၁) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဆုတောင်းပြည့် ဆုတောင်းရဘုရားဂေါပကရုံးခန်းတွင် ၆-၆-၂၀၁၇ရက်မှ ၁၅-၆-၂၀၁၇ ရက်အထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀၀ိ/(ကျပ်တစ်သောင်း) နှုန်းဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

(၂) အိတ်ဖွင့်တင်ဒါ ၆မျိုးကို လုပ်ငန်းတစ်ခုချင်းအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၆-၆-၂၀၁၇ ရက်တွင် မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နံနက် ၉း၀၀နာရီတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ**
**မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးရွာ**
**ရုံးဖုန်း-၀၉-၇၈၄၉၈၄၇၉၇**
**ဥက္ကဋ္ဌ**
**ဖုန်း-၀၉-၂၅၆၀၀၂၆၁၉**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကရင်ပြည်နယ်၊ လမ်းဦးစီးဌာနလက်အောက်ရှိ အထူးအဖွဲ့/ခရိုင်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

**ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်များ**

| | | |
|---|---|---|
| ၁။ လမ်းခင်းကျောက်ရွယ်စုံ | ၂။ ကတ္တရာ | ၃။ သံချောင်း(ရွယ်စုံ) |
| ၄။ ဘိလပ်မြေ | ၅။ ကျောက်စရစ် | ၆။ မြစ်သဲ |
| ၇။ တောသစ် | ၈။ ဒီဇယ်ဆီ | ၉။ အုတ် |
| ၁၀။ ငါးထပ်သား | ၁၁။ ၃ပေØရေပြွန် | |

**ပစ္စည်းဝယ်ယူမည့်တည်ဆောက်ရေး အထူးအဖွဲ့/ခရိုင်များ**

၁။ လမ်းအထူးအဖွဲ့(၂၂)ရုံး (ဘားအံမြို့၊ သံလွင်တံတားအနီး) - ဖုန်း-၀၉-၈၃၀၄၁၄၉၊ ၀၉-၈၅၉၆၀၆၅၊ ၀၉-၈၇၃၀၉၂၁
၂။ လမ်းဦးစီးဌာန၊ ဘားအံခရိုင်ရုံး (ဘားအံမြို့) - ဖုန်း-၀၅၈-၂၁၁၄၅၊ ၀၉-၄၅၅၈၅၄၀၆၀
၃။ လမ်းဦးစီးဌာန၊ ကော့ကရိတ်ခရိုင်ရုံး (ကော့ကရိတ်မြို့) - ဖုန်း-၀၅၈-၄၀၀၂၈၊ ၀၉-၇၈၁၀၂၀၅၁၇၊ ၀၉-၇၉၄၈၄၆၄၄
၄။ လမ်းဦးစီးဌာန၊ ဖာပွန်ခရိုင်ရုံး (ဖာပွန်/ဘားအံမြို့) - ဖုန်း-၀၉-၄၄၂၃၅၆၂၃၄၊ ၀၉-၂၅၀၀၆၇၁၈၃

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၃၁-၅-၂၀၁၇ရက်မှစ၍ အထက်ဖော်ပြပါ ရုံးများတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါတင်သွင်းမည့်ပစ္စည်း၏အသေးစိတ်အချက်အလက်များကို ၎င်းရုံးများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါတင်သွင်းမည့် ရက်/အချိန်/နေရာ** - ၃၀-၆-၂၀၁၇ရက် (သောကြာနေ့)၊ မွန်းလွဲ ၁၃း၀၀နာရီ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး
**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၃၀-၆-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁၃း၀၀နာရီ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

## ဖခင်အမည်မှန်
မြိတ်မြို့၊ အခြေခံပညာအထက်တန်းကျောင်းခွဲ အောင်မင်္ဂလာ ဆဋ္ဌမတန်းမှ မခိုင်ရတနာဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစန်းမင်း ဖြစ်ပါကြောင်း။
**ဦးစန်းမင်း ၆/မပန(နိုင်)၁၂၀၅၆၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်ကြီးမြို့၊ နယ်မြေ ၇၊ ကံသာရပ်၊ ပြည်တော်အေးလမ်း၊ မ/၃၉နေ (ဘ)ဦးသောင်းစိန်၏သား ခွန်ကျော်စိန် ၁၃/ကတလ(နိုင်)၀၀၈၂၄၈နှင့် ခွန်ကျော်ခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ခွန်ကျော်စိန်(ခ)ခွန်ကျော်ခိုင်**

## အမည်ပြောင်း
တောင်ငူ ပညာရေးကောလိပ်၊ လေ့ကျင့်ရေးကျောင်း တတိယတန်း(ခ)မှ ဦးကြည်လွင်၏သား မောင်ရှင်းမာန်ဝင့်အား ယနေ့မှစ၍ မောင်ရှင်းခန့်လွင်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်
မြိတ်မြို့၊ အလက(၁၀)မြိတ်တောင် ဆဋ္ဌမတန်းမှ မောင်သူရိန်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးတင်မောင်လှ ဖြစ်ပါကြောင်း။
**ဦးတင်မောင်လှ ၁၁/မဥန(နိုင်)၀၈၂၁၆၆**

## အမည်ပြောင်း
တောင်ကြီးမြို့နယ်၊ တောင်နီ အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မည်ိုထွေးအား မကောင်းစောဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်
ရွှေကြာပင် အထက (၁၄) ဒုတိယတန်းမှ မောင်ပန်းဦးကို၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၈/နမန(နိုင်)၁၁၇၃၂၅ ဖြစ်ပါသည်။
**ဦးမြင့်ဦး**

## မိခင်အမည်မှန်
အလက(ယန်းလော)၊ သတ္တမတန်းမှ မောင်စိုင်းဆောင်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းကောင်တစ် ၁၃/ကတန(နိုင်)၀၈၅၀၀၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း
ညောင်ရွှေမြို့ အထက (၁)၊ အဋ္ဌမတန်း(က)မှ (ဘ)ဦးအောင်ရွှေလင်း၏သား မောင်ထန်းလုံးအား ယနေ့မှစ၍ မောင်ရဲထက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရဲထက်နိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း
လောင်းလုံးမြို့နယ်၊ အထက အောက်ရေဖြူ တက္ကသိုလ်ဝင်တန်းမှ မအိမ့်သူထိုက်၏ မိခင် ဒေါ်သန်းငွေးနှင့် ဒေါ်သန်းသန်းငွေး ၆/လလန(နိုင်)၀၆၀၅၀၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်သန်းငွေး (ခ) ဒေါ်သန်းသန်းငွေး**

## ဖခင်အမည်မှန်
တောင်ကြီးမြို့နယ်၊ တောင်နီ အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မကောင်းစော၏ ဖခင်အမည်မှန်မှာ ဦးမောင်ငဲ ၁၃/တကန(နိုင်)၂၄၁၃၅၂ ဖြစ်ပါကြောင်း။ **ဦးမောင်ငဲ**

## ပတ်စ်ပို့ပျောက်
ကျွန်မ မဆုနီယာ ၁/မကန(နိုင်)၁၇၅၂၇၃၏ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၅၀၄၆၀၆၆၈**

## ဖခင်အမည်မှန်
ညောင်ရွှေမြို့နယ်၊ ပုံ့မူကျေးရွာအုပ်စု၊ အလက(ခွဲ) ဟိုပုံး အဋ္ဌမတန်းမှ မောင်မျိုးမင်းထက်၊ ပဥ္စမတန်းမှ မခိုင်ဇင်သက်နှင့် တတိယတန်းမှ မမြတ်သီရိတို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၁၃/ညရန(နိုင်)၀၆၄၄၇၅ ဖြစ်ပါကြောင်း။ **ဦးတင်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း
ထားဝယ်ခရိုင်၊ ရေဖြူမြို့၊ (ဃ) ရပ်ကွက်နေ (ဘ)ဦးရဲမြင့်၏သမီး မလွင်နုနုခိုင်နှင့် မလွင်လွင်နုခိုင် ၆/ရဖန(နိုင်)၀၆၉၀၃၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မလွင်နုနုခိုင် (ခ) မလွင်လွင်နုခိုင်**

## အမည်ပြောင်း
ဦးအောင်ကြိုင် ၉/ကပတ(နိုင်)၀၀၁၈၁၉၏သမီး အမက(မူလွန်)ညောင်ပင်သာ၊ သတ္တမတန်းမှ မခင်သီတာဦးအား မခင်သီတာအောင်ဟု ပြောင်းလည်းခေါ်ပါရန်။
**မခင်သီတာအောင်**

## အမည်ပြောင်း
မြစ်ကြီးနားမြို့၊ အထက (၂)၊ သတ္တမတန်း(B)အောင်မှ မောင်ပြည့်စုံသန့်အား မောင်မြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း
ကျိုင်းတုံမြို့၊ ပြည်ငြိမ်းအေးအိမ်ရာနေ ဦးမြင့်ဇော်နှင့် ဒေါ်လှလှဝင်းတို့၏ သမီး မချစ်မြတ်နိုးဇော် ၁၃/ကတန(နိုင်)၁၇၀၉၂၂သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘနှစ်ပါး၏ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သည့်အပြင် မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
**ဦးမြင့်ဇော် ၇/တငန(နိုင်)၀၀၄၈၆၅**
**ဒေါ်လှလှဝင်း ၇/တငန(နိုင်)၀၀၃၄၆၂**

## မိဘအမည်မှန်
အလကခွဲ (မောင်းရမ်းကျောင်း) ဥတ္တရသီရိမြို့နယ် သတ္တမတန်းမှ မအိလဲ့မိုး၊ တတိယတန်းမှ မမေသက်ထွန်းတို့၏ မိဘအမည်မှန်မှာ ဦးစိုးဝင်းထွန်း ၉/ပမန(နိုင်)၂၀၄၈၀၆-ဒေါ်ဇင်မာလှိုင် ၉/ပမန(နိုင်)၂၂၀၇၄၈ တို့ဖြစ်ပါကြောင်း။
**ဦးစိုးဝင်းထွန်း-ဒေါ်ဇင်မာလှိုင်**

## အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၂ရပ်ကွက်၊ အနော်ရထာအိမ်ရာဝင်း၊ အိမ်အမှတ်(၇ဘီ) သုံးလွှာနေ (ဘ) ဦးမောင်ချော ၃/ဘအန(နိုင်)၁၈၀၉၅၇ (အမိ) ဒေါ်စုမသီး ၁၂/မဂဒ(နိုင်)၀၉၇၆၈၃တို့၏သမီး အထက(၄) ကမာရွတ် အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မသွန်းသစ္စာချောအား မသရဖူလင်းလက်ဟု အမည်ပြောင်းလဲခေါ်ဆိုပေးပါရန်။ **မသရဖူလင်းလက်**

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်
ဝိုင်းမော်မြို့၊ အထက (၂)၊ ဆဋ္ဌမတန်း (D)အောင်မှ မထက်ထက်လင်း၊ တတိယတန်းအောင်မှ မောင်ကျော်ဖြိုးဝေအား မောင်ရှိန်းကျော်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပြီး ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးအားလဲ ၁/ဝမန(ပြု)၀၀၀၀၉၈ ဖြစ်ပါသည်။








**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4K/6687၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9C/9077 Toyota Harrier ACUCO S/W (4x2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးသိဂ်ါ ၆/ကသန(နိုင်)၀၀၃၁၅၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့



အာရှဖလားတတိယအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်း

# မြန်မာ့လက်ရွေးစင်အသင်း စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲကစားမည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန် မေ ၃၁**

ဇွန် ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် မကာအိုအသင်းနှင့် အာရှဖလားတတိယအဆင့်ခြေစစ်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မကာအိုအသင်းနှင့် ခြေစစ်ပွဲအတွက် ဇွန် ၃ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာအသင်းသည် စင်ကာပူနိုင်ငံ၌ လေ့ကျင့်ရန် ဇွန် ၄ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ဇွန် ၆ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်း၊ ဇွန် ၉ ရက်တွင် စင်ကာပူထိပ်သီးကလပ် နီဂါတာအသင်းနှင့်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စင်ကာပူလက်ရွေးစင်အသင်း နည်းပြချုပ်၏တောင်းဆိုမှုကြောင့် ပရိသတ်မပါဘဲကွင်းပိတ်ကစားမည်ဖြစ်ပြီး နီဂါတာအသင်းနှင့်ပွဲကိုမူ စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များ အခမဲ့ကြည့်ရှုအားပေးခွင့်ရရှိမည်ဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၅* ✻

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

❍ ဂါရတ်ဘေးလ်သည် ဂျူဗင်တပ်စ်နှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲကစားရန် ကြံ့ခိုင်မှုအပြည့်အဝရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ သို့ပေမယ့် နည်းပြဇီဒန်းက ဗိုလ်လုပွဲတွင် အစားထိုးကစားသမားအဖြစ်သာ ရွေးချယ်အသုံးပြုနိုင်ကြောင်းလည်း ၎င်းက ဆိုသည်။ အဆိုပါကစားသမားသည် ဧပြီ ၂၃ ရက်က ဘာစီလိုနာကို ရှုံးနိမ့်ခဲ့သောပွဲတွင် ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

❍ လီဗာပူးအသင်းသည် ချယ်လ်ဆီးအသင်း၏ ဆယ်ကျော်သက်တိုက်စစ်မှူး ဒိုမီနစ် ဆိုလန်ကီကို စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အသက် ၁၉ နှစ်အရွယ်သာရှိသော ဆိုလန်ကီသည် ချယ်လ်ဆီးနှင့် ၎င်း၏ ပွဲဦးထွက်ပွဲကို ၂၀၁၄ ခုနှစ် ချန်ပီယံလိဂ်တွင် မာရီဘောကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲဖြစ်ကြောင်း သိရှိရသည်။ ထို့နောက် ၎င်းကို နယ်သာလန်ကလပ်သို့ အငှားချထားကြောင်း သိရသည်။

❍ ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား ဗီဒယ်သည် အာဆင်နယ် တိုက်စစ်မှူး ဆန်းချက်ဇ်ကို ဘိုင်ယန်သို့ လာရောက်ကစားရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။ အဆိုပါ တိုက်စစ်မှူးကို မန်စီးတီးနှင့် ချယ်လ်ဆီးတို့က စိတ်ဝင်စားလျက်ရှိသော်လည်း ဘိုင်ယန်သို့ပြောင်းရွှေ့ရန် ချိတ်ဆက်ခံထားရသူဖြစ်ကြောင်း သိရသည်။

❍ အာဆင်နယ်အသင်းသည် ဘယ်လ်ဂျီယံကလပ် အူပင်အသင်း၏ ဆယ်ကျော်သက်တိုက်စစ်ကစားသမား ဟင်နရီ အွန်ရီကူရူးကို ပေါင် ၆ ဒသမ ၈ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလ်လီးမေးလ်သတင်းတစ်ပုဒ်အရ သိရသည်။ အသက် ၁၉ နှစ်အရွယ်သာရှိနေသေးသည့် အဆိုပါကစားသမားသည် အူပင်အသင်းအတွက် ယခုနှစ်ရာသီတွင် ၂၄ ဂိုးသွင်းယူပေးထားပြီး ၁၄ ကြိမ်ဂိုးရရှိအောင် ထောက်ပံ့ပေးထားနိုင်ကြောင်း သိရသည်။ လက်ရှိတွင် ၎င်းသည် နိုင်ဂျီးရီးယားအသင်းနှင့်အတူ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ်ကစားရန် ရွေးချယ်ခံထားရသူဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်**

# ဂျပန်နိုင်ငံကူညီမှုဖြင့် ဒုတိယအကြိမ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရုံဝင်ကြေး (အခမဲ့ )ကျင်းပမည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**



ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်)

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဂျပန်နိုင်ငံ Manda အားဖြည့်အစားအစာကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ လာမည့် ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီတွင် ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများအတွက် ရုံဝင်ကြေး(အခမဲ့) ကျင်းပပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

"ဇွန် ၃ ရက်မှာ ကျင်းပမယ့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကတော့ ဂျပန်နိုင်ငံက ဒုတိယအကြိမ် ကူညီထောက်ပံ့တဲ့ပွဲပါ။ ရိုးရာလက်ဝှေ့ကို ဒီနှစ်အတွင်းမှာ ဂျပန်နိုင်ငံအနေနဲ့ အိမ်ရှင်အဖြစ် ကျင်းပတာတွေရှိသလို ဒီနိုင်ငံအထိပါ အခုလို ပွဲဖြစ်မြောက်ရေးအတွက် ကူညီထောက်ပံ့ပေးမှုမျိုးတွေ လုပ်လာပါတယ်။ ဒါတွေက ရိုးရာလက်ဝှေ့ရဲ့ တိုးတက်မှုလမ်းကြောင်းတွေပါ။ အခုလိုသူတို့ ကူညီထောက်ပံ့ပေးတဲ့ပွဲတွေမှာ အဓိကကတော့ မျိုးဆက်သစ်တွေကို ပွဲထုတ်ထားပါတယ်။ ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ပွဲစဉ်မပြတ်ဖို့နဲ့ မျိုးဆက်သစ်တွေကို ဝိတ်တန်းအလိုက် အဆင့်ဆင့်မွေးမြူနိုင်ဖို့က အဓိကအရေးကြီးပါတယ်။ ဒါကြောင့် မျိုးဆက်သစ်တွေကိုအခုလို ပွဲထုတ်နေတာဖြစ်ပါတယ်။ အခုဆိုရင် တချို့ဝိတ်တန်းတွေမှာ ခါးဆက်ပြတ်နေတာတွေရှိပါတယ်"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် သုံးချီပွဲရှစ်ပွဲ၊ လေးချီပွဲနှစ်ပွဲနှင့် ငါးချီအထူးစိန်ခေါ်ပွဲတစ်ပွဲ စုစုပေါင်းပွဲစဉ် ၁၁ ပွဲ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ သုံးချီစိန်ခေါ်ပွဲများတွင် ကြယ်စင်ထွန်း (အဖြူရောင်သွေးသစ်) နှင့် သိမ်းငှက်(ရိုးရာအားမာန်)၊ နဂါးနိုင်(ဇာတိမာန်)နှင့် ဒေါင်းသတ္တိ(ဒေါင်းမြန်မာ)၊ ဖိုးလပြည့် (ဒေါင်းမြန်မာ)နှင့် ဂျိုကာ (အဖြူရောင်သွေးသစ်)၊ ငြိမ်းချမ်း(နဂါးမာန်)နှင့် မင်းဇော်ဖြိုး (ဇာတိမာန်)၊ နိုင်အောင်မိုး(AMT)နှင့် စက်မှုကျော်ကြီး (ရိုးရာအားမာန်)၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆





ဟံသာဝတီသား (အဖြူရောင်သွေးသစ်)

